
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀ ၂၀၅၀၁ ၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၅၀၄၀၉
အဖုံးဒီဇိုင်း - သိန်းဇော်ကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ် နိုဝင်ဘာလ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
ရင်ဘတ်များကိုပြန်လည်ဖတ်ရှုခြင်း/နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉
၂၇၆ း စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရင်ဘတ်များကိုပြန်လည်ဖတ်ရှုခြင်း

## အခန်း (၁)

တစ်နာရီသာထိုင်သော ရုံးချိန်အတွင်းမှာ ဖုန်းတွေက တတူတူ နှင့် မြည်လို့မဆုံးနိုင်။

စီးပွားရေးအတွက်လည်း မြည်သည်။ လူမှုရေးအတွက်လည်း မြည်သည်။ တကယ့်ကို စိတ်ပျက်စရာကောင်းလွန်းပါသည်။

ဒါကြောင့်လည်း ဟိုကောင်တွေ မထိုင်ချင်တာ ထင်ပါရဲ့။

တူ တူ။

"ဘောစ်"

တွေးနေတာတောင် မဆုံးခင် ဖုန်းဝင်လာပြန်သည်။ နားတွေ တော့ ခုက္ခဖြစ်ပါပြီ။ ပဓာန စိတ်ပျက်စရာတွေးမိရင်း

"မင်း ဘာသာပဲ နားထောင်လိုက် မျိုးမမ"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်"

Secretary မိန်းမက သူ့စားပွဲမှ ခပ်သွက်သွက်ထလာပြီး သူ့စားပွဲပေါ်က ဖုန်းနံပါတ်လေးကို ကောက်ကိုင်လိုက်သည်။

"ဟဲလို မိုးထိပ်ပန် ကိုတယ်ကပါရှင်"

- -

"ရှင် ခြေခြ တုတ်ကဲ့ ဘောစ့်၊ ဘောစ့်နဲ့ပြောချင်လို့တဲ့"

"တောက် မင်းကိုမှာထားရက်နဲ့ကွာ ဒီမှာစိတ်ရှုပ်ခေါင်းကိုက်နေရတဲ့အထဲ၊ ပေး ပေး"

တင်းမာခက်ထန်သော မျက်နှာထားဖြင့် လှမ်းယူကာ နားမှာကပ်လိုက်သည်နှင့်

"ကိုကိုလားဟင်"

ချိုမြိန်လွန်းသော သံစဉ်၏အသံလာသာက နားထဲတန်းဝင်သည်။ ခေါင်းကိုက်နေတာတွေပျောက်ကာ နှုတ်ခမ်းတွေပါ ပြုံးဖြစ်သွား၏။

ကျန်တာတွေကို ဒေါသဖြစ်လို့ရပေမယ့် ကျေးငှက်ရှင်လေးကို စိတ်နှင့်တောင် မပြစ်မှားရဲ။

"ဟုတ်ပါ့ဗျာ ကဲ ဘာပြောမလဲပြော၊ အခုကယ်က ဘာပြောနိုင်းလို့လဲ"

"ဟွန့် မေးသံကိုက စိတ်မပါ လက်မပါနဲ့ ချေးထားတဲ့ငွေ





ပြန်ဆပ်ဖို့ သတိရရဲ့လား"

"ဘယ်လောက်လဲ"

"ကိုကိုနော်"

တစ်ဖက်မှခြေဆောင့်သံကြောင့် ပြုံးပြီးသား နှုတ်ခမ်းက အသံထိတ်ရယ်သွားခဲ့သည်။ ရယ်ရင်းမှသတိရမိသည်က တစ်နာရီမှာ နိုင်ငံခြားသားတစ်ယောက်နှင့်တွေ့ဖို့ရှိခြင်းပဲ ဖြစ်သည်။

တော်သေးတာပေါ့ သတိရလို့။

"ကိုကို"

"အဲ ပြော၊ ဘာလဲ ဒီမှာ မအားဘူး သံစဉ်ရဲ့ မြန်မြန်ပြောပြီး ဖုန်းချလိုက်နော်၊ တစ်နာရီထိုးတော့မယ် ဟိုကောင်လာမှ ဖုန်းပြန်ဆက်ကွာ နော်"

တနော်နော်နှင့် နှစ်သိမ့်နေတာကို ကြည့်ပြီး မိန်းမက တစ်ဖက်လှည့်ကာပြုံး၏။

ဒါကိုမြင်ဖြစ်အောင် မြင်သွားသော ပတန မျက်နှာကြီးနီရဲတင်းမာကာ ဒေါသကို ဖုန်းဆောင့်ချခြင်းဖြင့် ပေါက်ကွဲလိုက်သည်။

ဒါ သူကို သက်သက်လှောင်တာ။

တောက်။

နေရာတကာတိုင်း ဒေါသမဖြစ်တဲ့ မပြီးတတ်တာ အကျင့်ပါနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူဒေါသမဖြစ်ရဲတာ တစ်ယောက်ပဲရှိသည်။

ထိုတစ်ယောက်ဟာ ပါမောက္ခ ဒေါက်တာ ဦးသော်ဇင်ရဲ့သမီး သံစဉ်သာ ဖြစ်ပါသည်။

သူ့ထက် ၁၃နှစ်ခန့်ငယ်တာမို့ ကလေးသာသာပဲ ရှိပါသေးသည်။ သူက ၂၆ နှစ် သူမလေးက ၁၃နှစ်။

ဒါပေမဲ့ ကိုယ့်ထက်ကြီးသူတစ်ယောက်လိုပဲ တယုတယနှင့် ရှိသေနေရသည်။

ကျေးဇူးရှင်လေးကို။

သူကလေးကို အကြောင်းပြုပြီး သည်ဘဝရောက်ခဲ့ရတာမို့ အလေးမထားလို့မဖြစ်။ ကြောက်တာလည်းပါသည်။

"ဘော့စ်"

"ဘာလဲ"

"ဖို ညွှန့်သည်တစ်ယောက်နဲ့ချိန်းထားတာ ရှိသေးတယ်လေ အဲ့ဒါ"

ဆက်မပြောဘဲ ရပ်တန့်နေတော့ ပဒေါန မျက်မှောင်ကုတ်လိုက်မိသည်။

သူငယ်ချင်းတွေမို့ အချင်းချင်းကူညီသည့် သဘောမျိုးခန့်ထားခဲ့ပေမယ့် ကြာလေစိတ်ကုန်လေ။ အလကားနေ ပေါင်ဒါဖို့ ဖို့ပဲ





ငေးစားနေသော ဖွေးနေသည့် မျက်နှာက အချိုးမပြေ။

သူ့ကို တလေးတစား ဆက်ဆံတာလည်း မရှိ။

ဘော့စ်ဟု ခေါ်သံကပင် လှောင်နေတာ သိသာသည်။

ကိုယ့်ရဲ့ဇစ်မြစ်ကို သိနေခဲ့သူမို့ မလေးစားတာဖြစ်မည်။ ဒါကို တွေးမိတိုင်း ရင်ဘတ်ထဲက တဆစ်ဆစ်နာသည်။

ခံပြင်းစိတ်နှင့်အတူ အလုပ်ဖြုတ်ပစ်ဖို့ စိတ်ကူးမိတာ အခါခါ။

ဒါပေမဲ့ ဒါပေမဲ့ ။ အဲ့ဒီတစ်ယောက်နောက်ကွယ်မှာ ကြိုးတစ်ချောင်းရှိနေသည်။

အဲ့ဒီကြိုးဟာ သူကြောက်ရသော သံစဉ်သာပဲဖြစ်လေသည်။

"သိတယ် ခုပဲ အဲ့ဒီကိုသွားမလို့ မင်းဟိုကောင်လာရင် သံစဉ့်ဆီဖုန်းခေါ်ဖို့ပြော"

"စိတ်ချ မမေ့စေရဘူး"

ပဒေါန လက်တစ်ဖက်က စားပွဲကို ခပ်ကြမ်းကြမ်း ရိုက်ကာ မိုးမကို စူးစူးရဲရဲကြည့်ရင်း

"မင်း စကားပြောတာ ဆင်ခြင်စမ်း မိုးမ၊ ဒါ စာသင်ခန်း မဟုတ်ဘူးနော်၊ ရုံးခန်း နောက်တစ်ခါဆိုရင်တော့ ငါညာမှာမဟုတ်ဘူး။ အလုပ်ဟာ အလုပ်နဲ့တူတာပဲ ကောင်းတယ်။ ပြောတာဆိုတာ ပေါ့ပေါ့ဆဲဆဲ ရွက် မနိုင်အောင် ဂရုစိုက်ပါ ဒါပဲပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



…မ မျက်နှာရဲခနဲဖြစ်သွားသည်။ ရဲမှည့်နေသော နှုတ်ခမ်း…ရှုး နှုတ်သီးလျက် မျက်စောင်းရွယ်၏။

ဒါတောင် ချက်ချင်းပဲ မျက်နှာထားပြောင်းကာ ညှိုးညှိုးငယ်ငယ်…လျက်

"ဆောရီး ဘော့စ်ရယ် တောင်းပန်ပါတယ်၊ သတိလက်လွတ်…ဖြစ်သွားတာနဲ့ ရိုင်းသလိုဖြစ်သွားတယ်၊ နောင်ကို ဒီလိုမဖြစ်စေရဘူးနော်"

ပြောရင်းကပဲ ရင်နှီးမှု အငွေ့အသက်တွေ လျှံထွက်လာသည်။

ဘယ်လိုပြောပြော ပြင်မသွားပါလား။

ဒါဆို ဒီထက်မက တင်းမာတတ်ဖို့ လိုလာပြီ။

တောက်။

ငွေရှိလာရင်တောင် စိတ်ထင်သလို အဆင်မပြေပါလား။

■ ■ ■



## အခန်း (၂)

သုံးယောက်ဆုံမိတော့ လူငယ်တွေပီပီ အချစ်အကြောင်း ဆွေးနွေးမိကြသည်။ သုံးယောက်ဆိုပေမယ့် ထုံးစံအတိုင်း ပဓာနက နားထောင်ရုံသက်သက်သာ။

ဒါပေမဲ့ သူနားထောင်နေပုံက တရားခံဖြောင့်ချက်ပေးတာကို တရားသူကြီး နားထောင်နေသလိုမျိုး။ မျက်မှောင်ကုတ်လျက် နှုတ်ခမ်းတွေက တင်းတင်းစေ့ထား၏။

ကျန်နှစ်ယောက်က သက်တောင့်သက်သာ ထိုင်နေပေမယ့် သူက ခါးဆန့်ကာ ကိုယ်မတ်ထားသည်။ အမြဲတမ်း စမတ်ကျအောင် နေတတ်တာလည်း အကျင့်ဖြစ်နေပြီ။

"ငါ့စိတ်ကို ငါနားမလည်တော့ဘူးကွာ ပထမရည်းစားတုန်းက



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်နဲ့လိုက်လို့ရခဲ့တာမို့ အလွယ်တကူကွဲသွားတာထားပါတော့ အဲ့ဒီတုန်းက ငါက ခက်ခက်ခဲခဲပိုးပန်းထားရမှ တကယ်ချစ်မှာလို့ ကျန်းသေတွက်မိတာနဲ့ နောက်တစ်ယောက်ထပ်ရှာတာကွာ"

"အဲ့ဒီတော့"

"ဟိုဘက်လမ်းက တဏှာစိတွေအများကြီးထောင်ထားတဲ့ ဦးတင့်လွင်ရဲ့သမီးလေး မြနန်းလွင်ဆိုတာ သိလား"

"အေး"

"အဲ့ဒီတစ်ယောက်က မာနကခပ်ကြီးကြီး ဆိုတော့ ငါ တော်တော်ကလေး ဇွဲကောင်းမှ ပြန်စာရတာ၊ ဖြလလောက်ကို ကြာသွားတာလေ၊ သူ့အချစ်ကိုရတော့ ငါကွဆိုပြီးတော့ကို ထခုန်ခဲ့တာ မှတ်မိလား"

"အင်း"

"ဒါပေမဲ့ အဲ့ဒီအပျော်က (၅)ရက်လောက်ပဲ ခံတယ်ကွာ၊ ကြာတော့ငြီးငွေ့လာပြန်ရော၊ သူများတွေရဲ့ အချစ်က ဘယ်လိုပုံစံလဲ းတော့ မပြောတတ်ဘူး ငါ့စိတ်ကူးနဲ့ရွေးခဲ့သမျှ ရည်းစားတွေကို မင်းတို့ းလောက်မခင်တွယ်တာ ဘာကြောင့်လဲ၊ တချို့တွေ ပြောတော့ အချစ်က ာလောကလုံးကို စိန်ခေါ်ရတာဆို၊ တစ်ယောက်နဲ့တစ်ယောက် မဆုံ ည်းရလို့ အသည်းကွဲရတဲ့ ဇာတ်လမ်းတွေက ငါ့အတွက်ရယ်စရာဖြစ်





နေပြီ၊ သူတို့တတွေရဲ့ အချစ်မျိုး ငါချစ်ချင်တယ်ကွာ"

"အင်း"

ထိုအချိန်အထိ ပစာနနှင့် ဆန်းအေးတောက်ခံကြသေးသည်။ သို့သော်

"မင်းတို့သိတဲ့အတိုင်း ငါ့ရုပ်ရည်၊ ငါ့အဆင့်နဲ့ဘယ်မိန်းကလေးကိုကြိုက်၊ ကြိုက် သူတို့ကပြန်ကြိုက်မှာပဲ ၊ လုံးဝသေချာတယ်၊ အဲ့ဒီတော့ အချစ်စစ်ဆိုတာ ဘယ်တော့မှ ရပါ့မလဲ မသိဘူး"

"ခွေးကောင်"

"တောက် မိန်းကလေးတွေကြားရင် ရင်ဘတ်ဖိပြီး တက်သေကြမှာ၊ ငါ့မှာ နမရှိတယ်နော်၊ ဆင်ခြင်ပြော မင်းသတ်မှတ်တဲ့အထဲ ငါ့ညီမ မပါစေနဲ့"

"ဘနက ညီမဝမ်းကွဲကို တွန့်တိုရင်း စကားဝိုင်းထဲဝင်လာသည်။ ခဏ္ဍနကာစပြီး ပြောသမျှကို ဝေဖန်ပိုင်ခြင်ဆင်ရင်း ဇွဲထက်ငံကို ဆေ့စေ့စိုက်ကြည့်မိသည်။

သူ ဂုဏ်တင်သလိုပဲ သူ့ရုပ်က ချောမွေ့ပါ၏။

ဒါပေမဲ့ ပါးချိုင့်တစ်ဖက်နှင့်မို့ မိန်းမဆန်ဆန်ချောခြင်းသာ။

ခင်စရာကောင်းပေမယ့် အဲ့ဒီလို ကြွားတတ်တာ၊ ကို အမြင်ကပ် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းညီမ မီးသွေးခဲကို ငါက သွားကြိုက်မတဲ့လား။ ကြာနှုတ်ခမ်းနဲ့ ခေါင်းမြီးတယ်၊ ခု ငါပြောနေတာက ချစ်တိုင်း၊ အချစ်စစ် ဖော့တ်တတ်တဲ့ သဘောကိုပြောပြနေတာကွ"

ညိုဝင်းသော ပဒုမ္မမျက်နှာ မည်းတက်သွားကာ ရှုရှုရှားရှား ဖြစ်လာလျက်။

"ဘာပြောတာလဲ ငါ့ မင်းနုနက စကားကိုပြန်ပြောစမ်း။ အဲ့ဒီ မီးသွေးခဲကို မင်းပဲရိုသဲ့သဲ့လုပ်ခဲ့တာလေး မေ့သွားပြီလား ဟိုက ပြန် မကြိုက်လို့ ရှိန်ပြီး တွန့်သွားတာများ"

ချက်ချင်းပဲ ချေပလိုက်မိသည်။

"ဟာ ငါက"

"တော်ကွာ မင်းတို့ကောင်တွေကလည်း ဘာမဟုတ်တာလေး နဲ့ဖြစ်ဦးမယ်"

စကားတွေ လွှန်လွှန်ကဲကဲဖြစ်မလာခင် ဆန်းအေးက ဝင်ထိန်း သည်။ သည်တော့မှ ပဒုမ္မစိတ်လျှော့ကာ နေရာမှပြန်ထိုင်လေသည်။

ဒါပေမဲ့ အသားညိုနေသူမို့ အမှတ်မထင်ပြောခဲ့တာလေးကို ဆတ်ဆတ်ခါနာချင်သည်။ တစ်ဝမ်းသာကွဲသော ညီမကို မီးသွေးခဲ လို့ ပြောတာ သူကိုနှိမ်တာနဲ့ မတူဘူးလား။

ရင်ထဲမှာ အကြိတ်အခဲလေးဖြစ်သွားရသည်။





ပဒုမ္မ အဲ့တကြိတ်ကြိတ်ဖြစ်နေခဲ့။

"ပဒုမ္မ"

ဆန်းအေးက ပဒုမ္မ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ရင်း

"မင်းရင်ထဲက အချစ်အကြောင်းကိုပြောဦးလေကွာ"

ခံစားချက်ကို လမ်းကြောင်းပြောင်းလဲပေး၏။

ပဒုမ္မက စိတ်ဆတ်သူမို့ အမှတ်အတေးထားမှာ ကြောက်နေ တာပဲဖြစ်သည်။

"ချစ်ကို မချစ်တတ်တာ ဘယ်လိုလုပ်ပြောတတ်မှာလဲ ဆန်းအေးရာ"

ကြားထဲက ဇဝင်ပြောတော့ ပဒုမ္မ မျက်နှာကြီး ညိုမှုပ်သွား တာ

"ဟော့ကောင် လှုပဲ အသက်ရှိရင် ချစ်တတ် ခင်တတ်တာပဲ ငါကသေနေလို့လား မချစ်တတ်ရအောင် စကားပြောတာ ကြည့်ပြော ကွာ ရည်းစားကို မထားချင်လို့ မထားတာ ကြိုက်မယ့်သူမရှိလို့ မဟုတ် ဘူး သဘောပေါက်ထား"

ဇမျက်နှာ ကွက်ကနဲပျက်ကာ ဆန်းအေးကိုကြည့်သည်။ မင်း ဝင်ပြောပေးပါဦး ဟူသည့်သဘော။

သူငယ်ချင်းတွေထဲမှာ ပဒုမ္မက ဒေါသအကြီးဆုံး။ အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေသေမယ့် စကားတစ်ခွန်း အမှားမခံ။ အမှားပါတာနဲ့ ရှုံးရုံဝုန်းဒိုင်း ထုပ်တာတာသည်။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အပင်ပန်းအခံဆုံး၊ အလုပ်နိုင်ဆုံးမို့လို့ ခင်စရာတော့ကောင်းပါ၏။

ကောင်းကွက်တွေရှာကာ သူ့ဘယ်လောက်ပဲ ဒေါသကြီးကြီး စိတ်ခုတာမျိုး မရှိဘဲ မေတ္တာမပျက်နိုင်ခဲ့။

ဇံနှင့်ယှဉ်လျှင် ပဓာနက အသားညှိုတာမို့ ချောပေမယ့် မပေါ်လွင်။ ပြီးတော့ ဒေါသကုမာရမို့ မစွံနိုင်။ ဇံကတော့ ရုပ်ကလေး နှင့်လိုက်အောင် အပြောအဆို သိမ်မွေ့ကာ ဒေါသဖြစ်ခဲသည်။

သည်းခံစိတ်ရှိပြီး သူငယ်ချင်းတွေအပေါ် သံယောဇဉ်ကြီးတာ ချင်းက ဆန်းအေးနှင့်တူသည်။

ထို့ကြောင့် ဆန်းမေးနှင့်ဇံက တွဲဘက်ညီကာ စကားများတာ မျိုးမရှိ။

ဒါပေမဲ့ ဇံက ပဓာနကို ပိုချစ်သည်။

ပဓာနကတော့ ဘာသိဘာသာပါပဲ။

"သူပြောတာ အဲ့ဒီသဘောမျိုး မဟုတ်ပါဘူး ပဓာနရာ ။ ...င်းကလည်း ဇံ မင်းစကားပြောရင် သူ့ကိုမထိနိုက်နဲ့ အနေခေင့်အယုက် ...တ်လွှတ်ပြော၊ ဒီလို (၃)ယောက်ဆုံချိန်မှာ စကားကောင်းပြောကြကွာ"





ဆန်းအေးကြားဝင်မှ ပဓာနမျက်နှာကြောလျှော့ကာ ဇံကို မျက်စောင်းကြီး လှမ်းထိုးသည်။

ဇံက ရယ်ကျဲကျဲလုပ်ရင်း

"ဒါနဲ့ မင်းခုနကပြောတယ်နော်၊ မင်းညီမက ငါ့ကိုပြန်မချစ် ဘူးဆိုတာ"

"မဟုတ်လို့လား"

"မင်း စောင့်ကြည့်လေ ပြီးမှ ငါ့ညီမ အသည်းကွဲအောင် မလုပ်ပါနဲ့လို့ မတောင်းပန်နဲ့၊ ငါက အားနာလို့ ချစ်ခွင့်မပန်တာ၊ ဖွဲ့ရှိ ရင် မဖြစ်ဘူးဆိုတာ မရှိဘူး မင်းသိတဲ့အတိုင်းပဲ ဟဲ ဟဲ ငါက တပတ်တစ်ယောက်တွဲနေကျဆိုတော့"

"တော်ကွာ အူယားအောင်မပြောနဲ့"

"ပဓာန ဘယ်လဲ နေဦးလေကွာ ဒီမှာ ဆွေးနွေးပွဲက မပြီး သေးဘူး"

ပဓာန ကျောခိုင်းရာကနေ လှည့်မကြည့်ဘဲ ခေါင်းခါပြလိုက် သည်။

ဆက်လက်၍ ထိုင်နေပါက မကောင်းနိုင်သူတွေ ရန်ထဖြစ်ကြ ရည်။ ယောကျ်ားတွေမို့ သူတပြန်ကိုယ်တပြန် ခေါ်ရင်း အဆုံးသတ် နိုင်မှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သတင်းက ဒေါက်တာဦးသော်ဇင်နားထဲရောက်လျှက် အခြေအနေတွေ ပြောင်းလဲသွားနိုင်သည်။

အကြောင်းမှာ ဇံက ဒေါက်တာဦးသော်ဇင်ရဲ့တူအရင်းဖြစ်နေ၍ ပါး ထိုကြောင့် ဆင်ခြင်နိုင်ရမည်။

ပဓာနကျောခိုင်းသွားတော့ ဆန်းဒေးက သက်ပြင်းချပြီး

"သူက အထိမခံဘူးကွ မာနကြီးတယ် မင်းနည်းနည်းပါးပါး ဆင်ခြင်ဦး"

"ငါက ခင်လို့ပါကွာ ဘာသဘောမှ မပါပါဘူး"

"သူကဘဝသမားလေ စကားတစ်လုံးပြောရင် ဆယ်လုံးမှာ လောက်ချဲ့တွေးတတ်တယ်ကွ ဘာပဲဖြစ်ဖြစ် ရန်မများစေနဲ့ပေါ့ကွာ ထိန်းထိန်းသိမ်းသိမ်းပြော၊ မင်းကငါ့ထက်ပိုပြီး စကားပြောကောင်းပါတယ် မဆင်ခြင်နိုင်တာဘဲရှိတာ"

ဇံ မျက်နှာတွေခနဲဖြစ်ကာ ခေါင်းတခတ်ခတ်ညိတ်ရင်း

"အင်းလေ သူမကြိုက်တဲ့စကား မပြောမိအောင် ကြည့်ရှောင်ရမှာပေါ့"

အလျှော့ပေးကာ ကတိပေးသည်။

■ ■ ■



## အခန်း (၃)

ဇံတစ်ယောက်တည်း Espresso Bar မှာ ဂျာနယ်တစ်စောင်နှင့်အလုပ်ရှုပ်နေမိသည်။

ဂျာနယ်က Sports journal ။

ဘောလုံးပွဲကို ကိုယ်တိုင် ကန်ဖို့သာမက သူများတကာ ကစားတာကို အားပေးဖို့ အသေအလဲ ဝါသနာပါတာ ယယ်ယယ်ကတည်းကပါ။

အလောင်းအစားအလုပ်ပေမယ့် ဘယ်သူ့ဘယ်ဝါအကြောင်းကို စပ်စုရတာ အမော။ ဂိုးသွင်းဘုရင်တွေ ဘယ်သူနှင့်စေ့စပ်လက်ထပ်ပြီ ဆိုတာကိုလည်း စိတ်ဝင်စားမိ။

ပြီးတော့ ကစားသမားတွေရဲ့ dress style တွေ။



www.burmeseclassic.com

www.burmeseclassic.com



အားကစားဝတ်စုံတွေထက် အနောက်တိုင်းဝတ်စုံတွေကို စေ့စပ်စွာ ရွေးချယ်ပြီး ဝတ်ရတာကိုလည်း ခရေ့ဦးဖြစ်မိ၏။

“ငါက ရှိန်းထက်တောင် စတိုင်မိနေတယ်နော်၊ ဆံပင်ခိုလည်း အမြဲတမ်း ပေါ့ပေါ့ပါးပါးလေးနဲ့ကို ပုံမပျက်ဘဲ ကြည့်ကောင်းနေတာ။ မျက်နှာထားလည်း ဖြူဖြူကြည်ကြည်နဲ့၊ ပဓာနနဲ့ဆို တခြားစီပဲ”

သူနှင့်ပတ်သက်တဲ့ကောင်မလေးမှန်သမျှ အဲ့ဒီအတိုင်း ချီးကျူးခဲ့ကြတာဖြစ်သည်။

ချီးကျူးတိုင်း သူမှာ မျက်နှာပွင့်ခဲ့ရသည်။

ပဓာနသာ ပြန်ကြားသွားလျှင် မလွယ်။

အမြဲတမ်း သူတို့နှစ်ယောက်ကိုယှဉ်ပြီး ချီးမွမ်းကြ ဝေဖန်ကြတာကို သူမနှစ်မြို့ပေမယ့်

“လူတွေ ဘာပြောပြော မင်းမြောက်မသွားဖို့ပဲ အရေးကြီးတာ ငါ၊ အားလုံးထဲမှာ မင်းငွေအလျှံဆုံးဆိုတော့ မာနထားရင် ပိုမှန်းစရာကောင်းလိမ့်မယ်၊ မိဘမရှိတာချင်းတူတာမို့ တို့တတွေ လက်တွဲခဲ့တဲ့ သံယောဇဉ်က အတိုင်းအတာတစ်ခုထိ ခိုင်မြဲပါစေ၊ မလွဲသာလို့ အိမ်ထောင်ကျသွားရင်တော့ တစ်မျိုးပေါ့ ငါကတော့ ဒီအတိုင်း အပျိုအပင်ကင်းကင်း နေတာကို သဘောကျတယ်”

သူတို့ထက် တစ်နှစ်ကြီးသော ဆန်းဒေးက ဥပက္ခာပြုနိုင်းထား





၍ ငြိမ်နေရသည်။

ဆန်းဒေးဆိုလိုတာက ရှင်းသည်။ မိန်းမတွေ ကြားဝင်၍ အခင်အမင်မပျက်ပါစေနဲ့ဟုသည့် သဘော။ သူကလည်း သည်အပေါင်းအသင်းတွေကို ခင်မင်လွန်း၍ အလုပ်တွေလုပ်ခဲ့ခြင်းသာ။

“ဒီမှာယူ တို့ ဒီမှာ ထိုင်လို့ရမလား”

လေးလေးပင်ပင်နိုင်သော မြန်မာစကားကြောင့် ငဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ ခရောင်ကြီးတစ်ချောင်းအင်္ကျီနှင့် ဂျင်းဘောင်းဘီ အပြာနုကလေးဝတ်ထားသော မိန်းကလေးတစ်ယောက်။

လာလိုက်တဲ့ မိန်းကလေးပါလား။

ရင်ထဲမှာ ဟာခနဲ ဖြစ်ကာ စိတ်ထဲက ချီးကျူးလိုက်မိသည်။

ကြိုးတစ်ချောင်းအင်္ကျီကြောင့် အမြင်ရိုင်းသလိုရှိပေမယ့် ဆံပင်ရှည်တွေက နက်မှောင်၍ တင့်တယ်ပြန်သည်။

ပါးမို့ကလေးတွေက နီမြန်းကာ မျက်ဝန်းတွေက ပြာလဲ့လဲ့ဖြစ်နေခဲ့သည်။ ကာလာမဲ့သော မျက်နှာသည် ပန်းရောင်ဖြစ်နေပုံက လူမျိုးခြားနှင့်တူလျက်ရှိသည်။

ဒါပေမဲ့ နှမတ်နေသော မျက်နှာပြင်က ထိုအချက်ကို ငြင်းဆန်နေပြန်၏။

သူတွေ့ဖူးသမျှ မိန်းမလှလေးတွေထဲမှာ သည်တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အလှဆုံးပါပဲ။

"ရတယ်လေ ထိုင်နိုင်တာပေါ့"

နတ်မိမယ်လေးက လှစ်ခနဲပြုံးကာ သူနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။

"တစ်ယောက်တည်း မထိုင်ချင်လို့ ရှင့်ဝိုင်းမှာဝင်ထိုင်တာ၊ ရှင့်စိတ်ထဲ တစ်မျိုးထင်မနေနဲ့ဦး"

အငေးမပျက်ရှိနေသော သူ့ကို မျက်မှောင်ကုတ်ကြည့်လျက် ပြောလာမှ ရုက်ဖို့သတိရ၏။

"မင်း ကော်ဖီ မှာမလို့လား"

"ဟင့်အင်း မသောက်ချင်ဘူး။ အဲ မှာလိုက်ပါ ဒီအတိုင်း ထိုင်စောင့်နေတော့လည်း ဘယ်ကောင်းမလဲ၊ ချိန်းထားတဲ့ တစ်ယောက်က ကြာဦးမှာလားမသိဘူး"

"တို့ပါကူစောင့်ပေးမယ်"

ဂျာနယ်ကို စားပွဲပေါ်ချကာ ခပ်ပြုံးပြုံးပြောရင်း ကော်ဖီမှာပေးလိုက်သည်။ ပြီးတော့မှ သူမကို စေ့စေ့ကြည့်ကာ သိချင်တာမေးမိသည်။

"မိတ်ဖွဲ့ရအောင်ကွာ တို့နာမည်က ဋ္ဌထက်ဝံ၊ မိုးထိပ်ပန် ဟိုတယ်ပိုင်ရှင်တစ်ယောက်ပဲ ကြွားတာမဟုတ်ဘူးနော် ဒါပေမဲ့ ဟိုတယ်က သုံးယောက်စပ်တူပိုင်တာပါ။ တို့က ဝင်ဒါမီယာမှာ နေတာလေ၊





မင်းကကောဟင် အပယ်မကြီးရင် အမှန်အတိုင်းပြောစေချင်တယ်"

နတ်မိမယ်လေးက ချက်ချင်းမဖြေသေးဘဲ သူ့ကိုငေးစိုက်ကြည့်နေသေး၏။ ခဏကြာမှ နှုတ်ခမ်းထောင့်စွန်းက မဲ့ကျသွားခဲ့ပြီး ပြုံးသလို ရှိလာသည်။

"ရှင်က တော်တော်သွက်တာပဲ တို့မိတ်ဆွေနဲ့ကွာတယ် လူမျိုးချင်းတူတာတောင် ဆက်ဆံပုံချင်းကကွာတယ်နော် တို့မိတ်ဆွေလည်း မြန်မာစစ်စစ်ပဲ၊ ယူလိုမဟုတ်ဘူး"

"ဩော် မင်းက နိုင်ငံခြားသူလား။ ဘာလူမျိုးလဲ"

"မသိဘူး"

"ဟင်"

"ဟုတ်တယ် တို့က ငယ်ငယ်ကတည်းက ဂျပန်မှာနေခဲ့တာ တို့ကမွေးစားမိဘတွေနဲ့ နေတာလေ သူတို့က ဂျပန်တွေ ဒါပေမဲ့ မြန်မာလူမျိုးတွေလိုပဲ နေထိုင်ဝတ်စားကြတာ မြန်မာတွေရဲ့ ထုံးတမ်းအစဉ်အလာကို အတော်ကလေးနှစ်သက်ကြလို့ အိမ်မှာဆို မြန်မာလိုပဲ ပြောကြတာလေ၊ တို့ ငယ်ငယ်တုန်းက ဒီကို ခဏ ခဏလာကြတယ် ဘာကြောင့်လာတာလည်း ဆိုတာတော့ မပြောတတ်ဘူး"

"ခုကော တစ်ယောက်တည်းလာတာလား၊ ဟို ဟာ ချိန်ထိ နာမည်လည်း မပြောရသေးဘူး တို့က မင်းအကြောင်းထက် မင်းနာမည်



www.burmeseclassic.com

www.burmeseclassic.com



တို့ပဲ သိချင်တာ။

"ဒေဝစ္စရာ"

"ဘယ်လို"

"ဘာလဲ ယုဇနဲ့ပြနေသလား တို့ပြောတဲ့သားပဲ၊ မိဘတွေက ရှာနေတွေ့ပေးမယ့် မြန်မာနဲ့ပတ်သက်တာကို တရေးတယူရှိပါတယ်ဆို ဒါကြောင့် မြန်မာလိုပဲ မှည့်ထားတာ ဘယ့်နှယ်လဲ မလှဘူးလား"

"ဟား သိပ်လှတာပေါ့ ဒေဝစ္စရာရယ်၊ ရှားရှားပါးပါးနဲ့ကြားရ ခဲ့တာပဲ၊ လှူနဲ့လည်း လိုက်တယ်"

အားပါးတရ ချီးမွမ်းမိတော့ ဒေဝစ္စရာက နှုတ်ခမ်းမဖွင့်ဘဲ အသံထွက်ရယ်သည်။ နိုင်ငံခြားသူမို့ ရက်ကိုးရက်ကန်းဟန်တော့ မရှိ ပါပေမဲ့ သရုပ်ပျက်လောက်အောင် ရဲတင်းဝံ့စားတာမျိုးမတွေ့ရ။

သူစိမ်းတစ်ယောက်ကို တခဏချင်း ရင်းနှီးခင်မင်စွာ ပြောဆို ဆက်ဆံတတ်သည့် ဖော်ရွေမှုလည်း ရှိသည်။

လူမျိုးခြားတစ်ယောက်မို့ ဒါက မထူးဆန်းပါ။

"စောင့်နေရတာ နာရီဝက်လောက်ရှိပြီ မလာတော့ဘူးထင် တယ်"

မိန်းမပတ် ပလက်တီနမ် နာရီသေးသေးလေးကို ငုံ့ကြည့်ရင်း ညည်းညူတော့ ဝံလှုပ်လှုပ်ရှားရှားဖြစ်သွားၿပီ။





မပြန်ခင် လိပ်စာမေးဦးမှ။

"ဒေဝစ္စရာက ဘယ်ဟိုတယ်မှာ တည်းတာလဲဟင်"

"ဘာကိစ္စရှိလို့လဲ"

"သိချင်လို့ပါ"

"အကြောင်းမရှိတော့ဘူးထင်တယ် ဆောရီးပဲ တို့ပြောဖို့ ဆန္ဒ မရှိဘူး တို့လာတဲ့ခဏမှာ အပေါင်းအသင်းထားဖို့ ဆန္ဒမရှိတာ အမှန်ပဲ၊ ပြန်သွားရင် သတိရနေမှာကြောက်တယ်"

ယတိပြတ်ငြင်းချလိုက်တော့ ဝံငိုင်ကျသွားသည်။ ပြတ်သား လိုက်တာဟု တွေးရင်း ရင်ထဲမှာ ဟာတာတာဖြစ်လျက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

Esspresso Bar ထဲ လှမ်းဝင်လိုက်တော့ မျက်လုံးက အားလုံးကို ဝေ့ကြည့်ပြီးသား။

ထိုအခါမှာ အားလုံးထဲမှာ ထင်းခနဲပေါ်လွင်နေသော စုံတွဲတစ်တွဲကို သတိထားမိသွား၏။

ကြည့်စမ်း မီကောင် စုံတွဲခုတ်ပြန်ပြီ။

နိုပြာရောင်တီရှပ်နှင့် လိုက်ဖက်လွန်းသော ဇံကို အားကျစွာ ကြည့်ရင်း ခြေလှမ်းတွေကို သူတို့ထံ ဦးတည်လိုက်သည်။

သူက မျက်နှာထိ မျက်နှာထားနှင့် နေတတ်သော ပဓာနထက် တလျှင် ဇံကို ပိုသံယောဇဉ်ရှိသည်။ ဇံက ပျော်တတ်တာကလွဲလျှင် ခင်စရာကောင်းပါသည်။





သူ့ရဲ့ဖော်ရွေလိုက်လှဲမှုက တရားလွန် စွဲစေခဲ့တာမို့ ရည်းစား များတာကို နားလည်ပေးလို့ရသည်။

ဒါပေမဲ့ သည်လိုမျက်နှာများနေ၍ ပဓာနရဲ့ ပြစ်တင်ရှုံ့ချ မှုကို မကြာခဏ , နားပူအောင် ကြားနေရသည်။ လက်မခံချင်ပေမယ့် မဝိတ်ပင်ရဲ။

ပဓာနပြောသမျှတွေက စေတနာတွေဖြစ်နေသည်လေ။

"ဟာ ဆန်းအေး မင်းစက်ရုံသွားမယ်ဆို၊ မသွားဘူးလား။ ပဓာန သိရင်ပြောဦးမယ်"

မလာစေချင်သော သဘောမို့ နားလည်စွာ ပြုံးလိုက်မိသည်။ သူ့ရည်းစားနဲ့ငြိသွားမှာ စိုးကြောက်၍ပဲဖြစ်မည်။

ဇံရယ် မင်းငါ့အကြောင်းသိလျက်နဲ့။

"အပြန်ဝင်လာတာပါကွာ မင်းကလည်း"

ပြောရင်း စားပွဲမှာဝင်ထိုင်လိုက်သည်။

"မုန်းကော ဆက်ပြီးငြိလား ပဓာန မှာထားတာလေ"

"ငြိးငြိ မင်းကဒီမှာ လာငြိမ်နေတယ်ပေါ့လေ ဟိုတယ်သွားပြီး ပြီလား"

ဇံမျက်နှာကွက်ခနဲပျက်ကာ မျက်နှာချိုသွေး၍ ပြုံးပြရင်း

"ဘယ်အချိန်သွား သွားရပါတယ်ကွာ၊ ပဓာနသိတာမှတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဟဲ ဟဲ မိုးမကို ဖုန်းလှမ်းဆက်လိုက်ရင် ပြီးတာပဲ"

"ရပါလိမ့်မယ် ပဓာနကို သူကရှိန်နေတာ၊ ဟိုတစ်နေ့က ဘာသွားပြောလဲမသိဘူး ပြောလို့လဲ မသိဘူး။ ပဓာနအသံကြားတာနဲ့ ဒိန်းဒိန်းတုန်နေပြီ"

"သူတို့ကလည်း ပဓာနမှ ကြောက်ကြတာ အဲဒါမှလည်း စည်းကမ်းလေးစားမှာ ကြောက်ပစေ"

ယောကျ်ားသားနှစ်ယောက်စကားပြောနေတာကို စုံစေ့စွာနားလည်ဖို့ ကြိုးစားရင်း ပဓာနဆိုတာကို သတိထားမိသွားသည်။

တစ်ယောက်တစ်လှည့်စီ ပြောနေသော စကားတွေထဲမှာ ပဓာန အမြဲပါသည်။

အဲ့ဒီလူရဲ့ အစွမ်းအစက ဒီလောက်တောင်ပဲလား။

ဒေဝစ္စရာရှေ့က ငံ ဆိုတဲ့ လူထက်တောင် ထက်မြက်နေသည်လား။

တခဏအတွင်းမှာ အနည်းငယ် စိတ်ဝင်စားသွား၏။ ဒါပေမဲ့ ဘာတစ်ခွန်းမှ မစပ်စုမိ။

"ငံ မင်းကောင်မလေးနဲ့ မိတ်ဆက်ပေးဦးလေ"

"ဟာ ဒီကောင် ၊ အားနာစရာတော့ ဖြစ်ကုန်ပါပြီ"

ဒေဝစ္စရာသည် မြန်မာစကားကို အတော်အသင့် ကျွမ်းနေတာ





မို့ ဆိုလိုတာကို နားလည်သွားလျက်

"ဒီမှာယူ ယူက ယုန်ထင် ကြောင်ထင်ဖြစ်အောင် လုပ်နေတာကိုး။ ဝင်လာကတည်းက ရှင်းပြထားရင်ပြီးပြီ ခု သူနားလည်အောင် ပြောပြလိုက်ပါ"

လေးတွဲ့သော မြန်မာစကားကြောင့် ဆန်းဒေးမျက်ခုံးတွေ ပင့်တက်သွားကာ

"ဟာ ဒါ"

"အေးလေ မင်းက အကျိုးအကြောင်းမှ မမေးဘဲ အထင်နဲ့ လျှောက်ပြောနေတာကိုး။ အဲ့ဒါ ဧည့်သည်ကွ၊ ဂျပန်က လာလည်တာ၊ ဒီမှာ သူ့မိတ်ဆွေကို လာစောင့်နေတာတဲ့"

"ဪ"

ဆန်းဒေးရှက်ကိုးရှက်ကန်း ပြုံးရင်း

"ဆောရီး အစကတည်းက ပြောပေါ့ကွာ၊ ဒါနဲ့ နာမည် ဘယ်လို ခေါ်လဲ"

"မင်းကလည်းကွာ စပ်စုပါ့၊ ဒေဝစ္စရာတဲ့"

"ဟော"

မြန်မာနာမည်မို့ ဆန်းဒေး အံ့သြသွားမိသည်။ ဂျပန်လူမျိုးဆို နာမည်တွေမှာ စံ ပါရမှာပေါ့။ ခုတော့ ဒေဝစ္စရာဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးပဲနော် ဂျပန်လူမျိုးဖြစ်ပြီး ဒေဝစ္စရာဖြစ်ရတယ်လို့ ခြေသံ ဒါက (Nick name ) ထင်တယ်"

ဒေဝစ္စရာက စူးစူးကြည့်ပြီး ခေါင်းခါသည်။

"မဟုတ်ပါဘူး နာမည်အရင်းပါ ကဲ နှစ်ယောက်စလုံး တို့ကို ခွင့်ပြုပါဦး ချိန်းထားတာထက် ၁၅ မိနစ်တောင် စွန်းနေပြီ လာတော့မှာ မဟုတ်တာ သေချာပြီ အခုလို မပျင်းအောင် စကားစည်ခဲ့ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့ ဇံက ဟင်းခနဲ သက်ပြင်းချိုက်၏။ ရင်ထဲမှာ လွမ်းမောသွားတာ သူ့ဘာသာ အသိဆုံး။

"မြန်မာစကားကတော့ ရေရေလည် ကျွမ်းတယ်နော် ဩချလောက်တယ်"

ဆန်းဒေးချိုကျူးကော့ ဇံ ခေါင်းညိတ်ထောက်ခံရင်း။

"ဟုတ်တယ်ကွ ဂျပန်ကောဟုတ်ရဲ့လား မသိဘူး။ မြန်မာနဲ့လည်း ဆင်နေတယ်"

"ဂျပန်ဆို"

"သူပြောတာလေ"

"စကားပြောတဲ့ လေသံကတော့ ဟုတ်မယ်ကွ ဒါပေမဲ့ မျက်နှာကတို့ လူမျိုးတွေလိုပဲ နုနုဖတ်ဖတ်နဲ့ချောနေတာ၊ လူမျိုးခြားလို့





ထင်ရက်စရာ မရှိဘူးနော်"

တာသဘောလေသံမျိုးကြောင့် ဇံမျက်ခုံးတွေကြုံ့ဝင်သွားကာ စူးစမ်းသလို ကြည့်မိသည်။

"ဆန်းဒေး မင်းနိုက်သွားတာလား"

သံသယနှင့်တွန့်တိုစွာ မေးလိုက်၏။

"အံမာ မေးတာကြည့်ပေး မင်းလိုမျှားအောက်မေ့နေလား ငါက ရှယ်ကြီးလုပ်မှာကွ"

ဇံ မျက်နှာပြုံးစိစိဖြစ်သွားကာ

"သာရေစွာ ခုတစ်ခါတည်း ဘုန်းကြီးဝတ်လိုက်ပါလား သင်္ကန်း ငါခံမယ်"

"ခွေးကောင် မင်းဟိုတယ်ကို အပိုင်စီးချင်တိုင်း"

"ဟော့ကောင် တိုးတိုး ပစ္စာန ကြားသွားဦးမယ်"

"ဒါတော့ ကြောက်တယ်"

ဆန်းဒေး မျက်စောင်းကြီးထိုးတော့ ဇံခပ်အုပ်အုပ်ရယ်လို့ နေခဲ့တော့။ ခဏချိန်ထိတော့ သူတို့ (၃)ယောက်ရဲ့ ဘဝဟာ ပျော်စရာကောင်းခဲ့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ပလာဇာတွေ တစ်ခုပြီးတစ်ခု ထွက်လိုက်ဝင်လိုက် လုပ်နေတာမို့ ခြေထောက်ကညောင်းနေပြီ။ လူကလည်း စိတ်တိုလာ၍ မကြည်လင်ချင်တော့။

ဒါပေမဲ့ ပါးစပ်က[illegible]သံထွက်ပြီး မညည်းညူရဲ။

လက်ထဲမှာ ကိုင်ထားရတာတွေက လှမြင်မကောင်းတော့။ မြင်ကွင်းကလည်း လူရယ်စရာကောင်းနေသည်။

ရှေ့က ဆယ်ကျော်သက် မိန်းကလေးငယ်ကလေးကြော့ကြော့မော့မော့လေး ဝယ်ခြမ်းသမျှ မကြီးမငယ်နှင့်မနိုင်မနင်းလိုက်သယ်နေရသည်။

အဝတ်အစားသယ်ရတာက တော်သေးသည်။





ခုတော့ ကလေးငယ်အရပ်လောက်ရှိသည့် ဝက်ဝံရုပ်ကပဲ နှစ်ရုပ်ပါသည်။ တခြား တိုလီမိုလီ အရုပ်တွေကလည်း မနည်း။

ယောက်ျားလေးမဟုတ်ပါဘဲနှင့် သည်လောက်ကစားစရာမက်တာကို အံ့သြမိသည်။

အသက်ကလည်း အဲ့ဒီလို အဆော့မက်ရမည့် အရွယ်မဟုတ်တော့။

ဒါပေမဲ့ ကိုယ့်မှာ ဝေဖန်ခွင့်မရှိ၍ ရေငုံနှုတ်ပိတ်ကာ ဝတ္တရားအတိုင်း သယ်ပေးလိုက်၏။

"ကိုကို မောနေပြီလား"

"ဪ ဪ လှည့်မေးဖော်ရသေးတာပဲ"

"ဟီး ပြီးပါပြီ ကိုကိုရဲ့ ရှေ့ဆိုင်ဝင်ပြီးရင် ပြီးပြီ"

သူ့လက်မောင်းကို ခပ်ဖွဖွ လာဆုပ်ကိုင်ရင်း နှစ်သိမ့်သလိုပြောလာသည်။ အသက်(၁၃)နှစ်သာရှိသေးပေမယ့် လူကောင်ထွားတာမို့ အရပ်က သူ့ပခုံးကို မီလုနေပြီ။

ထို့ကြောင့် အသာလေး စောင်းငဲ့ရုံနှင့်မြင်နိုင်သည့် မျက်နှာကို ဖျတ်ခနဲကြည့်ရင်း

"တကယ်ပြောတာနော် ၊ ပြီးမှ စိတ်တစ်မျိုးမပြောင်းနဲ့၊ မျက်တော့မှာက အလုပ်တွေနဲ့ ခင်ဗျားလေးကို နောက်တစ်ခေါက် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးနိုင်မှာ မဟုတ်တော့ဘူး။ ဒီနေ့ ဝယ်စရာတွေ အကုန်ဝယ် ညကျမှ ကိုကိုရေ ဟိုဟာမေ့သွားလို့ ဒီဟာမေ့သွားလို့နဲ့ အကြောင်းပြ ပြီး ရှောင်ထွက်ဖို့ခေါ်ရင်တွေ့မယ်"

နှုတ်ခမ်းလှုပ်ရုံကြိမ်းတော့ ပန်းကလေးတွန့်ကာ နှာခေါင်းရှုံ့ရယ် ပြီး

"ဘယ်ပြောရမလဲ ဝယ်စရာက ခုစဉ်းစားမရပေမယ့် ညကျ ရင် ပေါ်လာရော။ တပတ်မှ တစ်ခါတည်းကို ကိုကိုရာ၊ တွက်မနေပါနဲ့ မရဘူး မနက်ဖြန်ကျရင် လိုက်ပို့ပေးရဦးမယ် ဒါပဲ"

"အားမကိုး"

"ဘာလို့မအားရမှာလဲ"

"ဟာ ကိုကိုက"

"အို မရဘူး မနက်ကိုဘယ်လိုပဲဖြစ်ဖြစ် လိုက်ပို့ရမယ် ဒါပဲ"

အားလုံးကို ဦးဆောင် ဆရာလုပ်နေကျ ပဓာနမှာ ဘယ်လို မှ ဒေါသမဖြစ်ရဲ။ ခေါင်းခါငြင်းဆန်ဖို့လည်း မရဲဘဲရှိနေ၏။

သူ့ သည်အခြင့်အတန်းနဲ့ နေထိုင်နိုင်အောင် သံစဉ်အကျအညီ ယူခဲ့ရတာမို့ ကျေးဇူးရှင်လို အရေးထားရသေးသည်။

"ဒီမှာ ယူတစ်ခုလောက် ကူညီပါ"

နောက်ပါးဆီမှ အနီးကပ်ပြောလာခြင်းကြောင့် ပဓာန ဆတ်ခနဲ





ဖြစ်ကာ လှည့်ကြည့်လိုက်မိသည်။

ဟင်း

သူတစ်ခါမှ မမြင်ဘူးသော မိန်းကလေးတစ်ဦး။

နှာတံချွန်ချွန်ကို လက်ဖဝါးဖြင့် အုပ်ကိုင်ထားကာ သူ့ကို ရှုမျက်ဝန်းပြာတွေက ငေးမောလျက်။

"ခင်ဗျား ကျွန်တော့်ကိုပြောတာလား"

"ဟုတ်တယ် ဒီနားမှာ လက်ကိုင်ပဝါရောင်းတဲ့ဆိုင်ရှိလား"

"ခင်ဗျား ဒီကမဟုတ်ဘူးလား"

စိတ်မကြည်မလင်ဖြစ်၍သော မေးလိုက်ရသည်။ ကြည့်ရုံနှင့် အမ္ဗာလှည့်ခရီးသည်ဟု သိလိုက်သည်။ ဒါမှမဟုတ်လျှင် သည့်ကို ရောက်လာလည်သူ နိုင်ငံခြားသူဖြစ်မည်။

စပို့ရှပ်အဖြူပေါ် ကုတ်ပန်းဆီရောင်တပ်ဝတ်ထားခဲ့ပြီး ဖူးဆစ် ထောက်သော ရှည်သည့် စကတ်အဖြူလွလွလေး ဝတ်ထားပုံက ရှင်သန် နေစေလျက်။ သိပ်မဆန်းပေမယ့် ကြည့်ကောင်းနေ၏။

ကုတ်အင်္ကျီရင်ဘတ်ပေါ်က နီရဲကြွရွနေသော ပန်းခက်ရင်ထိုး က ပတ္တမြားမှန်းသိသာကာ ။

တစ်စွန်းတစ်စမြင်နေသော ခါးပတ်က ပလက်တီနမ်နှင့် စိန် ရောထွေးပြီး ကြွယ်ဝမှုကို လှလှပပဖော်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးခြားဖြစ်ပေမယ့် အပြင်အဆင်မရှိုင်းတာက လူခြားနေ တာအမှန်။ ပြောင်လက်အိမ့်နေသော ဆံနွယ်တွေ ပခုံးကျော်အောင် ရှည်ကာ နက်မှောင်နေတာမို့ ချီးကျူးလိုက်မိသည်။

မဆိုးပါဘူး။

"အလည်လာတာပါရှင် တို့က Tour Gide မခေါ်တတ်တော့ အရေးကြီးရင် ခုကွရောက်တာပေါ့ ခု တို့ နားခေါင်းသွေးလျှံနေတယ် အဲ့ဒါ လက်ကိုင်ပုဝါတစ်ထည်လိုအပ်နေလို့"

"ဟင်".

ခုမှပဲ နားခေါင်းကိုလက်နှင့် အုပ်ကာထားရခြင်းအကြောင်း တရားကို နားလည်သွားရသည်။ ချက်ချင်းပဲ မြူးစွတ်စွတ် လက်ကိုင် ပုဝါကို ထုတ်ပေးလိုက်ပြီး

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး ခါးလေးတောင် မဆောင်ထား နိုင်တာ အံ့ဩတယ်ဗျာ ရော့ ကျွန်တော့် လက်ကိုင်ပုဝါကို ယူသုံးလိုက်"

အပြစ်တင်ခြင်းနှင့်ကူညီခြင်းကို တစ်ဆက်တည်း လုပ်ဆောင် လိုက်သည်။ မိန်းမလှလေးက ကျေးဇူးတင်စွာကြည့်ရင်း သူ့ဝတ်မှာရှိ လျက် (ခုမှပဲ အဆင်ပြေတော့တယ်) ကို

"Now, it's 0k" ဟု အင်္ဂလိပ်လို ခပ်တိုးတိုးရေရွတ်၏။ ပြီးတော့ ဦးညွှတ်အရိုအသေပြုကာ ကျေးဇူးတင်စကား ပြော၍





သွားနိုင်သွားသည်။

ထို မိန်းကလေးရဲ့ကျောပြင်ကိုငေးကြည့်ရင်း

"တော်တော် လှပ သိမ်မွေ့တဲ့ အမျိုးသမီးပဲ"

ဟု သံစဉ်က မှတ်ချက်ချ၏။

ပဓာနကတော့ ဘာမှမဝေဖန်။ ဆိတ်ဆိတ်သာ နေသည်။ ခဏ်မွှန်းတစ်စငြိတွယ်ခဲ့သော အလှအပကို တခဏအတွင်း ချေဖျက် ပြီးသွားနေလျက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တောက် ။ ဘာကောင်တွေလဲကွာ။

လမ်းသွယ်ကလေးမှာ ဝေါခနဲ ထိုးကွေ့လာသော ဆိုင်ကယ်တစ်စီးက ကားနှင့်ဝါးတစ်ပြန့်အကွာမှာ ကန့်လန့်ဖြတ်ရပ်သွား၏။ ပြီးတော့ နောက်တစ်စီးကလည်း ထို့အတူ ပိတ်ကာရပ်လိုက်လေသည်။

သည်ပုံစံက မိတ်ဆွေ ဘယ်လိုမှမဖြစ်နိုင်၊

ကားထိုးရပ်လိုက်တာမို့ ဒေါ်သက စတီယာရင်ပေါ်ကျရောက်ကာ ခပ်ပြင်းပြင်းတုချုပ်လိုက်မိသည်။

ကားပေါ်မှာ မတုန်မလှုပ်ထိုင်နေတော့ ဆိုင်ကယ်ပေါ်က ပုဂ္ဂိုလ်တစ်ယောက်က ဟဲလ်မက် ချွတ်ကာ

"ကားထဲက တစ်ယောက်ဆင်းခဲ့စမ်းပါ" သွားချင်းကြိတ်သံနှင့်





ပြော၏၊

ဇံ မျက်နှာပျက်ယွင်း ညှိုမှောင်သွားခဲ့သည်။

ဘယ်ရည်းစားရဲ့ အစ်ကိုမောင်ဘွားတွေလဲ။

ကြောက်တာမျိုး မဟုတ်ပေမယ့် ကာကွယ်သင့်တာမို့ ဒတ်ရှ်ဘုတ်ပေါ်က ဟန်းဖုန်းကို ကောက်ယူကာ

"ဟဲလို ပတေနလား ၊ ငါ (...) Restaurant နားမှာ အားမောင်းမရဘူးဖြစ်နေတယ်ကွာ ဟာ မင်းပဲလာခဲ့နော် အေး မြန်မြန်ထာ"

ဖုန်းပိတ်ပြီး ကားတံခါးဖွင့်ကာ ခပ်အေးအေး မျက်နှာဖြင့် ဆင်းလိုက်သည်။

"သူရဲဘောကြောင်ပြီး ဘယ်ကိုဖုန်းဆက်ခေါ်နေတာလဲ၊ ခင်သားရယ် မင်းကိုလက်ဖျားနဲ့တောင် မထိပါဘူး၊ စကားနည်းနည်းပါးပါး ပြောရုံပါပဲ"

ဂျင်းဂျတ်ကက်အနက်နှင့် ဆံရှည်ပုဂ္ဂိုလ်က ခပ်ရိရိပြောရင်း ရှေ့တိုးလာသည်။ ဇံကတော့ ရှေ့မတိုးနောက်မဆုတ်ဘဲ ရပ်နေကာ သူသုံးယောက်ရဲ့ မျက်နှာကို တစ်လှည့်စီကြည့်လျက်။

မှတ်မိသမျှ ရည်းစားတွေရဲ့ မျက်နှာက သည်ရုပ်ငွေ့နှင့် ဆစ်စက်ကလေးမှ မဆင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်စတယ်ဆိုရင် ဘာအတွက်လဲ။

နီစပ်စပ်မျက်နှာတွေကို အကဲခတ်ရင်း

"ပြောလေကွာ ငါအချိန်မရဘူး စက်ရုံသွားဖို့ ရှိတယ်"

"မင်းကို နည်းနည်းပဲ မေးမှာပါ၊ ဒါပေမဲ့ အမှန်အတိုင်းဖြေဖို့တော့ လိုလိမ့်မယ်"

"ဘာမေးမှာလဲ"

သုံးယောက်စလုံးသည် ကလေးကချေတွေနှင့် လုံးဝမတူဘဲ စတိုင်မိတာ ဝန်ခံရမည်။ ပြီးတော့ ကပြားရုပ်တွေမို့ စကားပြောတာ ဝဲချင်လျက် ထိမထင်တာလည်း ပေါ်လွင်နေ၏။

နှစ်ယောက်က ဆိုင်ကယ်ပေါ်မှပင် မဆင်းဘဲ ခွထိုင်လျက်နှင့် ဟဲလ်မက်တွေကို ပိုက်ထားခဲ့သည်။

ရန်မူမှာ မဟုတ်တာတော့ သေချာနေပြီ။

ဒါပေမဲ့ ရှုရှုတောက်ပသော မျက်ဝန်းတွေက တဖျပ်ဖျပ်လက်နေပုံက ကြောက်စရာကောင်းနေသည်။

"မင်းက မိုးထိပ်ပန်ဟိုတယ်ကနော်"

"ဟုတ်တယ်"

"အဲ့ဒီ ဟိုတယ်က ဘယ်နှစ်ယောက်ပိုင်တာလဲ"

"သုံးယောက်"





ရန်မများချင်၍သာ ဖြေနေရသည်။ ရင်ထဲမှာတော့ အောင့်နေပြီ။ တရားခံလို စစ်မေးတာကို သူ မုန်းပါသည်။ စိတ်ရှည်လက်ရှည် ချို့ မနည်းကြိုးစားနေရ၏။

"ဟုတ်ပြီ အဲ့ဒီ အထဲမှာ ဘယ်သူ့စကားက အထိရောက်ဆုံးဆဲ"

"ငါရဲ့ သူငယ်ချင်းတစ်ယောက်"

လူစိမ်းရဲ့ မျက်နှာက အလိုမကျစွာ ခက်ထန်တင်းမာလာခဲ့ပြီ

"နာမည် သိချင်တယ် မင်းလုံးဝ မလိမ်နဲ့နော် ဟိုတယ်ကိုထွက်သွားလာတဲ့ အကြိမ်အရေအတွက် အများဆုံးက မင်းပဲ ရှိတာ"

"မင်းတို့က ဒါသိဖို့ ဓိလောက်တောင် အရေးကြီးနေသလား ဆင်းတို့မေးတာ များနေပြီ"

"ဒါမေးရင် ဒါပဲဖြေပါ စကားအပိုမပြောနဲ့ ငါတို့ ခေါင်းရှုပ်မခံနိုင်ဘူး"

မျက်လုံးတွေ မေးကျဉ်းကာ မျက်မှောင်တစ်ချက်ကုတ်ရင်း ဆင်တင်စီးစီးပြောလာသည်။ ချောသလောက် ပျော့သော ဇံသည် ဒုဂလန့် မတိုက်တော့ဘဲ

"ပဓာန အရေးပါဆုံးပဲ သူက ငွေအနည်းဆုံးရှယ်ယာ ပါထား



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူကအဝတ်ရောက်ခဲ့လူ ကဲ ဓါးမပါဟုတ်လား မင်းတို့ လမ်းမယ်ပေးတော့"

"ပဓာန"

ထိုလူက ခပ်တိုးတိုးရေရွတ်ပြီး သူလူတွေကို လှည့်ကြည့်ကာ

"ပစ်မှတ်မှားသွားပြီ"

ဟု လေသံမှုလှမ်းပြော၏။

သူ့စကားကြောင့် ငံကျောချမ်းသွားမိသည်။ ပြောပုံက လန့်စရာပါပဲလား။

တီ။

ကားဟွန်းသံနှင့် ခပ်ကြမ်းကြမ်းချိုးကွေ့လာသော ကားနီလေးက ဆိုင်ကာယ်တွေနှင့် မလှမ်းမကမ်းမှာ ရပ်သွားခဲ့သည်။

ပဓာန လိုက်လာပြီဟု သိပေမယ့် ရင်ထဲမှာ ဗိုဇ် စိုးရိမ်လာမိသည်။ ဒီကောင်တွေပြောပုံ ဆိုပုံက ပဓာနနဲ့တွေ့လျှင် မလွယ်။

"ငံ ကား ဘာဖြစ်တာလဲ"

ထုံးစံအတိုင်း ပဓာနက သူနှင့်မဆိုင်တာကို မစပ်စုဘဲ ငံကိုသာ ဦးတည်လျက်မေး၏။

ဆံရှည်နှင့်လူက ပဓာနရောက်လာတော့ ခြေတစ်လှမ်းဆုတ်ကာ အခြေအနေကို အကဲခတ်နေသေးသည်။ ပြီးတော့မှ ငံ့အနား





လျှောက်လာကာ

"ဒီတစ်ခွန်းပဲ မေးတော့မယ် သူက မင်းပြောတဲ့ ပဓာနလား"

ပြောင်ပဲ မေးလေသည်။ ပြီးပြီးရောသဘောနှင့် ခေါင်းအညိတ်မှာ ပဓာနမျက်ခုံးတန်းတွေ ကြုံ့ဝင်သွားခဲ့ကာ

"သူတို့က ဘာတွေလဲ ငံ မင်းကားမောင်းမရှောင်းဆိုတာ ဘာကို ပြောတာလဲ"

စိတ်ရှုပ်ထွေးသည့်လေသံနှင့် ခပ်ဆတ်ဆတ်မေးလာသည်။

ငံ ခေါင်းကုတ်လိုက်ရင်း

"ငါတောင် မသိဘူး ပဓာန သူတို့က မင်းကိုမေးနေတယ် ဒီကားမောင်းမရတာလည်း အဲ့ဒါကြောင့်"

ပဓာန မျက်နှာမှာ ဇဝေဇဝါရိပ်တွေ ဖြတ်ပြေးကာ မျက်နှာချင်းဆိုင်ရပ်နေသူကို သေချာကြည့်မိသည်။ ထို့နောက် ငံကို ပြန်ကြည့်ကာ

"သူတို့ကို ငါမသိတာ အမှန်ပဲ မသိတာကို ခေါင်းရှုပ်ခံ စဉ်းစားနေ အချိန်မရှာ မင်းကားမောင်းထွက်လိုက်တော့ ငါနောက်ကလိုက်မယ်"

ခပ်ရှင့်ရှင့်ပဲပြောသည်။ အားမနာတတ်သော ပဓာနအကျင့်က အသုံးဝင်နေရာမှာ အသုံးဝင်သည်။ ငံကိုကားတံခါးဖွင့်ပေးကာ အထဲကို ဝင်ထိုင်စေပြီး သူကိုယ်တိုင်ပဲ တံခါးပိတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူကားထဲဝင်မည်အလုပ်

"ကိုယ့်လူ ခဏ"

ရပ်နေခဲ့သော လူစိမ်း လှုပ်လှုပ်ရှားရှား ဖြစ်လာကာ ပဓာန ပခုံးကို လှမ်းကိုင်ကာ ဟန့်တားၿပီ။ ပဓာနက ထိုလက်ကို အားရှိပါးရှိ ဆုပ်ကိုင်ကာ ကိုင်ပေါက်ပစ်လိုက်သည်။

"ဟိတ်"

"ဟာ"

ဒါပေမဲ့ ထင်သလို ဖြစ်မလာခဲ့ပါ။

ပိန်းပိန်းပက်စက် ပစ်ကျမသွားဘဲ ခြေနှစ်ချောင်းက ကတ္တရာလမ်းပေါ် အသာကလေး ကျလျက်။ ရပ်လျက်သား။

ရန်ခွသလို ဖြစ်သွားခဲ့ပေမယ့် ကျန်လူတွေက အေးအေးဆေး ငွာကြည့်နေခဲ့။ ခံလိုက်ရသည့် လူကလည်း မျက်နှာတစ်ချက်မပျက်။

"မင်းက ဒေါသကြီးပြီး စိတ်မြန်ပါလား။ အေးလေ ငါက စိတ်လောသွားတာကို။ ငါတို့ မင်းကို နောက်နေ့ကျရင် ဆက်သွယ်ဦးမယ် အဲ့ဒီအခါကျရင် မင်းတည်ငြိမ်နိုင်ပါစေ ငါတို့က မင်းအကျိုးရှိမယ့် စကား၊ပြောမှာပါ မင်းရှုးရှုးရှားရှား လုပ်ရင်တော့ ဒီလို သည်းခံမှာ မဟုတ်ဘူး ကဲ ခွင့် ငါတို့သွားမယ်"

ရွှေရောင်သမ်းသော ဆံပင်ရှည်တွေ တလွင့်လွင့်ဖြစ်အောင်





ထမ်းလျှောက်သွားဟန်က တကယ်ကြည့်ကောင်းသည်။ ပြီးတော့ ဆိုင်ကယ်ကို လွှားခနဲ ထိုင်လိုက်ပုံက မာန်ပါသည်။

ဒါကို ဒေးရှင်း အကဲခတ်ရင်း ဇတစ်ယောက် ကားစက်နှိုးဖို့ မေ့လျော့နေခဲ့သည်။

ဟိုတယ်ပိုင်တာချင်းတူတာတောင် ထိရောက်တဲ့လူမှ မွေးသိချင်နေတာ ဘာကြောင့်လဲ။

ကိုယ်ထိလက်ရောက် ဆက်ဆံတာကို မတုန်မလှုပ်ရှိနေတာက တော့

ရိုးမှရိုးကြရဲ့လား။

သံသယတွေ တနင့်တပိုး ဖြစ်လာပေမယ့် ပဓာနကို အပြစ်မတင်ရဲ။ ပြီးတော့ ပဓာနကိုယ်တိုင်ကလည်း ဘာတစ်ခုမှ သိပုံမပေါ်တာမို့ ငိုသားတာ တွက်လို့ရသည်။

ဒါပေမဲ့ နားမလည်တာတွေကို မေးကြည့်ဖို့ တေးထားလိုက်သည်။

"ဇ ဘာလုပ်နေတာလဲ မောင်းတော့လေ"

ပဓာန လှမ်းအော်မှ ကမန်းကတန်း ကားစက်နှိုးကာ နာရီဆိုင်းကြည့်မိသည်။

နေ့လည် (၁၁) နာရီတောင် ထိုးပါပေါ့လား။



www.burmeseclassic.com

www.burmeseclassic.com



၁၁ နာရီ ၁၀ မိနစ်မှာ meeting ရှိ၍ အချိန်မီပြေးရတော့မည်။

တောက် တော်တော်ရှုပ်တဲ့ လူတွေ။

■ ■ ■



## အခန်း (၇)

"ငါ့ကို ဘာမှလာမမေးနဲ့ ငါ၊ အလုပ်နဲ့ပတ်သက်ပြီး ကွယ်ဝှက်ထားတာ ဘာတစ်ခုမှမရှိဘူး ၊ ဟိုတယ်ကို ငါကိုင်ထားပေမယ့် ဝင်ငွေနဲ့ ဖြစ်ဆင်တဲ့ကုန်ကျစရိတ်ကို စာရင်းဇယားနဲ့ တင်ပြပြီးရှင်းတာ၊ အလုပ်နဲ့ပတ်သက်ပြီး သံသယမဝင်တာ ကောင်းတယ်"

ပဓာန အသံမာလာတော့ ဝမ်းကျိမ်းမျက်သွားဗြ။ ပျာပျာသလဲ ထောက်ကာရှင်း

"မဟုတ်တာကွာ ငါပြောတာ ဒီသဘောမဟုတ်ပါဘူး သူတို့ ဘာသဘောနဲ့ ချဉ်းကပ်သလဲဆိုတာ စဉ်းစားချင်လို့ပါ၊ မင်းကိုမယုံတဲ့ သဘော မဟုတ်ပါဘူးကွ၊ ဒီလိုကွာ ဟို သူကဟိုတယ်မှာအရေးပါဆုံး လူလို့မေးနေတာဆိုတော့ ငါတို့အတွေး တစ်မျိုးရောက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စကားကို လိမ်ပတ်လည်အောင်မပြောတတ်တော့ဘဲ စိတ်ရှုပ်စွာ ဆိုဟာပေါ်လှဲချလိုက်ရင်း

"ဆန်းဒေး ကော"

"စာကြည့်ခန်းထဲမှာ"

"သူလာမှ ကုန်ကြမ်းတွေ ကိစ္စပြောရဦးမယ် ဟူး သုံးယောက်ခွဲလုပ်တာတောင် အားရတာယ်လို့ကို မရှိဘူး။ အစကတည်းက မာမီ့စကား နားထောင်လိုက်ရင် ကောင်းသားနဲ့ ခုတော့ စိတ်မောလှမော"

ဝစကားလမ်းကြောင်းလွှဲသွားမှန်းသိကာ ပဓာန ခပ်မဲ့မဲ့ပြုံးမိသည်။ ဒီကောင့် အကျင့်က ဒီလိုပါပဲ။ ပြောချင်ရာစွတ်ပြော ပြီးရင်လွှန်သွားမှန်းသိတာနဲ့ လျှာခေါက်မတတ်တောင်းပန်။ ဒါမှမဟုတ် စကားလမ်းကြောင်းလွှဲပြီး မေ့ပျောက်စေတတ်သည်။

ငည်အကြောင်းပြောမိ၍ မဟုတ်တာကို အားနာပြီးခေါင်းညိတ်ဖို့ ရှင်းပြဖို့ မစဉ်းစား။ ကိုယ်မှန်တယ် ထင်လျှင် ခပ်တင်းတင်း နေလိုက်တာပဲ ဖြစ်သည်။

အချိန်တန်တော့လည်း ပြေလည်သွားတာပါပဲ။

ဒါပေမဲ့ မနေ့က ကိစ္စကိုတော့ ခေါင်းထဲမှာ ထည့်မိသည်။ ဘာတွေမှန်းမသိပေမယ့် စိတ်ဝင်စားစရာ ပုစ္ဆာတစ်ပုဒ်လို အဖြေရှာမိ၏။

ခုချိန်ထိ ထပ်မံ၍ ဆက်သွယ်မလာတာမို့ စိတ်ထဲ ဘဝင်မကျ





နိုင်။

"ပဓာန"

"ဘာလဲ"

"မင်းဆီကို ဟိုကောင်တွေ ဆက်သွယ်လာရင်ပြောကွာ"

"ဘာလုပ်မလို့လဲ"

"သူတို့ပြောတဲ့ စကားအသွားအလာတွေက သိပ်မဟန်ဘူးကွ၊ ဘာကြောင့်မှန်းမသိပေမယ့် ငါ မသင်္ကာဘူး ပဓာန၊ အန္တရာယ်တော့ ရှောင်ပြီလို့ ထင်တယ် ငါ့စိတ်တွေ လေးနေသလိုပဲ အင်း အဲ့ဒီ အန္တရာယ် တို့ တွေကို တကွဲတပြားစီမဖြစ်စေဖို့ ဆုတောင်းရတော့မှာပဲ ၊ ငါတို့အတူနေခဲ့တာ ဘယ်နှနှစ်ရှိပြီလဲ။

"(၂၀၀၅)ကဆိုတော့ (၂)နှစ်ကျော်ပြီပေါ့"

"အေး ဟုတ်မယ် သံစဉ်သာ ၁၀နှစ်ကျော်မှာ တို့တွေ ဖြစ်တာလေ"

"အင်း"

"အဲ့ဒီကောင်မလေးကို ဒီလထဲမှာ မွေးနေ့လက်ဆောင် ပေးရဦးမယ်နော်။ မင်းက ဘာကိုပေးမယ် စိတ်ကူးလဲ၊ လက်ဆောင်ကလည်း ဆယ်ရဘူးဆိုတော့ တော်တော်စဉ်းစားရခက်မှာ၊ ငါကလည်း ရည်းစား ဆောင် လက်ဆောင်ဝယ်ပေးဖူးတာမဟုတ်ဘူး သူကျမှပဲ ခေါင်းမူးပြီး

www.burmeseclassic.com



ခြေတိုအောင် အပင်ပန်းခံဝယ်ပေးနေရတာ"

စီးပွားရေးဘက်မှ လူမှုရေးဘက်ရောက်သွားတော့ ပမာန မျက်နှာ ကြည်လင်လာသည်။ အတူးသဖြင့် အရုပ်ကလေးလို ချစ်စရာ ကောင်းသည့် သံစဉ်အကြောင်းပြောတိုင်း ရင်ထဲမှာ နွေးသွားတတ်၏

သူမက သူ့ဘဝကို မြင့်မားအောင် လုပ်ဆောင်ကူညီပေးခဲ့သူ တသသ ချစ်မြတ်နိုးနေတာလည်း ပါသည်။

တစ်သက်လုံး အိမ်ထောင်မပြုဘဲ သံစဉ်ဆိုးနွဲ့သမျှ သည်း နိုင်ဖို့ ရည်ရွယ်ထားခဲ့သည်။ ထို့ကြောင့် ဇံလိုအချစ်နဲ့ပတ်သက်သမျှ ဘာမှ စိတ်မဝင်စားခဲ့တာပဲ ဖြစ်သည်။

"တစ်နှစ်မှတစ်ခါ ဝယ်ပေးရတာပဲကွာ ဝယ်ပေးလိုက်ပါ၊ သူက ကစားစရာတွေကို မက်မောနေတဲ့ ကောင်မလေးပဲကွ၊ ကစားစရာတွေ အရုပ်တွေက ပေါပေါပဲကွာ စဉ်းစားစရာတောင်မလိုဘူး။ ဩော် မေ့တော့ မလို့၊ ဒီအပတ်ထဲမှာ ခန်းဆီးတွေလဲရမယ်၊ ဆိုင်ကို မင်းသွားမလား ငါသွားမလား"

"ငါပဲ သွားပါ့မယ်"

"အေး ဒါဆိုရင် အနက်ကယ့်ဖို့လည်း ဝယ်ခဲ့၊ ဟိုကောင်မလေး က အိမ်ကို တန်ဆာဆင်ဖို့ တွေးတတ်မြင်တတ်မှာ မဟုတ်ဘူး။ ငါတို့ ပဲ အလိုက်တသိ ဝယ်ပေးရမှာ"





"အေးပါ"

"မင်းက ဘာပြုံးနေတာလဲ"

ပမာနက မျက်စိလျှင်သည်။ ဇံ လုစ်ခနဲ မချိုမချဉ်ပြုံးလိုက်တာကို မြင်ဖြစ်အောင် မြင်သွားသေးသည်။

ထို အပြုံးရဲ့နောက်ကွယ်မှာ ဘယ်လိုစကားလုံးတွေရှိနေတာကို ချက်ချင်းပဲ သိကာ

"ဟေ့ကောင် ပေါက်ကရတွေ လျှောက်မတွေးနဲ့ မင်းပရမ်းပတာတွေပြောရင် ငါသည်းခံမှာ မဟုတ်ဘူးနော် ၊ ကြိုပြောထားတာ"

"ဩော် ငါဘာပြောရသေးလို့လဲကွာ မင်းကွလည်း ဟဲ ဟဲ ပေသုံမလဲ ငြိမ်းခြောက်မနေပါနဲ့ ငါနားလည်ပါတယ်ကွ"

"ဟေ့ကောင် မင်းပြောနေရင်း တန်းလန်းတောင်"

"ဟာ ဟာ ဘာလုပ်တာလဲ ဟေ့ကောင် ပမာန မင်း နော်"

"မရဘူး မင်းနောက်ကို ဆင်ခြင်နိုင်အောင် ဆုံးမထားမှ ဖြစ်မယ်"

ပမာန လိုက်တော့ ဇံကရယ်မောရင်း ပြေးသည်။ ပမာန မျက်နှာကြီး နီရဲညိုပုပ်နေပေမယ့် မျက်ဝန်းတွေကတော့ ပြုံးရယ်နေ၏။

ဇံ အခန်းတံခါးကို သေလုမျောပါးအပွင့်မှာ လှသွားခနဲ ခုန်ပြေးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ရမလဲကွာ မင်းငါ့အကြောင်းသိရက်သားနဲ့ အသား အနာခံပြီး စတယ်၊ နောက်တစ်ခါ မစရဲအောင် ကဲ ကဲ”

အပေါ်စီးမှ ခေါင်းမထူနိုင်အောင် ဆက်တိုက်ထိုးချတော့ ဇံ အထိနာသွားသည်။ သို့သော် ဇံတစ်ယောက်ကကောင်းသွားပါ၏။

အပေါ်ထပ်မှ ဆင်းလာသော ခြေသံတစ်စုံကြောင့် ပဓာနက ချက်ချင်းလွှတ်လိုက်လေသည်။

“မင်း နော် ဒီတစ်ခါပဲ၊ နောက်ဆို ဒီကိစ္စနဲ့ ပတ်သက်ရင် မင်းကိုအသေလုပ်မယ် ၊ မှတ်ထား ပဓာနဆိုတဲ့ကောင်က စီးပွားရေး ပဲ ရှေ့တန်းတင်တာကွ”

■ ■ ■



## အခန်း (၈)

ရုံးခန်းထိုင်ဖို့ အလှည့်ကျလာတော့ ပဓာန(၄)နာရီထိုးတာနှင့် ဆိုတယ်ကို ကားမောင်းထွက်ခဲ့သည်။

သို့သော် ဟိုတယ်ရောက်ဖို့ ၁၀ မိနစ်အလိုမှာ ကားက ပြည်ပြည်းချင်း ရပ်တန့်သွားလေသည်။ ထိုအခါမှ ဆီမထည့်ခဲ့တာကို သတိရကာ ကိုယ့်ကိုကိုယ် ခေါသဖြစ်လို့ မခံ့တော့။

စတီယာရင်ကို ထုချလိုက်ရင်း အိတ်ကပ်ထဲက ဟန်းဖုန်းကို ထုတ်လိုက်သည်။

ထိုခဏမှာ သူ့ရဲ့ ရုပ်ရှင် ဘောကို မှန်အလုံပိတ်ကားအနက် တစ်စီး ထိုးစိုက်လာလေသည်။

ဖုန်းမခေါ်ဖြစ်သေးဘဲ အမှတ်တမဲ့ ငဲ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါး ဖျတ်ခနဲ ပွင့်သွားပြီးနောက် ဝတ်စုံအနက်နှင့် လူတစ်ယောက်ဆင်းလာသည်။ ငီညိုရောင် မျက်မှန်ကြောင့် မျက်နှာက မသဲကွဲတော့ပေမယ့် ရွှေရောင်ဆံနွယ်တို့က အသိဉာဏ်ကို လင်းလက်စေသည်။

ဟင် ဟိုတစ်နေ့ကလူပါလား။

"ဟဲလို မင်းနေကောင်းတယ်နော်၊ မင်းကားနံပါတ်ကို မှတ်မိလို့ နောက်ကလိုက်လာတာ။ ကားက ဘာဖြစ်လို့လဲ"

"ကျညီဖို့ တစ်ခုတည်းအတွက်နဲ့တော့ တကူးတကလိုက်ပေး မယ် မထင်ဘူး"

"အဟက် မင်းတော်ပါတယ်၊ ဟုတ်တယ် ငါက မဆိုင်တဲ့ကိစ္စအတွက် စိတ်မောနေရတဲ့ လူပေါ့ ကဲ မင်းကားမောင်း မရရင် ထားခဲ့ ငါ့ကားနဲ့လိုက်ခဲ့ပါ မင်းကိုပြောစရာရှိလို့ တစ်ယောက်တည်းထွက်လာမယ့် အချိန်ကို စောင့်နေရတာ ကြာပြီ ကဲ မင်း ဆင်းခဲ့တော့"

ပြောသမျှစကားတွေက လေးလေးပင်ပင်ရှိကာ မနည်းကြိုးစားပြီး ပြောနေတာပေါ်လွင်နေသည်။ ပုံစံတွေက သူ့ကို တော့ ပြန်ပေးမဆွဲလောက်ပါဘူးဟု တွေးလျက်။

"ကောင်းပြီလေ မင်းတို့အရေးတကြီးဖြစ်နေတဲ့ကိစ္စကို ငါသိ





ချင်သေးတယ်။ အဲ့ဒီအတွက် ဘာပဲဖြစ်ဖြစ် ငါလိုက်ခဲ့မယ်"

"အိုကေ ဒီလိုမှပေါ့ နေဦး မင်းကားအတွက် ငါ့လူတစ်ယောက် ထားခဲ့မယ် မင်းပြန်လာတဲ့အချိန်ကျရင် ဒီကားအကောင်းပကတိရှိနေ ရမယ်"

"ကားက ဆီကုန်သွားတာ"

"ဒါဆို အဆင်ပြေတာပေါ့ ငါ့ကားထဲမှာ ဆီအပိုပါတယ် ဟော့ ချာ့ သူ့ကားထဲ ဆီဖြည့်ပေးလိုက်စမ်း"

"ဟိုက် မစ္စတာ"

အသားနီစပ်စပ်နှင့် လူတစ်ယောက်ဆင်းလာကာ ရွှေရောင် ဆံပင်ရှည်နှင့်လူကို ဦးညွတ် အရိုအသေပြုၿပီး ပြီးတော့ ကားနက်ကြီး ရဲ့ နောက်ခန်းတံခါးကို သွားဖွင့်ပေးသည်။

"ဆီဖြည့်ရုံပဲ ဆိုပေမယ့် မင်းမစောင့်နဲ့တော့ ပဓာန၊ ငါ့ကားနဲ့ ပဲ လိုက်ခဲ့ မင်းကားကို ဂျက် မိုးထိပ်ပန် ရှေ့အရောက်ပို့ထားလိမ့်မယ်"

"ရပါတယ်"

ဘာကြောင့် အလွယ်တကူ လိုက်လျောနေမိသလဲ မသိ။ သူ့မှာ သည်လိုရှုပ်ရှုပ်ထွေးထွေးတွေကို စိတ်ဝင်တစားရှိခဲ့သည်။

ဒါပေမဲ့ တစ်ခါတလေတော့လည်း ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်လုလုကလေးကို ဖွဖွရှုရှုကလေး ကိုင်ထားခဲ့သော လက်ချောင်းတွေမှာ ပလက်တီနမ် ကြောင်ကွင်းတွေကမနည်း။ လက်ချောင်းတိုင်းမှာ ရှိနေတာမို့ ထိုလူအဆင့်ကိုမှန်းလို့ရသည်။

နီရဲနေသော လက်ဖဝါးစောင်းတွေကို ငေးနေရင်းမှ မျက်မှန်ချွတ်ထားခဲ့သော မျက်ဝန်းတွေထံ အကြည့်ရောက်၏။

ပြာလဲ့ရီဝေသော မျက်ဝန်းတွေက မျက်တောင်တို့ဖြင့် တင်းနေစေလျက် သူ့ကို တန်ပြန်ရူးစိုက်ကြည့်နေလေသည်။

"မင်းတို့ ကိစ္စကိုပြောတော့လေ ရောက်တာပဲ ၁၅ မိနစ်ရှိနေပြီ ငါက ၄နာရီခွဲကို အရောက်သွားရမှာကွ စည်းကမ်းမျက်လို့ မဖြစ်ဘူး ကျန်တဲ့ ကောင်တွေပြောလိမ့်မယ်"

"မင်းက ကိုယ်တာဝန်ယူရတဲ့အပိုင်းကို လေးစားတဲ့လူဆိုတော့ ငါပိုသဘောကျသွားပြီ ဒီမှာကြည့်စမ်း"

"ဘာလဲ"

အလှဓာတ်ပုံကလေးတစ်ပုံ စားပွဲပေါ်ရောက်လာသည်။ ပဓာန မျက်ခနဲ ကောက်ကြည့်လိုက်တော့

ရင်ထဲမှာ ဟာခနဲ။

"ဟင် ဒါ ဒါ"

ပဓာန အံ့ဩသွားတာကိုကြည့်ပြီး ထိုလူက မျက်မှောင်ကုတ်





ရင်း

"မင်းသိနေတယ်လား"

ဟု မနှစ်မြို့စွာမေးသည်။

ပဓာနက မျက်မှန်ဖြူကလေးတပ်ကာ လှလှပပကလေး ပြုံးနေခဲ့သော မျက်နှာတစ်ခုကို သေချာကြည့်၍ ခေါင်းခါသည်။

သည်အချိန်မှာ ညာသင့်ပါသည်။ အကြောင်းမှာ မင်းသိနေတယ်လား ဟူသော စကားအားလုံးကို ဆင်ခြင်စေခဲ့သည်။

ပဓာနက ဓာတ်ပုံကိုပြန်ပေးရင်း

"မသိဘူး သူဘယ်သူလဲ"

"ဓေဝရှာ တဲ့"

"ဟင် နာမည်က အဆန်းပါလား။ ဒါပေမဲ့ မြန်မာတော့ မဟုတ်ဘူး ထင်တယ်"

"ငယ်ငယ်ကတည်းက ဂျပန်မှာ နေခဲ့လို့ နည်းနည်းပါးပါး ပြောင်းလဲသွားတာမျိုးပါ။ သူက မြန်မာစစ်စစ်တစ်ယောက်ပဲ"

"ဪ"

"သူ့ကိုသေချာကြည့်စမ်း ဘာထူးခြားတာတွေလဲ"

"ခေတ်ရဲ့ပဲ ငါက စုံထောက်မှမဟုတ်တာ၊ ဘာကိုမှ ခေါင်းရှုပ်ခံ မစဉ်းစားနိုင်ဘူး။ မင်းပြောချင်တာကို ရှင်းရှင်းပဲပြောကွာ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့တူညီတာတော့"

"ဆူရက်ဂျို"

"ပြော"

"ငါက တရုတ်မြန်မာ ကပြားတစ်ယောက်လေ၊ မြန်မာလိုပြောလို့ရတယ်၊ လူမျိုးချင်း အတူတူမို့ ဒေဝရှာကို သံယောဇဉ်နဲ့မေတ္တာထားခဲ့ပေမယ့် သူက ငါ့ကို သံသယနဲ့ မကြည့်ဘူးလေ၊ အင်း သူ့မိဘတွေ ဆုံးသွားတော့ ပိုဆိုးသွားတာပေါ့၊ သူက ဂျပန်တက္ကသိုလ်တစ်ခုက ပါမောက္ခတစ်ယောက်ကွ ၊ ပညာရေးမှာ သိပ်ထူးချွန်ခဲ့တဲ့ မိန်းကလေးပဲ ဒါပေမဲ့ ဒီကိုလာခါနီးမှာ အက်ဆီးဒင့်တစ်ခုဖြစ်သွားတဲ့အပြင် သူ့မိဘတွေ ရုတ်တရက်သေဆုံးသွားတော့ ယဉ်ယဉ်ကလေး ရူးသွပ်တဲ့ သူဖြစ်သွားခဲ့တယ်"

"အင်း"

"အကောင်းအတိုင်း သွားလာလှုပ်ရှား ပြောဆိုနိုင်တာကလွဲရင် သူ့ရဲ့ ဦးနှောက်က နည်းနည်းပြောင်းလဲနေပြီ၊ စိတ်ကပုံမှန်မဟုတ်တော့ဘူး"

ရင်ထဲ၌ ငြိတွယ်မှု တစ်စွန်းတစ်စအတွက် စိတ်မကောင်းဖြစ်သွားရသည်။ သနားစရာပါလား။

"လိုရင်းကို ပြောပါ ဆူရက်ဂျို"





ဆူရက်ဂျိုက လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ် အသာအယာ ချလိုက်ပြီး

"သူက တစ်ယောက်တည်း ရှက်လွှင့်ချင်နေတဲ့ သဘောပဲ ဒါပေမဲ့ ငါက အဲ့ဒီအတိုင်းမမြင်ချင်ဘူး သူ့နောက်ကို တစ်ကောက်ကောက်လိုက်နေမိတယ်၊ အဲ့ဒီတော့ သူက ခါးခါးသီးသီး နဲ့ ဟိုတယ်တွေ တစ်ခုပြီးတစ်ခု ပြောင်းတည်းနေတော့တာ၊ ဟိုတယ်တွေ စုံနေပြီ မင်းရဲ့ မိုးထိပ်ပန် တစ်ခုပဲ ကျန်တော့တယ်"

"အဲ့ဒီတော့ ငါက"

ပမာန မျက်နှာမှ စိတ်ဝင်စားခြင်းများကို အကဲခတ်ပြီး ဆူရက်ဂျိုက ပြုံးသည်။

"ပြောမယ် ဒီတစ်ခါ ဘယ်ဟိုတယ်မှ မပြောင်းရအောင် ကြိုးစားချင်တယ်၊ အဲ့ဒီအတွက် ဟိုတယ်ရဲ့ အရေးပါခုံလှုလိုနေတာ၊ သူ အခု မင်းတို့ ဟိုတယ်က အခန်း နံပါတ်(. . .)မှာရောက်နေပြီ"

"ပြော"

ဘာကိုကူညီခိုင်းနေသလဲဆိုတာ ခန့်မှန်းထိ ပမာန နားမလည်နိုင်သေး။ ဒါပေမဲ့ အမြဲတမ်း စိတ်ကိုနေတတ်တာတွေက တဒင်္ဂမေ့လျော့နေတာဆန်းပါ၏။

ဘာကြောင့် ဆူရက်ဂျို ပြောသမျှကို ခေါင်းညိတ် နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်မိသလဲ မသိ။

"ခုချိန်ထိ မင်းသဘောမပေါက်သေးဘူးမဟုတ်လား ပဓာန ဒီလိုပါ သူ့ဒီဟိုတယ်ကနေ မပြောင်းအောင် စွဲဆောင်မှုတစ်ခုတစ်ခု လိုအပ်နေတယ်၊ ပြီးတော့ သူ့ဟိုတယ်ကို ဝင်ချိန် ထွက်ချိန် ငါသိချင်တယ်၊ သူက နေထိုင်ခွင့်ရက်မပြည့်မချင်း ဘာကြောင့်နဲ့မှ ပြန်မှာမဟုတ်ဘူး အဲ့ဒီရက်အတောအတွင်း သူ့ဝါ့လက်ထဲရောက်လာအောင် မင်းတတ်နိုင်ပါတယ်၊ ဒီလိုပြောလို့ တစ်မျိုးမထင်နဲ့ဦး သူက ငါ့ရဲ့ ဧနီးလောင်းဖြစ်နေလို့ပဲ"

ငါမကူညီနိုင်ဘူးဟု ခေါင်းခါချင်ပေမယ့် ကျောက်ရုပ်ကြီးလို ငြိမ်သက်နေမိသည်။ ဆူရက်ကျို ဘယ်လိုကြံစည်ထားသလဲဆိုတာ သိချင်မိသည်။

ပဓာန ဘဝမှာ စီးပွားရေးမဟုတ်တဲ့ သူများအကြောင်းကို ပထမဆုံးအချိန်ပေးပြီး နားထောင်ခဲ့တာဖြစ်သည်။

"ဒါဆိုလည်း သူပြောင်းတဲ့ ဟိုတယ်ကို မင်းပါလိုက်ပြောင်း ပြီးနေပေါ့ ဒါပဲရှိတာပဲ"

"မင်းကရိုးရိုးလေးပဲ တွေးတာကိုး သူက ငါ့အရိပ်မြင်တာနဲ့ လစ်လစ်ပါ ေ ာင် ပြေးတော့တာပဲ၊ ကဲ စကားတွေ ရှည်ရှည်ဝေးဝေး မပြောတော့ဘူးကွာ၊ မင်းကူညီပေးရမယ့် တာဝန်ကို ပြောမယ်၊ မင်းတို့





တယ်က မန်နေဂျာကို မှာထားပေးပါ သူ့အပြင်ထွက်တာနဲ့ မင်းကို ကြောင်းကြားလို့ အဲ့ဒီအခါကျရင် မင်းကငါ့ကိုတစ်ခေါင့် ဆက်သွယ် ပေးပါ ငါ့ဖုန်းနံပါတ်ပေးထားမယ်၊ ပြီးတော့ သူ့ဒီက မပြောင်းချင်တော့ အောင် ဟိုတယ်ကို ဒီထက်ပိုပြီး သာနားသပ်ရပ်အောင် ပြင်ဆင်မွမ်းမံ ပေးပါ အဲ့ဒီအတွက် ကုန်ကျစရိတ်ကို ငါတာဝန်ယူရှင်းမယ်၊ သူ့နဲ့ပတ် သက်သမျှ အားလုံး လိုလေသေးမရှိပါစေနဲ့ ပြီးတော့ နေ့လယ်ဘက် ဟိုတယ်မှာ ရှိတဲ့အချိန်ကို ငါ့ကို ဖုန်းဆက်ပြော၊ အဲ့ဒါတွေအားလုံးကို စီစဉ်တာဝန်ယူပါ ပဓာန"

"ကျွတ် ပြဿနာပဲ ၊ မင်းက အလုပ်လာရှုပ်တာကိုး၊ ဒီမယ် ရက်ကျို မင်းမှာ ဘယ်လိုအကြံအစည်တွေရှိနေတယ်ဆိုတာ ကြည့်ရုံနဲ့သိတယ်၊ ငါ့ဟိုတယ်မှာ ရှုပ်ရှုပ်ယှက်ယှက်တွေ အဖြစ် ခံနိုင်ဘူး။ တစ်ခုခုဖြစ်သွားရင် ငါမြောင်းထဲရောက်မှာ ၊ ငါက ာင်မလေးတစ်ယောက်ရဲ့ အရှိန်နဲ့ဒီအနေအထား ရလာတာ၊ ငါ လုပ်မှားတာ ဒီအသိုင်းအဝိုင်းက သည်းခံမှာမဟုတ်ဘူး"

ငြင်းမည်ဟု ထင်မထားခဲ့သော ဆူရက်ကျိုသည် ပဓာနကို စိုက်ကြည့်ပြီး အေးစက်စွာ ပြုံး၏။ ထို့နောက် တစ်ခုခုကို တားပြီးမှ

"မင်းရဲ့ ကူညီမှုအတွက် ငါ တစ်ခုခု တုံ့ပြန်မှာပါ င်းမနစ်



www.burmeseclassic.com

www.burmeseclassic.com



နာစေရဘူး"

ပဓာနက ခေါင်းခါကာ ခပ်မဲ့မဲ့ပြုံး၍

"မင်းကိစ္စတွေက ရှိသားစွာ ပြီးခဲ့သွားမယ် မထင်ဘူး တစ်ခု တော့ရှိတယ် ဆုရက်ကိုု ခုကိစ္စမှာ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်ဘူးလို့ မင်း အာမခံနိုင်ရင် ငါကူညီမယ် အဲ့ဒီအတွက် ဘယ်လိုတုံ့ပြန်မှု ပေးစရာမလိုဘူး။ ဘယ်လိုလဲ မင်းအာမခံနိုင်သလား"

ဆုရက်ကိုု တွေခနဲ ဖြစ်သွားမိသည်။

သူဂျပန်မှ မြန်မာပြည်ကို တကူးတက လာခဲ့တာ လည်ပတ် ချင်လို့မဟုတ်။ ပြီးတော့ စီးပွားရေးအတွက်လည်း မဟုတ်။

တစ်စုံတစ်ခုသော ရည်ရွယ်ချက်ကြောင့်ပဲ ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်ကြောင့် ဘာမဆို ပြောင်းလဲဖြစ်ပျက် သွားနိုင်သော အနေအထားမှာ

သူ ဘာတစ်ခုမှ အာမမခံနိုင်။ ထို့ကြောင့် ဦးနှောက်ထဲက အဖြေတစ်ခုနှင့်အတူ

"ကောင်းပြီလေ မင်းမကူညီနိုင်ရင်လည်း နေပါ ဒါပေ ဒီစကားတွေကို ခုပဲ မေ့ပစ်လိုက်ပါ။ ဒါမှမဟုတ်ဘဲ မင်းသတင်းပေ လျှောက်ပွမယ်ဆိုရင်တော့ မင်းအနာဂတ်သိပ်မကောင်းနိုင်ဘူး ငါ





ဒါ့ကိစ္စနဲ့ပတ်သက်ပြီး မဆိုင်ဘဲ လာစွက်ဖက်ခဲ့ရင် ဘယ်သူ့ကိုမှ မညှာ တတ်ဘူး။ ထပ်ပြောမယ် ဒီဆိုင်က ထွက်တာနဲ့ အားလုံးမေ့ပစ်လိုက်ပါ ပဓာန"

■ ■ ■

www.burmeseclassic.com

## အခန်း (၉)

သံစဉ် မွေးနေ့အတွက် လက်ဆောင်ကို ခေါင်းစားနေခဲ မုန့်တံခါးဖျတ်ခနဲ ပွင့်လာကာ

"ဘော့စ် ညှိသည်တစ်ယောက်ကတွေ့ခွင့်တောင်းနေတယ်"

"လွှတ်လိုက်ပါ မှူးမ"

"ဟုတ်"

လျော့ရဲရဲ ဖြစ်နေသော ခန္ဓာကိုယ်ကို ခပ်မတ်မတ်ပြင်ထိုင်လိုက်ပြီး အသင့်စောင့်နေလိုက်သည်။

မရှေးမနှောင်းမှာ မုန့်တံခါးဖျတ်ခနဲပွင့်လျက် အနောက်တိုင်းဝတ်စုံအပြည့်နှင့် လူတစ်ယောက်ဝင်လာသည်။ ဇံတစ်ယောက် စမတ်ကျကျ လက်လွှဲပြီး လှမ်းဝင်လာသူကို ဘေးရင်း ချက်ချင်းမှတ်မိသွား၏။





"မင်း"

"ဟုတ်တယ် ဇွဲထက်ဇံ ငါပဲ"

"ထိုင်ပါ ဘာကိစ္စများပါလိမ့်"

ဆုရက်ကျိုက ဘာမှ မပြောသေးဘဲ သူ့ကို အထူးအဆန်းသ ...ည်းနေသည့် ဇွဲထက်ဇံကို မျက်မှောင်ကုတ်ကြည့်မိသည်။

နုဖတ်ချောမွေ့သော မျက်နှာက စိတ်ပျော့တတ် သည့် ...ဘောကို အကဲခတ်လို့ ရနေသည်။ ပြီးတော့ သိမ်းသွင်းစည်းရုံးလို့ ...မှာ သိလိုက်သည်။

သည်တစ်ခါတော့ အဆင်ပြေမည် ထင်ပါ၏။

"မင်း ကိုယ့်နာမည် သိနေတာတော့ တကယ် အံ့သြတယ်"

"ဒါ မဆန်းပါဘူး သိဖို့လည်း ဘာမှမခက်ပါဘူး"

"ကိုယ်ကတော့ မင်းနာမည်မသိဘူး"

"ဆုရက်ကျိုပါ ခုမင်းရဲ့ဟိုတယ်မှာ တစ်ယောက်ဘည်း ...နေတဲ့ ဒေဝစ္စရာနဲ့ ဆွေမျိုးတော်တယ်"

"ဟင် ဒေဝစ္စရာ ဟုတ်လား"

ဇံ ဟန်မဆောင်နိုင်ဘဲ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ နာမည် ...နှင့် ရင်ထဲမှာ နွေးသွားတာ ဆန်းပါသည်။

ဆုရက်ကျိုသည် အကင်းပါးသူမို့ ဇံ မျက်နှာပေါ်က အပြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလဲကို ချက်ချင်းဖတ်မိသွားလေသည်။

တစ်ဖက်က အလိုမကျဖြစ်မိပေမယ့် တစ်ဖက်က ကျေနပ်လိုလာမိသည်။

"မင်း သိတယ်ပေါ့"

"တစ်ခါ စကားပြောဖူးတယ်"

"ဟုတ်လား"

ဝံ မညာတတ်တာ သိရတော့ ဆူရက်ကို့ သဘောကျသွား ချက်ချင်းပင် သူ့အသုံးချလို့ရနိုင်မည့် လူတစ်ယောက်ဆိုတာကို တွက်လိုက်သည်။

ဒါပေမဲ့ မင်းကံမကောင်းဘူး ဌွဲထက်ဝံ။

"သူ က ယဉ်ယဉ်ကလေး ရှုးသွပ်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ ဌွဲထက်ဝံ၊ သူက ငါ့ကိုရှောင်ပြေးနေတာ"

ပဓာနကို ပြောခဲ့သည့်အတိုင်း အတိုချုံးပြောပြလိုက်တော့ ဝံ မျက်နှာညှိုးရှိသွားလေသည်။ စိတ်မကောင်းဖြစ်သွားတာလား။ စိတ်ပျက်သွားတာလား။

ဒါကိုတော့ ကာယကံရှင်ကိုယ်တိုင်ပဲ သိလိမ့်မည်။

"မင်း ဒီကိုလာတာ ဒီအကြောင်းပြောရုံသက်သက်ပဲလား"

"မဟုတ်ဘူး"





"ဒါဆို"

"ဒီမှာ မင်း သေချာနားထောင်စမ်း ဌွဲထက်ဝံ၊ ငါပြောတာကို မင်းလက်ခံရင် အထိုက်တန်ဆုံးတုံ့ပြန်ပေမယ်"

ပဓာနကိုပြောခဲ့စဉ်က တုံ့ဆိုင်းခဲ့ပေမယ့် ခုတော့ လိုရာကို ဒိုတ်ရိုက်ဦးတည်ပြောနိုင်ခဲ့ပြီ။ ပြီးတော့ သည်ကိစ္စအတွက် အခေါင်မပြေချောင်း ဟိုတယ်က မပြန်ဟု စိတ်ပိုင်းဖြတ်ထား၏။

နှလုံးသားက မှတ်သိပ်တောင့်တမှုအတွက် အားလုံးကို စတေးဆပ်ရဲပါ၏။

ဒါပေမဲ့ ထိုနှလုံးသည်းပွတ်ကိုတော့ ပေးဖို့ အိပ်မက်ထဲတောင် မည့်မမက်နိုင်။

ပြီးတော့ သူ့ရည်ရွယ်ထားတာတွေ

ဆူရက်ကို့ အပေးအယူလုပ်လာသမျှ ဌွဲထက်ဝံသည် တစ်ခွန်းမငြင်းခဲ့။ မငြင်းရသည့်အကြောင်းအရင်းက ရင်ထဲမှာရှိနေခဲ့သည်လေ။

"မင်း ငါပြောတာတွေကို လက်ခံနိုင်ရဲ့လား"

ဖြစ်လိုရာတွေ တောက်လျှောက်ပြောချသွားပြီးမှ သူ့ဆန္ဒကို မေးမြန်းရသည်။

ဝံကလည်း အကြံသမားမို့

"လက်ခံနိုင်တာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုချက်ချင်း လက်ခံလေလျှင် ဆုရက်ဂျိုက ဝမ်းသာအားရ လက်ခွဲနှုတ်ဆက်၍ ပြန်သွားလေသည်။

■ ■ ■



## အခန်း (၁၀)

"ဟော့ကောင် ဇံ ဘာကိစ္စ နာရီတကြည့်ကြည့်ဖြစ်နေရတာလဲ၊ ဒီနေ့ ဘာမှ အလုပ်မရှိဘူး မင်းလစ်ပြေးမယ်လို့ မစဉ်းစားနဲ့နော်"

ဆန်းအေး ခပ်တိုးတိုးပြောတော့ ဇံ မျက်နှာပျက်ကာ မချိသွား[illegible]ယ်သည်။ ဆန်းအေးရိပ်မိသလို ပဓာနများ ရိပ်မိနေမလားဟု ရင်ထိတ်[illegible]ရသည်။

သည်နေ့ သံစဉ်မွေးနေ့မို့ သူတို့အားလုံး ဒေါက်တာဦးသော်ဇင်ရဲ့ ဗိုက်မှာ အစောကြီးကတည်းက ရောက်နေခဲ့သည်။

အရွယ်စုံသော မွေးနေ့ပွဲလာ ဧည့်သည်တွေကြားမှာ ပြုံးရွှင်နေ[illegible] သံစဉ်ကို လှမ်းကြည့်ရင်း ခဏခဏ သက်ပြင်းချမိ၏။

သည်မွေးနေ့ပွဲက ဘယ်အချိန်မှ လူရှင်းပါ့မလဲ ပေါ့။

www.burmeseclassic.com



မမြင်အောင် လစ်ပြေးဖို့ ထွယ်ပေမယ့် သိသွားလျှင်မလွယ်။

လေးလေးသော်က ဘာမှမပြောပေမယ့် ပခုံးနပ်ဆန်မဆန်ပေ။ တို့ ကြောက်ရသည်။

"မစဉ်းစားပါဘူး။ ကြိုက်ပဲ ကြိုနေတာကွ ဟဲ ဟဲ ဖိုး ဟိုကောင် ကော"

"ထုံးစံအတိုင်း သံစဉ်ဘောမှာပဲ နေမှာပေါ့ မင်းမမြင်ဘူးလား"

ဇံက လည်ပင်းရှည်ကြည့်ပြီး ခေါင်းခါသည်။

"ဒီလောက် လူတွေ ရှုပ်နေတဲ့ဟာ ဘယ်လိုလုပ်မြင်မှာလဲ သူ့ကို ငါရှာနေတာကွ၊ ရောက်ကတည်းက လှစ်ခနဲပျောက်သွားတာကွ ခုချိန်ထိ ငါတို့ဆီမလာသေးဘူး"

"မင်းက ဘယ်သွားစရာရှိလို့လဲ၊ ရည်းစားနဲ့ချိန်းထားတာဆိုရင် တော့ ကိုယ်ချင်းမစာနိုင်ဘူး ဟေ့ကောင်"

ထပ်မံပြီး ခေါင်းခါလိုက်စဉ် ကုတ်အင်္ကျီထဲက ဖုန်းက အဆက် မပြတ်မြည်လာသည်။ ဖုန်းကို ထုတ်ကြည့်လိုက်ပြီးတော့ ဇံ မျက်နှာ ချောချောမှာ အပြုံးတွေဝေသွား၏။

"ဘယ်ကဖုန်းလဲ"

"မန်နေဂျာဆီက"

"ဒါမျိုး မင်းမျက်နှာက ရည်းစားနဲ့တွေ့ရတော့မယ့်အတိုင်း





သွားလိုက်တာ"

ဆန်ဒေးက မသင်္ကာသလိုကြည့်ပြီး ဝေဖန်သည်။

ဇံ ဘာမှမပြောဘဲ ညှော်ခံပွဲထဲမှ ထွက်လာခဲ့၏။

ပြီးတော့ ကားပေါ်တက်ကာ မောင်းထွက်ခဲ့ရင်း . မန်နေဂျာ မှ ဖုန်းကို နားထောင်လိုက်သည်။

"ဟဲလို"

"ဟာ ဘော့စ်ကလည်း ဖုန်းခေါ်နေတာပဲ ကြာလှပြီ ဒီမှာ ရေးကြီးတယ်"

"အေး ပြောကွာ"

"ဘော့စ်ရေ ဓေဝစ္စရာ အပြင်ကပြန်လာပြီ"

"ကြာပြီလား"

"အေး အေး ကျေးဇူးတင်တယ် ဟေ့ကောင် အခုပဲ ငါလာခဲ့ ဒီကြားထဲ အပြင်ပြန်ထွက်သွားရင် ဖုန်းထပ်ဆက်"

"ကောင်းပါပြီ ဘော့စ်"

ဖုန်းပိတ်ပြီးတော့ ဇံမျက်နှာပုံးမရဖိမရ ရွှင်မြူးနေခဲ့သည်။ တရိပ် ပြေးနေသော ကားကို အားမလိုအားမရဖြင့် အရှိန်ထပ်မြှင့်လိုက်သည်။

တွေ့ချင်လှပြီ ဓေဝစ္စရာ ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ခပ်သဲ့သဲ့ ထွက်ပေါ်လာသော အခန်းတံခါးခေါက်သံ ကျလုလုမျက်ရည်ကို တန့်သွားစေသည်။

ဘယ်သူပါလိမ့်။

အမြဲရှာရင်း အာရုံထဲမှာ ဆုရက်ကို့ မျက်နှာကိုပြေးမြင်သည် သူဖြစ်နေရင် ဒုက္ခပဲ စိုးရိမ်မိပေမယ့် တံခါးဖွင့်ပေးလိုက်မိသည်။

လာမည့်ဘေးပြေးတွေ့ချင်ပါ၏။ သို့သော်

"ဟင် ရှင်",

အခန်းဝမှာ ရပ်နေခဲ့သော သူသည် မဲ့ပြုံးမျက်နှာနှင့် ဆုရက် မဟုတ်ခဲ့ပါ။ ပါးချိုင့်တစ်ဖက်ပေါ်အောင် နှုတ်လိုဖွယ်ပြုံးနေခဲ့သော ဌေးထက် ဆိုသူဖြစ်နေလေသည်။





ကာလိန်စေ့ရောင် အနောက်တိုင်းဝတ်စုံဖြင့် မွေးသန့်နေသော မျက်နှာကို မျက်မှောင်ကုတ်ကြည့်ရင်း

"ဘာကိစ္စလဲ"

မနှစ်မြို့စွာမေးသည်။

"လာလည်တာပေါ့ ဒီဟိုတယ်က ကိုယ်ပိုင်တာလေကွာ"

ဟုတ်သားပဲ။

ဓေဝစ္စရာ စိတ်ရှုပ်သွားမိသည်။ မွေးစားမိဘတွေ အဖြစ်ကို သတိရ၍ လွမ်းဆွတ်ကြေကွဲနေတုန်း အဖျက်က ဝင်လာသည်။

ဓေဝစ္စရာသည် ညှိုးငင်နေသော မျက်ဝန်းတို့ကို ရှောင်လွှဲပြီး

"ဆောရီး တို့ညှော်ခံပြီး စကားမပြောနိုင်တာ ခွင့်လွှတ်ပါ။ တို့ ဒီကိုလာလည်တာ အပျော်သက်သက် မဟုတ်ပါဘူး။ အနှောင့်အယှက် တွေက ကင်းဝေးအောင်ပါ ပြီးတော့ ကွယ်လွန်ပြီးတဲ့ မိဘတွေကိုအတွက် ဆုလိုလ်ပြုဖို့လည်း ပါတယ် အဲ့ဒီတော့ မိတ်သစ်နဲ့စကားလက်ဆုံကျဖို့ စိတ်မပါဘူး။ ဒီဟိုတယ်က ရှင့်ဟိုတယ်ဆိုတာ မေ့နေလို့ လာတည်း မိတာ၊ ဒီလို လာရှုပ်မယ်မှန်းသိရင် စိတ်မကူးပါဘူး"

ပြောသမျှစကားတွေက တားသွားလိုပဲ ထက်နေ၏။

ဪ ရင်ထဲအတော်ကြီး ထိရှသွားပါ၏။ ရက်စက်လိုက်တာဟု တွေးမြစ်ဘဲ စိတ်မကောင်းဖြစ်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာကွာ လူ့ဘဝရေတွက်ခဏမှာ အဘွားကြီးလို ခြောက်သွေ့သွေ့ ကြီးနေဖို့ စိတ်မကူးသင့်ဘူးလို့ ကိုထင်တယ်၊ မင်း အတွေးခေါင်နေတာပါ ဒေဝစွရာရယ်၊ တို့မြန်မာစကားပုံ တစ်ခုရှိတယ်ကွ၊ မင်းကြားဖူးမလား မသိဘူး၊ တစ်ရွာတစ်ကျီဆောက်ပါဆိုတာလေ၊ အဲ့ဒီအတိုင်း မင်းနေထိုင်သင့်တယ်၊ ဒါမှ အရေးကြုံရင် အကူအညီပေးမယ့် လူရှိမှာပေါ့"

တစ်ရွာတစ်ကျီ ဆောက်ပါတဲ့။

ဘာကိုပြောတာလဲ။

ဒေဝစွရာ ကောင်းစွာနားမလည်ဘဲ စိတ်ရှုပ်သွားရသည်။

"ရှင်ဘာတွေ ပြောနေတာလဲ ဖွဲ့ထက်ဇံ၊ အို ရှင်းမပြပါနဲ့တော့ တို့ဘာသာ တစ်ယောက်တည်း အေးအေးနေပါရစေ၊ ခု လောက် စကားပြောပြီးရင် ကျေနပ်ပါတော့နော်"

တောင်းပန်သလိုပြောပြီး တံခါးဆွဲပိတ်ဖို့ ဟန်ပြင်တော့ ဇံက ကိုယ်နှင့်ခံထားရင်း

"ဆောရီးပဲ ဒေဝစွရာ မင်းကိုတို့ စောင့်ရှောက်ချင်တယ်၊ ပြီးတော့ သတင်းပေးပါရစေ"

"ဘယ်လို"

ဒေဝစွရာ မျက်မှောင်ကုတ်ကာ နားမလည်သလိုကြည့်၏။





"မင်း စုံစုံစေ့စေ့ သိချင်ရင် တို့ရုံးခန်းထဲကို ခဏလိုက်ခဲ့လေ"

"ဟင့်အင်း ဒီမှာပဲ ပြောပါ"

"တို့က မင်းကိုအားနာလို့"

"ရပါတယ် တို့စိတ်ထဲမှာ ဒါကို ဘယ်လိုမှ သဘောမထားပါဘူး ကိုယ်ရိုးသားရင်ပြီးတာပဲ"

ပြောသင့် မပြောသင့် ချင့်ချိန်နေပုံရသော မျက်နှာချောချောကို ငေးရင်း ဒေဝစွရာ ရင်ထဲ ပူလောင်လာသည်။ တစ်ကြိမ်တစ်ခါသာ ဆုံဖူးခဲ့သော သူက သတင်းပေးချင်တယ်ဆိုတော့ ဘာများဖြစ်နေမလဲ။

"တို့တစ်ခုမေးမယ်နော် မင်း ဆုရက်ကျို ကိုသိလား"

"ဟင်"

ဒေဝစွရာရဲ့ ပန်းရောင်မျက်နှာကလေး ဖြူလျော်သွားကာ လှုပ်ရှားရှားဖြစ်လာလျက်။

"ရှင် ရှင် ဆုရက်ကျိုကို သိနေတယ် ဟုတ်လား၊ ပြောစမ်းပါ သူ သုဒ်ဟိုတယ်မှာ ရောက်နေပြီလား၊ ခုကွဲ ဒီလူကတော့ အရိပ်လို မြဲနေပြီ ဖြတ်လို့မှ ရပါတော့မလား"

လျှာခလုတ်တိုက်မိမတတ် မေးတော့ ဖွဲ့ထက်ဇံက နှစ်သိမ့် သလိုပြုံးကာ

"အဲ့ဒီလောက် အထိ ဘာလို့ ကြောက်နေရတာလဲကွာ



www.burmeseclassic.com

www.burmeseclassic.com



မင်းကြောက်လေ ဟိုကမြခြောက်လေဖြစ်မှာ"

"မြခြောက်တယ် ဟုတ်လား၊ ရှင်ဘာတွေပြောနေတာလဲဟင်၊ တို့မေးတာကိုဖြေပါ ဒီမှာ ရင်တွေအရမ်းပူနေပြီ"

ခြောက်ချားနေသော မျက်နှာကလေးကို ကရုဏာသက်စွာ ငေးရင်း ဝံရင်ထဲမှာ လှိုက်ဖိုလာခဲ့သည်။ ပြီးတော့ ဒီလိုစကားပြောနေရတာကိုပဲ မက်မောကြည့်နူးလာ၏။

ဆူရက်ကို့ ပြောသလိုယဉ်ယဉ်ကလေး ရှုသွပ်ခဲ့သူဖြစ်နေရင် တောင် သူ့အချစ်တွေနှင့် နွေးထွေးစေပါမည်။ ခံစားနေရသည့်သောက တွေ ကင်းငြိမ်းစေပါမည်။

ထိုမျှအထိ သူ ချစ်သွားခဲ့ပြီ။

"ရှင်ပြောလေ ဇွဲ ထက် ဝံ၊ ကျွန်မကို ပြောမယ့်သတင်း ဆိုတာ ဘာလဲ၊ ရှင်ဘာတွေ သိထားလဲ"

"မင်းနဲ့ပတ်သက်တဲ့ ဆူရက်ကို့က တို့နဲ့ မတော်တဆဆုံပြီး မင်းအကြောင်းတွေ ပြောပြသွားတယ်၊ ပြီးတော့ မင်းအပြင်ထွက်တာနဲ့ သူ့ကိုလှမ်းအကြောင်းကြားပေးဖို့ အပေးအယူလုပ်သွားသေးတယ် ဒေဝစွာ အဲ့ဒါ"

ဒေဝစွရာ မျက်နှာကလေး ပိုပြီး ဖြူလျော်သွားကာ နှုတ်ခမ်းကလေးတွေ တဆတ်ဆတ်တုန်ယင်လာသည်။ ထို့နောက် မျက်ဝန်း





တို့မှာ မျက်ရည်ကြည်တို့ ဝေ့သီခဲ့ပြီး

"တောက် သိပ်ကောက်ကျစ်တဲ့ လူပဲ တွေ့မယ် ဒီနေ့ပဲ သူ့ကို ခြေရာဖျောက်ပစ်မယ်၊ ဘယ်လောက်ထိ တစ်ကောက်ကောက် ဆိုက်နိုင်မလဲ ဆိုတာ ကြည့်ကြသေးတာပေါ့"

တိုးသက်စွာ ရေရွတ်၍ ဝံကို မော့ကြည့်ကာ

"ကျွန်မကို ခွင့်ပြုပါဦး ဇွဲထက်ဝံ သတင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒါပေမဲ့ ဒါကိုအကြောင်းပြုပြီး ဇာတ်လမ်း မဆက်ပါ နဲ့"

ပြောပြီးပြီးချင်း အခန်းတံခါးကို လျှင်မြန်စွာ ပိတ်ပစ်လိုက်၏။

အကြောင်းမဲ့သက်သက် ဘယ်သူက ပြောပြမှာတဲ့လဲ။

သူ့ဒီလို လာပြောပြတာ အကျိုးလိုလို့ပါ။ အဲ့ဒီအလိုကို သူမ သိနိုင်။ သာတ ရှုထွေးတွေ ပင်လယ်ဝေနေချိန်မှာ သူခလေးနမ်းရေ တောင်တာ့ရလို့တဲ့ မတွေးမြင်နိုင်ပါဘူး။

ထို့ကြောင့် ကင်းကင်းရှင်းရှင်းပဲ နေချင်ပါသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၂)

"မင်း ဘာတွေဖြစ်နေတာလဲ ဇံ၊ ညေဉ့်ခံပွဲထဲကနေ ဘာမပြော ညာမပြောထွက်သွားခဲ့တယ်၊ ပြီးတော့ အရေးတကြီး ငါ့ကို ဖုန်းခေါ်တယ်၊ ရောက်လာတော့လည်း ဘာမှမပြောဘဲ ဒီအတိုင်းကြီးထိုင်နေတယ် မင်းဟာက ဘာပဲကွာ ငါစိတ်မရှည်တော့ဘူး"

ပဒါန မျက်မှောင်ကုတ်ကာ စိတ်မရှည်စွာပြောမှ ဇံအသက်ရှူ၍ သတိရသည်။ Leather ဆုံလည်မှ ထ ရပ်လိုက်ပြီး ပဒါနထိုင်နေသည့် အစိမ်းရင့်ရောင် ဆိုဖာရှည်ကြီးမှာ သွားထိုင်သည်။

"မင်းကို တိုင်ပင်ချင်လို့"

"ဘာတိုင်ပင်မှာလဲ ဆန်းအေးကိုတောင် မခေါ်ဘဲ ငါ့ကိုခေါ်တယ် ဆိုတော့ ဘာကိစ္စမို့လဲ"





ပဒါန လေသံက စာစောကလောက် မမာတော့။ သူ့ကို အကဲခတ်ရင်း အလျှင်စလိုမေး၏။

"ပဒါန ငါ မိန်းကလေး တစ်ယောက်ကို ချစ်နေမိပြီကွာ အဲ့ဒါ"

"ဟာကွာ"

ပဒါန မျက်နှာကြီး ရှုံ့မဲ့သွားကာ ဇံကို ခေါသတကြီးကြည့်မိရင်း

"မင်းအတွက် ဒီအဖြစ်က ဘာများထူးခြားနေလို့လဲကွာ၊ မင်းအဲ့ဒီလိုပဲ အသစ်တွေ့နေကျဆိုတာ ငါသိသားပဲ၊ အဲ့ဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ အဲ့ဒီတစ်ယောက်နဲ့အောင်သွယ်ပေးရမှာလား"

"မင်းကကော အောင်သွယ်ပေးနိုင်မှာတဲ့လား ပဒါနရာ ၊ ပြောစကားဖြင့် ဆုံးအောင် နားမထောင်တဲ့နဲ့၊ အဲ့ဒီကောင်မလေးက ကိုယ်မှာတည်းနေတာ၊ ဒေဝစွရာတဲ့"

"ဟင်"

ပဒါန အံ့ဩသွားတော့ ဇံက မျက်မှောင်ကုတ်ကြည့်ပြီး

"မင်း သိနေလို့လား ပဒါန"

ပဒါန ခေါင်းညိတ်ပြလိုက်ပြီး ဇံမျက်နှာကို သေချာစူးစိုက်ကြည့်မိသည်။ အဲ့ဒီ မိန်းကလေးက တကယ့်ပြဿနာခံမလေးဟု သူမပြောရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဇံ ရည်းစားများတာကို သူသိသည်။ ပြီးတော့ အစွဲအလန်း မရှိတတ်တာကိုလည်း နားလည်သည်။ ထို့ကြောင့် အဖျက်စကားမပြော ဖြစ်တော့။

အချိန်တန်ရင်တော့ ဇံ တစ်ယောက်တည်းငြိမ်သွားလိမ့်မည်။

"မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ"

"ဒီလိုပဲပေါ့ကွာ၊ မတော်တဆသိတာလောက်ပါ။ ဒါပေမဲ့ ငါတစ်ခုတော့ သိထားတယ် ဇံ၊ ဧဝစ္စရာက ကျန်းမာရေးကောင်းတဲ့ မိန်းကလေးမဟုတ်ဘူး။ ပြီးတော့ သူက အချိန်တန်ရင် သူ့နိုင်ငံခြားပြန် မှာ၊ အဲ့ဒါကို ခေါင်းထဲထည့်ဖို့ လိုတယ်"

"အဲ့ဒါတွေ ငါသိသားပဲကွာ၊ ရင်ဘတ်ထဲက ချစ်တာက အဲ့ဒါတွေကို ထည့်မတွေးနိုင်ဘူး။ ဧဝစ္စရာ ဘယ်လိုပဲ ဖြစ်နေပစေ ချစ်တာက ချစ်တာပဲ"

"အေးပါ ချစ်ပါ။ ခု ငါ့ကိုလှမ်းခေါ်တာ အဲ့ဒီကိစ္စလား"

ဇော်ဇေသွားကာ ခေါင်းက ဆံပင်တွေကို ထိုးဖွ၍ ဟင်းခနဲ သက်ပြင်းချသည်။ ပြီးမှ

"တိုင်ပင်ချင်လို့ပါကွာ မင်းကလည်း အဲ့ဒါ ငါဘယ်လိုလုပ်ရင် ကောင်းမလဲ နည်းနည်းပါးပါး အကြံပေးပါဦး"

ပဓာန စိတ်မောသွားရသည်။ ခေါင်းခါငြင်းဆန်၍ မကောင်း





သေမယ့် သူက ဘာအကြံပေးနိုင်မှာတဲ့လဲ။

"မင်း လှုခေါ်မှားနေပြီ ဇံ၊ ငါ့အစား ဆန်းဒေးကို ခေါ်သင့်တာ ပြီးတော့ တစ်နယ်စီခွဲနေတဲ့ လူတွေလည်း မဟုတ်ဘူး။ တစ်အိမ်တည်း နေကြတဲ့ ကိစ္စ၊ အဲ့ဒါကိုကွာ အရေးတကြီး လှမ်းခေါ်ရတယ်လို့"

"ဆန်းဒေးက ဒီလိုနေရာမျိုးမှာ ဉာဏ်မထွက်ဘူးကွ ပြီးတော့ သူက တားမှာ"

"ငါက ပိုတောင် တားချင်သေး။ သူ့အကြောင်းသေချာမသိ သေးဘဲနဲ့ကွာ မင်းမို့လို့ မျက်စိစုံမှိတ်ပြီး တမ်းတမ်းစွဲနေတာ၊ အဲ့ဒီ မိန်းကလေး ဦးနှောက်မကောင်းတာကိုကော မင်းသိလို့လား ဇံ"

"သိတယ်"

"ဒါနဲ့များကွာ"

"မင်းကို ငါပြောပြီးပြီပဲ ပဓာန၊ ငါချစ်တာ အဲ့ဒါတွေ ထည့်မတွက်ပါဘူးဆို"

"နေဦး မင်းက ချစ်နေရုံပဲလား။ ဒီထက်ပိုပြီး မထူးခြားချင် ဘူးလား"

"ဒါကတော့"

"အဲ့ဒါဆို ဆက်မပြောနဲ့တော့ ဇံ၊ ချစ်တာရဲ့ နောက်ကွယ်တွဲ ပိုင်ဆိုင်ချင်တာတွေ လက်ထပ်ချင်တာတွေ ပါလာတဲ့အခါ မင်းခက်

www.burmeseclassic.com



လိမ့်မယ်၊ အားလုံးက မင်းထင်သလောက် မလွယ်ဘူးကွ၊ ခက်ခဲတာ
ကို သဘောကျရင် စိတ်ပင်ပန်းရမယ် မင်းစိတ်ကူးမယဉ်ပါနဲ့
အရင်အတိုင်းပဲ နေတာကောင်းပါတယ်၊ ငါကော ဆန်းဒေးကော မင်
လွတ်လပ်ပေါ့ပါးနေတာကိုပဲ သဘောကျတယ်"

ဇံ မျက်နှာကြီး ရှုံ့မဲ့သွားစဉ် စားပွဲပေါ်က တယ်လီဖုန်း
အာရုံပြောင်းပေးလိုက်သည်။

"မင်းပဲ နားထောင်လိုက် ဇံ"

"အေးပါ"

အစက စိတ်မပါပေမယ့် ဖုန်းနားရောက်တော့ တစ်စုံတစ်
ကိုတွေးမိကာ အလျင်စလို ကောက်ကိုင်မိသည်။

"ဟဲလို"

"ဟာ ဘော့စ်လား။ ဒီမှာ ဒေဝရွာ အခန်းပြန်အပ်ပြီး အထ
အဝိုးနဲ့ အပြောင်ထွက်သွားပြီ အဲ့ဒါ"

"အေး အေး ရပြီ"

ဖုန်းကို ကမန်းကတန်းချပြီး ဒီဘက်အလှည့်မှာ မျက်နှာ
ကုတ်ကြည့်နေသော ပမာနနှင့် အကြည့်ဆုံ၏။

"ဘယ်က ဖုန်းလဲ"

"မန်နေဂျာဆီက"





"ဘာပြောတာလဲ"

"ဒေဝရွာ အခန်း ပြန်အပ်သွားပြီတဲ့"

"သြော် ဟိုတယ်ပြောင်းပြန်ပြီပေါ့၊ တွေ့လား စိတ်က ပုံမှန်
မဟုတ်တော့ လုပ်မိလုပ်ရာ လျှောက်လုပ်နေတာ၊ မင်းနဲ့မလိုက်ဖက်
ဘူး ဇံရယ်၊ မေ့ပစ်လိုက်စမ်းပါ"

ဇံ ဘာမှာမပြောမိဘဲ ငြိမ်နေမိသည်။ ဒါပေမဲ့။

မင်းမှမချစ်တတ်တာဘဲ ပမာနရာ၊ အဲ့ဒီလို အလွယ်ပြောတိုင်း
မေ့ရမယ်ဆိုရင် ဟာကွာ မဖြစ်နိုင်ပါဘူး။ ငါ ရှေ့ဆက်တိုးမှပဲ။

"ဟော့ကောင် ဘယ်လဲ"

စားပွဲပေါ်က ကားသော့ကို ကောက်ယူလိုက်တော့ ပမာနက
နေ့ကို လှမ်းဆုပ်ရင်း မေးသည်။

"ငါ သူ့နောက်လိုက်မလို့"

"ဟာကွာ အဓိပ္ပာယ်မရှိတာ၊ မင်းမရှုံ့နဲ့ဇံ ခဏလေးဆုံဖူးတဲ့
သူကို အဲ့ဒီလောက် မဖြစ်သင့်ဘူး။ မင်းဒုက္ခဖြစ်လိမ့်မယ်"

တားမြစ်နေသော ပမာနကို ဇံ စိမ်းကားစွာကြည့်မိသည်။
ချစ်မှုတဲ့ကောင်ကို ဆက်ပြောနေလည်း အလကားပါပဲ။ ကိုယ့်ဘာသာပဲ
နောက်ရှိသလောက် ကြံတော့မည်။

မင်း သူငယ်ချင်းကောင်း မပီသဘူး ပမာန၊

www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို ခွန်းတုံ့မပြန်ဘဲ ချာခနဲလှည့်ထွက်သွားတာ
ပဓာန သက်ပြင်းချမိသည်။

မင်း ငါ့စေတနာကို နားမလည်ပါလား ဇံရာ။ အချိန်တန်ရင်
တော့ မင်းသဘောပေါက်မှာပါ။ မင်း ကံကောင်းပါစေလို့ပဲ ငါဆုတောင်း
နေမယ်"

■ ■ ■

"ဟိုကောင် ခုချိန်ထိ ပြန်မလာသေးဘူးကွာ၊ ဘာတွေဖြစ်နေ
လဲ မသိဘူး"

ဆန်းဒေးက တိုင်ကပ်နာရီကို မကြာခဏ လှမ်းကြည့်ရင်
စိတ်ပူနေသလို ပဓာနမှာလည်း နေမထိ ထိုင်မသာ။

အစကတည်းက လိုက်သွားရင် အကောင်းသားဟု နောင်တ
ရမိတာ အခါခါ။

ဇံ ကားမောင်းထွက်သွားပြီး မရေးမနှောင်းမှာ ဒေ့ဇ်သည်
ရောက်လာတာမို့ ချက်ချင်းမလိုက်ဖြစ်ခဲ့တာပါ။ ကိစ္စတွေပြီးသွား
လိုက်ရှာပေမယ့် အရိပ်အယောင်ပင် မတွေ့ရတော့။

"ငါ လိုသွားတာ ဆန်းဒေး။ တကယ်ဆို အလုပ်ကိစ္စတွေ
ထားခဲ့ပြီး လိုက်သွားသင့်တာ"

"မင်းက မတားဘူးလား"





"တားတာပေါ့ကွာ၊ ငါ့အကြောင်းမင်းသိသားပဲ၊ ဒီကိစ္စနဲ့က
ပတ်သက်လာရင် အားပေးအားမြှောက်လုပ်တာ လုံးဝမရှိဘူး ခါးခါး
သီးသီးကို တားတာ၊ သူကမှ လက်မခံတော့ ငါက ဘယ်လိုလုပ်ရမလဲ
ညီမဆိုရင်တော့ တစ်မျိုးပေါ့"

နာရီကိုပဲ အာရုံရောက်နေသော ဆန်းဒေး အကြည့်တွေက
ပဓာန ထံပြောင်းလဲရောက်ရှိသွားကာ

"ဘာလဲ မင်းက မင်းညီ မဟုတ်လို့ လွှတ်ထားလိုက်တဲ့
သဘောလား"

"မဟုတ်ဘူး မင်းပြောသလောက် ငါတစ်ကိုယ်ကောင်းမဆန်
ဘူး သူမှာ လွတ်လပ်ခွင့်ရှိတာကိုပြောတာ"

"တီ တီ"

"ဟော"

"ပြန်လာပြီ"

နှစ်ယောက်စလုံးရဲ့ ရင်ထဲက အလုံးကြီး ကျသွားသည်။ တော်
သေးရဲ့ဟု ရေရွတ်ပြီး ပြုံးတူထရပ်မိကြသည်။

"ည (၁၀)နာရီတောင် ထိုးပြီ ခုမှပြန်လာတယ်"

"ဘာမှ မပြောနဲ့ အသာလေးနေ"

"အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သင့်မြတ်သွားကြရင်း နေရာမှာ ပြန်ထိုင်လိုက်ကြ၏။

သိပ်မကြာခင်မှာပဲ ရှူးဖိနပ်သံ တခေါက်ခေါက်ကိုကြားလိုက်ရလေသည်။

"ဟော့ကောင်တွေ ငါလာမှန်းသိရက်သားနဲ့ တံခါးတောင် မဖွင့်ပေးကြဘူး ၊ ထိုင်နေတယ်"

နွမ်းနယ်သော မျက်နှာနှင့်လေသံကြောင့် နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိရင်း

"မင်း ဘယ်တွေ သွားနေတာလဲ ငဲ"

"ကျောင်းတုန်းက အပေါင်းအသင်းတွေနဲ့တွေ့ပြီးအပျော်လွန်နေတာပါကွာ ကဲ ငါအနားယူဦးမယ် ဂွတ်နိုက်"

ပြောပြီးတာနှင့် အပေါ်ထပ်ပြေးတက်သွားတာမို့ ဘာမှ မေးခွင့်မသာလိုက်။ ဘာပဲဖြစ်ဖြစ် အန္တရာယ်ကင်းလာတာကိုပဲ ဝမ်းသာရမည်။

ဆန်းအေးက သာမန်စိုးရိမ်တာဖြစ်ပေမယ့် ပဓာနက ဒေဝစ္စရာအကြောင်းသိထားတာမို့ ပို၍ပူပန်သည်။

ဒေဝစ္စရာကို နွယ်မိလျှင် ဆူရက်ဂျိုနှင့် ရင်ဆိုင်ရမည်။

ထိုအခါ မဖြစ်သင့်တာတွေ ဖြစ်ခဲ့မှာသေချာသည်။

ဒေဝစ္စရာ မြန်မြန်ပြန်ပါစေဟုပဲ ဆုတောင်းရတော့မည်။ အဲ့ဒါက နှစ်ဦးနှစ်ဖက် အတွက်ပိုကောင်းသည်လေ။



အခန်း (၁၃)

"ဒီတိုက်ခန်းထဲမှာ ဘယ်လောက်ကြာကြာနေဦးမှာလဲ ဟင်

ဒီလို မနေတတ်ဘူး။ ဒီလက်ကလည်း ပြန်မကောင်းနိုင်သေးဘူး

ကိုယ့်နေရာကိုယ်ပြန်ချင်ပြီ"

"မဖြစ်သေးဘူး ဒေဝစ္စရာ ဆူရက်ဂျိုက အရိပ်လို လိုက်နေတာ

လောက်သည်းခံပါဦး"

"ဟင့်အင်း ကျွန်မအတွက် လေယာဉ်လက်မှတ်ပဲစီစဉ်ပေးပါ

တာ ဘာမှ ဂရုမစိုက်ဘူး"

"မဟုတ်သေးဘူးလေ ကိုယ်က ဖြစ်လာနိုင်မယ့် အန္တရာယ်ကို

လို့ ပြောတာ"

"သူ့ကို ကျွန်မရှောင်နိုင်ပါတယ်"

www.burmeseclassic.com



ပြန်မည် တကဲကဲ ဖြစ်နေသော ဒေဝစ္စရာကြောင့် ငံစိတ်ညစ်နေရသည်။ စိတ်ကူးနှင့်လက်တွေ့သည် ထပ်တူကျဖို့ ခဲယဉ်းခဲ့ပြီ။

စိတ်ကူးတုန်းကတော့ အဆင်ချောနေခဲ့ပါသည်။

စိတ်ကူးကိုလည်း တစ်ဝက်နီးပါး အကောင်အထည် ဖော်ခဲ့သည်။

တက္ကစီငှားဖို့စောင့်နေသည့် ဒေဝစ္စရာကို ကားနပ်ပွတ်တိုက်ကာ အခြေအနေတစ်ခုကို ဖန်တီးခဲ့သည်။ ဇာတ်ရာက မပြင်းပေမယ့် စိတ်ရော လူပါ အားနည်းနေသူအတွက် အထိနာသွားစေသည်။

အရိုးအက်သွားသော လက်တစ်ဖက်ကို ပတ်တီးကိုင်လိုက်ပြီး ခြေထောက်တွေ နည်းနည်းပါးပါး နာကျင်သွားလေသည်။

ဓါပေမဲ့ ဆရာဝန်က တပတ်လောက်အနားယူပါဟု ဆိုလာသည်။ ဒေဝစ္စရာက ဟိုတယ်ကို မပြန်လိုတော့တာမို့ တိုက်ခန်းငှားနေဖို့ကြိုးစားသည်။

သူက သူပိုင်တစ်ထပ်တိုက်ကလေးမှာနေဖို့ စီစဉ်ပေးခဲ့သည်။ သည့်အတွက် သူမက ငြင်းပါသေးသည်။

"ဘာမှ အားနာစရာမလိုဘူး ဒေဝစ္စရာ၊ ဒါ မာမီ့တို့ အမွေပေးသွားတဲ့ တိုက်မို့ ကိုယ်လိုရာသုံးခွင့်ရှိတယ်၊ ခု မင်းကို ဇာတ်ရာအနာတရဖြစ်စေတဲ့အတွက် လျော်ကြေးမပေးရရင်တောင် ဒီလောက်တော့ စီစဉ်





သင့်တယ်လို့ တို့ထင်တယ်"

"အင်း လေလျော်ကြေး သဘောမျိုးဆိုရင်လည်း ကျွန်မလက်ခံတာပေါ့"

သူနေတွင်းချင်းစဲ နေရထိုင်ရ အဆင်ပြေအောင် လုပ်ပေးခဲ့သည်။ ရောက်စက မကြည်သာခဲ့သော မျက်နှာက နှစ်ရက်ကြာတော့ ပြင်းလာသည်။ (၄)ရက်ကြာတော့ မအောင့်အီးတော့ဘဲ ပွင့်ပွာ ပြီးပြုံးသည်။

ယခုဆို လေယာဉ်လက်မှတ်တောင် စီစဉ်နိုင်းနေပြီ။

သည်ရက်တွေမှာ နေထိုင်လာတတ်တဲ့ သူ့ကို နည်းနည်းလေးတောင် မခွဲလမ်းခဲ့ဘူး ဓါ်ညြသည်။

"မင်းပြုံးနေရင် မိန်းကလေးတွေတော့ မပြောတတ်ဘူး။ ငါတို့တောင် ရင်ထဲ ခြောင်းဆန်ကုန်တယ် တကယ်"

သူငယ်ချင်းတွေက မကွယ်မဝှက် နှိုးကျူးမှုသည်။ ထိုသို့ဖြစ်ပါလျက် ဘာကြောင့်များ ဒေဝစ္စရာ အသည်းမာနေပါသလဲ။

ဒေဝစ္စရာ တမ်းတမ်းစွဲလာအောင် ဘယ်လိုမာယာတွေ သုံးရမလဲ။

"ဆုရက်ကိုကြ လက်တံရှည်တယ်နော်"

"ကျွန်မသိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့မေးမယ်နော် မင်းဆုရက်ကျိုကို မျက်စိမှိတ် လက်ခံနိုင်သလား"

"ဟင့်အင်း သူ့လက်က လွတ်အောင် ရှောင်နိုင်လို့ပဲ ဒီအထိ လွတ်လပ်နေတာပေါ့၊ အင်း တစ်ခုတော့ရှိတယ် အဲ့ဒီတုန်းက လက်အကောင်း ခြေအကောင်းနဲ့လေ၊ ခုဟာက လက်တစ်ဖက်ကနာပြီး ခြေထောက်တွေက စိတ်ရှိတိုင်း မသွားနိုင်တော့ ခက်တယ် ခုအချိန် ဆုရက်ကျိုနဲ့တွေ့ရင် ပြေးနိုင်ပါတော့မလား"

စကားက ပြောရင်း ပြောရင်း သူ့အကွက်ထဲဝင်လာသည်။

"ဟာ တို့ပြောတာ အဲ့ဒါပေါ့ ခု မင်းဒီလိုနေရတာ မလွတ်လပ်လို့လား။ အပြင်မထွက်ရတာ တစ်ခုပဲရှိတယ်၊ နေချင်သလို နေ စားချင်သလိုစားလို့ရတာပဲ၊ ပြီးတော့ ဘာမှ လိုအပ်ချက်မရှိဘူး။ နေတတ်ရင် ပျော်ပါတယ် ဒေဝစွရာရယ်"

စိတ်ရှည်လက်ရှည်ရှိလွန်းသော လူချောလေးကို ဒေဝစွရာ တအံ့တသြငေးမောနေမိသည်။ မြန်မာတိုင်းဟာဒီလိုပဲ ကျူညီတတ်သလား ပြီးတော့ သူများကိစ္စကို သူ့ကိစ္စလိုပဲ ပူပင်တတ်သလား။

"ဒိုရင်တော့ တော်တော်လေး စိတ်ဝင်စားစရာကောင်းနေပြီ"

"ငွဲထက်ဇံ"

"ပြောပါ"





"ရှင်က လူတိုင်းကို စိုးရိမ်ပေးတတ်တာပဲလား"

ရင်ထဲမှာ ရှိတာကို မမျိုသိပ်နိုင်ဘဲ မေးမိသည်။

"အင်း ဒါပေမဲ့ အထူးသဖြင့် ကိုယ်သံယောဇဉ်ရှိတဲ့ လူတွေဘိပေါ့"

"ဪ ဒါဆို ရှင်က ကျွန်မကို သံယောဇဉ်ရှိတယ်ပေါ့ဘတ်လား"

ဇံ မျက်နှာနီရဲကာ ရှက်ရယ်ရယ်မိသည်။

"တို့က အချိန်စောသေးတယ်ထင်လို့ မပြောတာ မင်းကို "

"အာ"

"ဟင် ဘာ ဘာဖြစ်တာလဲ"

ဒေဝစွရာက ခေါင်းကိုလက်နှစ်ဖက်ဖြင့် ဖိအုပ်ရင်း ညီးညူနေ…ဘို့ ဇံ ပျာယာခတ်သွား၏။

"ခေါင်းကိုက်တယ်၊ မတာရေး နားထင်တွေ ထိုးနေလို့ ငွဲထက်ဇံ…ဆရာ ဆရာဝန် ပင့်ပေးပါ အား ။ ကျွန်မ မခံစားနိုင်တော့ဘူး အင်း…ကျွတ် ကျွတ်"

"နေကွာပါပဲ ခဏ ခဏလေး"

ငွဲထက်ဇံ ဟန်းဖုန်းကို ကမန်းကတန်းပြေးယူရင်း ဝရန်တာ…ဘင်ပြေးထွက်ခဲ့သည်။ ဖုန်းနံပါတ်တွေကို အလွဲလွဲ အချော်ချော် နှိမ်



www.burmeseclassic.com

www.burmeseclassic.com



မိရင်း ရင်ထဲမှာ ပြောင်းဆန်နေသည်။

ဖက်ဒီတုန်းကလည်း သည်လိုပုံစံနှင့်တွေ့မြင်ခဲ့ရသည်။ ဒါပေမဲ့ ဖက်ဒီက သွေးတိုးသမားမို့ မူးမော်တာလောက်ပါပဲ။

ဒေဝစ္စရာ ဆိုသည့် သူမမှာ ဘယ်လို ရောဂါဝေဒနာတွေ ရှိနေသလဲ ဆိုတာ မသိတော့ ပို၍ ပူပန်မိသည်။

ဖက်ဒီ့လို မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံးသွားတဲ့ အဖြစ်မျိုး မကြုံပါရစေနဲ့။

"ဋွဲ ထက် ဇံ"

ခေါ်သံ သဲ့သဲ့ကြောင့် ပြောလက်စ စကားကို ဖြတ်ကာ ဖုန်းဝိတ်ပစ်လိုက်ပြီး အိမ်ထဲပြန်ဝင်ခဲ့သည်။

"ဇံ ရှင် ဆရာဝန် မခေါ်နဲ့တော့"

"ဟင် ဘာဖြစ်လို့"

သွေးရောင်လွှမ်းလာသော ဒေဝစ္စရာမျက်နှာကလေးကို စိုးရိမ် တကြီး ကြည့်ရင်း မေးမိသည်။ ဒေဝစ္စရာက သူ့လက်ထဲက ဖုန်းကို မေးငေါ့ပြရင်း

"ကြံနှံပြီး ဖုန်းဆက်လိုက်ပါ ဇံ ကျွန်မ ဘာမှမဖြစ်တော့ဘူးလို့ သက်သာသွားပြီ"

"ဟော ဖြစ်ရမယ်"





"ဇံ"

"ပြောလေ"

"နောက်တစ်ခါကျရင် ကျွန်မဘာယ်လောက်ပဲ ခံစားနေရပါစေ ဆုံးမလုပ်ပါနဲ့ ကျွန်မကတစ်ခါ တစ်ခါ ဒီလိုပဲ ခံစားရတာ အက်ဆီးဒင့် ထစ်ခုမှာ ခေါင်းကို ထိခိုက်သွားတာလေ အဲ့ဒါကြောင့်"

"ဪ"

ဇံ ဒေါက်တာ့ဆီ ဖုန်းပြန်ဆက်လိုက်ရသည်။ ဆရာဝန်က သူငယ်ချင်းမို့ တော်ပါသေးသည်။ ဒါပေမဲ့

"ဟော့ကောင် ဇံ နောက်ကျရင် မင်းသေခါနီးဆိုရင်တောင် ဖုန်းဆက်မခေါ်နဲ့ ဒါပဲ"

နောက်သလိုပြောသွားပေမယ့် ရင်ထဲ တစ်မျိုးတစ်မည် ခံစား သွားမိသည်  နိမိတ်မကောင်းလိုက်တာဟု တွေးရင်း စောစောကလို ဆလန်ဆန်းတော့။

ဆူရက်ကို ကိုလွတ်အောင် ရှောင်နိုင်ပါ့မလား။

"မင်း ဖုန်းဆက်သတင်းပေးရုံနဲ့ ငါပြန်တဲ့အခါ MARK II တစ်စီး လက်ဆောင်ပေးခဲ့မယ် ဋွဲထက်ဇံ အဲ ကာလိမ်ကကျစ် ကျမင်း ဆိုရင်တော့"

ဆူရက်ကို့စကားကို အနီးကပ်မှာ ကြားရသလို ခံစားလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အလိုလို ကျောချမ်းမိသည်။
ဒါပေမဲ့ ။

■ ■ ■



## အခန်း (၁၄)

ကားဟွန်းသံကြောင့် ဆန်းအေးက ဝရန်တာဘက်ပြေးကြည့်၏။

LAND CRUISER အနက်ရောင်မှန် အလုံပိတ်ကားကို မြင်သည်နှင့်

"ပဓာနရေ မင်းဟာလေး လာနေပြီ ကိုကြီးနဲ့သမီးလေ ဟဲ့ ထဲ ဝါရောင်ပေးရမလား"

ကွန်ပျူတာနှင့် အလုပ်များနေသည့် ပဓာနကြားအောင် လှမ်းအော်လိုက်၏။

"ဟော့ကောင် ဆန်းအေး ၊ မင်းနော် သွားကျိုးချင်နေပြီလား။ နောက်တစ်ခွန်း ထပ်ပြောရင် ငါလာတော့မယ်"

"လာတော့ မြင်ရတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းဒေး"

ပဓာန ခေါ်သံကြီး ဟိန်းထွက်လာပြီး ချက်ချင်းအနားရောက်လာသည်။

"မင်း ဘာအချိုးချိုးနေတာလဲ၊ လာပြီး ဗွေဖောက်မနေနဲ့နော်"

ပဓာန လက်သီးကြီးက မျက်နှာနားဝဲလာတော့ ဆန်းဒေး မျက်ခနဲ တိမ်းရှောင်လိုက်ရင်း

"ဟဲ ဟဲ ၊ မင်းကလည်းကွာ ဒေါသချည်းပဲ ဖြစ်လာမယ့် အခြေအနေကို ငါကကြိုမြင်လို့ ပြောနေတာ မင်းပဲစဉ်းစားကြည့်လေ မဟုတ်လို့လား ငါတို့ (၃)ယောက်ထဲမှာ ဟိုက မင်းကိုပဲ"

"ဆန်း ဒေး"

"ခွပ်"

သူ့ညှပ်တစ်ချက်ခါတော့ ဆန်းဒေး မရှောင်နိုင်ဘဲ မေးရိုးတစ်လျှောက် နာကျင်သွားခဲ့သည်။ လက်သီးအားက ပြင်းတာမို့ လှုပ်ယိုင်နဲ့သွား သည်။ ဒါပေမဲ့ နှုတ်ခမ်းထက်က အပြုံးတွေက ပျောက်ကွယ်မသွား

"မင်း ရှက်ရမ်းရမ်း မနေနဲ့ ပဓာန၊ နောက်မှ ဇာကို အကူအညီ သွားမတောင်းနဲ့"

"တောက်"

နီနေသော မျက်နှာက တင်းမာ စူပုပ်လာကာ ဆန်းဒေး



ကိုရဲရဲကြည့်ပြီး

"မင်းမို့ ရက်တယ် ဆန်းဒေးရာ၊ သူက ငါ့သိမအငယ်ဆုံး ဆောက်ရှိတာကို ငါက စိတ်ကူးမတဲ့လား။ မရိုးမသားဖြစ်မတဲ့လား။ ...သေတဲ့အထိ မှတ်ထားဖို့က ငါ့ရာဇဝင်မှာ ကလေးမှန့်ပေးကြိုက်တာ ...ဖြစ်စေရဘူး။ လုံးဝမရှိစေရဘူး။ ရှိဖို့ အရေးအကြောင်းထင်လာ ...တော့ လုံးဝပြီးပြတ်သွားစေမယ့်နည်းပဲ ငါရွေးမယ် အဲ့ဒါ ဘယ်တော့ မဖောက်ပြန်တဲ့ စိတ်ဓာတ်ပဲ"

ပြတ်သားစွာ ပြောကာ မျက်နှာတင်းတင်းဖြင့် အလုပ်စားပွဲ ...ပြန်ထိုင်သည်။

ဆန်းဒေးက တမင်တကာ ကြောင်ငေးကြည့်နေပြီးမှ

"ဟော့ကောင် မင်းစကားနဲ့မင်းနော် အဲ့ဒီစကားအတိုင်း အမြဲ ...ညီပါစေ"

"ဘာလို့မတည်ရမှာလဲ ငါယောကျ်ား"

"သိပါတယ် ကြေညာမနေနဲ့"

"ခွေးကောင်"

စူပုပ်နေသော ပဓာန မျက်နှာက တင်းမာမှုပြေလျော့သွားကာ ...သည်။

သိပ်မကြာခင်မှာပဲ အပေါ်ကို ပြေးတက်လာသော ဖိနပ်သံ

www.burmeseclassic.com

www.burmeseclassic.com





တခေါက်ခေါက်ကို ကြားလိုက်ရသည်။

"ဟေး ကိုကိုတို့ ဘာလုပ်နေတာလဲ၊ စကားပြောသံကြား

ထွက်လည်းမကြိုဘူး။ တကယ်ပဲ နေနိုင်တယ်နော်၊ ဒီမှာ သူတို့အတွ

ကြေးအိုးဝယ်လာတာကို အလိုက်မသိကြဘူး ဟွန်း"

ဆန်းအေး စထား၍ စိတ်ထဲ မကြည်မလင်ဖြစ်နေသော ပ

က အသံကြားပေမယ့် လှည့်မကြည့်။ ဘာသိဘာသာပဲ နေသည်။

သံစဉ်သာကို ဂရုမစိုက်သလိုနေတာ ဒါပထမဆုံးပါပဲ။ သံ

ကိုသံယောဇဉ်ရှိပေမယ့် သည်လောက်ထိ သိက္ခာကို ထိခိုက်တာ

သဘောထားမကြီးနိုင်။

ပဓာန မလှုပ်တော ဆန်းအေးက မနေနိုင်စွာ သွားကြိုသည်

"ပေး နှင့်အထုပ်တွေ ဦးညိုကြီး မီးဖိုခန်းထဲမှာရှိနေတာပဲ

ဝင်ပေးခဲ့ရင်ပြီးရော၊ ဒီအပေါ်မှာက ထည့်စရာမှ မရှိတာ"

"ဒါဆို ကိုကိုခဏ သွားထားလိုက်လေ"

"ကောင်းတယ် ပေး ပေး မပြောချင်ဘူး"

လှည့်မကြည့်တဲ့ ခြေသံတွေကြားရုံနှင့် ဆန်းအေး အောက်

သွားကြောင်း သိရမှ ပဓာန ဒီဘက်လှည့်လိုက်ရင်း

"ဘာလာလုပ်တာလဲ"

အရင်လို မနွေးထွေးတော့သော လေသံဖြင့် ဝတ်ကျော







မေးမိသည်။ ဆန်းအေးစကားတွေက သူ့ကိုစိတ်အနှောင့်အယှက်

ဖြစ်စေခဲ့ပြီ။

ပြီးတော့ ရင်းနှီးမှုကို အဟာန့်အတားဖြစ်စေ၏။

"အဲမယ် မေးနေရသေးတယ်၊ လာလည်တာပေါ့လို့ ဒီနေ့

အမေးပွဲဖြေလို့ ပြီးတယ်လေ မနက်ဖြန်ကစပြီး ကျောင်းတွေအပြီး

တ်ပြီ၊ ဒီကို နေ့တိုင်းလာသောင်းကျန်းမှာ"

ကလေးသာသာအရွယ်ပေမယ့် နှမတ်ဝင်းစိုနေသော မျက်နှာ

အလှကို ခုမှ သတိထားမိသွား၏။ သတိထားမိတော့ ပဓာန ရင်ထဲ

မျိုးကြီးဖြစ်မိသည်။

မရိုးမသားစိတ်ကြောင့်မဟုတ်ပါ။

ဒီလို လှလို့ ဒီလို အသတ်မှတ်ခံရတာပါလားဆိုတာ တွေးမိ

ဖြစ်သည်။

ထိုအခိုက်မှာပဲ ဝတ်ပုံစားပုံကို အကဲခတ်မိလေသည်။ ကြီးတစ်

ချောင်းဆင်စွယ်ရောင်အင်္ကျီက ဂါဝန်လို တစ်ဆက်တည်းဖြစ်ကာ

လောက်ပဲ ရှည်သည်။ ကလေးကို ကလေးလိုပဲ မြင်နေခဲ့ပေမယ့်

ဆန်းအေး ဘယ်လောက်ထိ သက်ာမကောင်းရှိနေသလဲ။

ငါ့ရဲ့အမူအရာတွေမှာ ဘာမရိုးသားတာပါနေလို့လဲ။

သံစဉ်ကို ဘယ်နှခါများငေးမိလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးစွာ ဆက်ဆံခဲ့မှုမှာ အမြင်မတော်တာရေ
ဖြစ်သွားခဲ့သလား။

သူ အနေအထိုင် ဆင်ခြင်ဖို့လိုနေပြီ။

သံစဉ်က ငယ်သေးပေမယ့် အရွယ်ရောက်သူလို ထွားနေသေ
ဆန်းဖေသူ့ကို အထင်လွဲခဲ့တာပါ။

သူက မကြေညာဘဲ လူပျိုကြီး လုပ်မဲ့ကောင်။

သူကြည့်နေဆဲ သံစဉ်က ဘီးတစ်ချောင်း မှန်ဝိုင်းတစ်ချ
ထုတ်၍ ခပ်လှမ်းလှမ်းကို လျှောက်သွား၏။ ပြီးတော့ ပြုပြင်ထားပုံရသေ
ပြောင်လက်ဓာတ်ခဲနှင့်နေသည့် ဆံနွယ်တွေကို ဂရုတစိုက်ဖြီးနေသည်။

ထို့နောက် စလွယ်သိုင်း အိတ်နက်ထဲက တစ်စုံတစ်ခုထု
လျက် နှုတ်ခမ်းမှာ ဖော့တာတွေ့လိုက်ရသည်။

နှုတ်ခမ်းနီထပ်ဆိုးတာပဲဖြစ်သည်။

ပဓာန သက်ပြင်းချမိသည်။

ဒီကောင်မလေး လှချင်နေပြီပဲ။

"ကိုကို"

"ပြော"

"ကိုကို ငံကော"

"အပြင်သွားနေတယ်"





"ထင်သားပဲ ကိုကိုငံကို ကားနဲ့ ရိပ်ခနဲတွေ့မိတာပဲလို့ ဒါပေမဲ့
တစ်ယောက်တည်းမဟုတ်နိုင်ဘူး ဘေးမှာ မိန်းကလေးတစ်ယောက်
ပါတယ်"

"ဪ"

ငံက ရည်းစားများသူမို့ ထိုမြင်ကွင်းက မဆန်း။ ထို့ကြောင့်
အမှတ်တမဲ့ပဲ ထားကာ

"သူများ အကြောင်းမေးမနေနဲ့ ညည်းအကြောင်းပဲပြော၊
ယောက် အလှပြင်နေပုံထောက်ရင် ရည်းစားရနေပြီလား"

"ဟာ ပေါက်ကရ"

အပျိုဖြန်းကလေးလို ရှက်သွားတော့ ပဓာန ဒုတိယအကြိမ်
သက်ပြင်းချမိသည်။ ခက်ချေပြီ။ ဒီကောင်မလေးကလေးစိတ် မဟုတ်
တော့ပါလား ဟု တွေးရင်း ရင်ပူမိသည်။

"ပေါက်ကရ လုပ်မနေနဲ့၊ အရွယ်ဖြင့်လက်မလောက်ပဲ ရှိသေး
တာ ဟိုစိတ် ဒီစိတ်တွေ လျှောက်မတွေးနဲ့ ရိုးရိုးပဲနေ"

ပဓာန စကားကြောင့် သံစဉ်ရဲ့ ခေးသာညို နှုတ်ခမ်းကလေး
မှာ ရုတေ်သွားခဲ့ရင်း မကျေနပ်ဟန် မျက်စောင်းထိုး၏။

"အမယ်လေးနော် ဟိန်းဟောက်နေလိုက်တာများ ခြင်း
ထောင် အရှုံးပေးရမယ်၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပါနော် လွတ်ပေးခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

"ဘာ ပြောတယ်"

နာခံမည်ဟု တစ်ထစ်ချ ယုံကြည်ထား၍ ကလန်ကဆန်လုပ် တော့ ဒေါသဖြစ်သွားရသည်။

"မရွှန်နဲ့ သံစဉ် နင့်အတွက် ငါကပြောတာ ဒီအရွယ်လေးနဲ့ ဒီလောက်လုချင်တာ မကောင်းဘူး။ အားနာနာနဲ့ ပြောရမှာပဲ နောက်တစ် ခါ ဒီကိုလာရင် အလှအပတွေ ပြင်ဆင်မလာနဲ့ ငါလူအပြောလွှတ်နိုင် တယ်"

"ဟင်"

ပြောပြီးတာနှင့် မျက်နှာပူလာတာမို့ ချက်ချင်း ရေချိုးခန်းထဲ ဝင်ကာ ရှောင်ထွက်ခဲ့သည်။

ထို့နောက် Bath Tub ထဲမှာ စိမ်ရင်း သံစဉ်ပြန်သွားမည့် အချိန်ကို စောင့်ဆိုင်းနေလိုက်သည်။

ငါ့အတွက် ငါ့သိက္ခာအတွက်က လွဲရင် ဘာကိုမှ ဂရုမစိုက် ဘူး ဆန်းဒေး။

ငါမချစ်တတ်တာ မင်းသိလျက်နဲ့။



## အခန်း (၁၅)

နှိုးတံတစ်ချောင်း ဆူးခက်တွေ ပြည့်နေသည့် နှင်းဆီပုံက ...ဘဲ ပန်းနုရောင်ကလေး။ ပွင့်ဖတ်လွှာကလေးတွေက နူးညံ့သလို ...လည်း သင်းသည်။

နှစ်သက်စရာကောင်းပေမယ့် ထိကိုင် နမ်းရှိုက်ဖို့ ဝန်လေးနေမိ ...သည်။

ဆူးစူးမှာ ကြောက်၍ပါ။

"ယူလေ ခေဝရှာ"

ဝ် အတင်းထိုးပေးသည့်တိုင် လက်မလှမ်းသေးဘဲ ကြောင် ...နေမိသည်။

"မကြိုက်ဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာ ဟင့်အင်း"

"ကြိုက်သားပဲလို့ပြောတာ ဒါပေမဲ့ ကျွန်မဆရာတွေ ပါရင် မှုန်း တယ်၊ အဲ အလိုလိုနေရင်း ကြောက်နေတာပဲ ၊ ရှင်ပေးချင်ရင် ခူး ဖယ်ပြီးမှပေး"

အုပ်မိုင်းမတတ်ဖြစ်နေသော ဇံ မျက်နှာချောချောသည် ပြန် လည်ကြည်လင်သွားကာ လက်ခံသလိုပြုံးသည်။

"ဟုတ်ပြီ ကိုယ် ဖယ်ပေးမယ်နော်"

"ဘယ်လိုဖယ်မလဲ"

"ချိုးပစ်မယ်"

"ဟင် လက်တွေ စူးဦးမယ်"

"အေး ဆေးပါ"

ပြုံး၍ပြောကာ ဆူးကို တစ်ချောင်းချင်းချိုးနေတာမို့ အသ ကြည့်နေလိုက်၏။

ထိုခဏအတွင်းမှာ အမှတ်တမဲ့ရှိနေခဲ့သော မျက်နှာ၏ ချေ မွေ့မှုကို သတိထားမိသွားလေသည်။ အလုပ် လုပ်နေရင်းတောင် ပါးနှ ထင်အောင် ပြုံးနေတာမို့ နစ်လိုဖွယ်ကောင်းနေ၏။

ပြီးတော့ စိမ်းမှောင်သော မျက်ခုံးတန်းအောက်က ညိုလဲ





ဒိုနေသော မျက်ဝန်းတွေရဲ့ လှပမှု။

ဘယ်လိုပဲ ကြည့်ကြည့် အဆင်ပြေနေသော မျက်နှာက ခံပင် ညို့တွေနှင့် တင်တယ်နေ၏။ ထပ်ကာထပ်ကာ ကြည့်ချင်စရာကောင်း သော မျက်နှာကလေးက ဆူရက်ကျိုနှင့်တော့ တခြားစီ။

ဆီနဲ့ရေလိုပဲ ကွာပါသည်။

ဆူရက်ကျိုရဲ့ မျက်နှာပေါ်က ခက်ထန်မာကြောမှုတွေကြောင့် ကြည့်မိတိုင်း ကျောချမ်းရတာ အခါခါ။ ရင်ထဲမှာလည်း မွလောင်သည်။

ဘယ်လိုမှ မအေးချမ်းသော မျက်နှာကို မေ့ပျောက်ထားလို့မရ။

ထို့ကြောင့် ဆူရက်ကျိုနှင့် လက်ထပ်ဖို့ကို ရှောင်လွှဲရင်း နိုင်ငံ ခြားတစ်ခု ရောက်သွားနေမိသည်။ ဦးနှောက်ထဲမှာလည်း သူ့လက် က လွတ်ဖို့ကလွဲရင် ဘာမှမရှိ။

"ရော့ ပြီးပြီ"

ငေးနေဆဲ လှမ်းပေးတာမို့ ဒေဝစ္စရာ ရှက်ကိုးရှက်ကန်းဖြစ် သွားရသည်။

"ဆောရီး"

"ဘာကို ဆောရီးလဲ"

ဇံက ရိပ်မိစွာ ပြုံးစိစိမေးပြီး ခြေတစ်လှမ်းရှေ့တိုးလိုက်သည်။ ဒီအခါ ဒေဝစ္စရာနှင့် လွန်စွာနီးကပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓေဝဇ္ဇရာက ခေါင်းခါပြီး ခြေတစ်လှမ်း နောက်ဆုတ်ကာ

"ကျွန်မ အတွေးလွန်သွားတဲ့ အတွက်ပါ ပေးလေ အဲ့ဒီပန်း"

ပန်းအပေးအယူမှာ ထိခတ်သွားသော လက်ချောင်းတွေရဲ့ နူးညံ့မှုကို ဇ ရင်ခုန်သွားမိသည်။

ချစ်လိုက်တာ မိန်းကလေးရယ်။ တို့လေ မင်းကို တစ်သက်လုံး မြင်ချင်တွေ့ချင်နေတယ်။ အဲ့ဒီ အခွင့်အရေးရအောင် ဘယ်လိုကြိုးစားရမလဲ။

ရိုးရိုးသားသား ချစ်ခွင့်ပန်ချင်ပါတယ်ကွာ။ ဒါပေမဲ့

"ဘာကြည့်နေတာလဲ ကျွန်မ်အတွက် လေယာဉ်လက်မှတ် စီစဉ်ပြီးသွားပြီလား။ အဲ့ဒီကိစ္စကို နေ့ရွှေ့ ညရွှေ့လုပ်နေတာ ကြာပြီနော် ခုကော"

"ဟို"

လုပ်မပေးချင်၍ အမေ့ခံနေတာမို့ ဘာပြောရမှန်းမသိဖြစ်သွားမိသည်။

"ပြောလေ ရှင်ဒီဟာလေးကို မကူညီနိုင်ဘူးလား"

"ကူညီနိုင်တယ် ဒါပေမဲ့"

ဘာဖြစ်လဲ"

"ကူညီချင်တဲ့စိတ်မရှိလို့"





"ဘယ်လို"

လှပစိမ်းဖန့်သော မျက်ခုံးတန်းကလေးတွေ တွန့်ခေါက်သွားရင်း နားမလည်သလို ကြည့်လာသည်။

"ဟုတ်တယ် တို့အတွက် အဲ့ဒီကိစ္စက ဘာမှမခက်ပါဘူး ဒါပေမဲ့ တို့ဝန်လေးနေတာရှိတယ် အဲ့ဒါ"

"ရှင် ဆက်မပြောနဲ့တော့ ဇ၊ ကျွန်မရှင်ပြောမှာကို သိနေတယ် မကြားချင်ဘူး အချစ်တွေ မေတ္တာတွေလာမပြောနဲ့ ကျွန်မ မခံစားချင်ဘူး ဖြစ်နိုင်ရင် တစ်ယောက်တည်းတောင် သီးသန့်နေချင်တာ၊ ရှင်က ကူညီတာလေးအကြောင်းပြပြီး ယောချွပ်နေတာပဲ၊ ရှင်က အကျိုးလိုလို့ ဒီလို အကူအညီပေးတာလား။ ရှင့်ကို ရိုးသားတဲ့လူတစ်ယောက်အဖြစ်နဲ့ပဲ မြင်ပါရစေ၊ ဆူရက်ကိုလို ဉာဏ်များတဲ့ ယောကျာ်းတစ်ယောက် နဲ့လာမယ်ဆိုရင်တော့ ကျွန်မစဉ်းစားဖို့ လိုလာပြီ"

"စဉ်းစားမယ် ဟုတ်လား ဓေဝဇ္ဇရာ မင်းက ဘာကိုစဉ်းစားမှာလဲ"

"ဒီကနေ ထွက်သွားတော့မှာကိုလေ ကျွန်မက ဘာသံယောဇဉ်အနှောင်အဖွဲ့ကိုမှ မလိုချင်ဘူး အချိန်တန်ရင် အိမ်ပြန်ရမယ့်အဖြစ်မှာ ဘယ်သူ့ကိုမှ ဝေဒနာမပေးခဲ့ချင်ဘူး"

"အဲ့ဒီဝေဒနာကို တို့လိုချင်တယ်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အရှုံးပဲ"

ဒေဝရှရာက အားမနာစတမ်း ဝေဖန်ကာ တိုက်ထဲပြေးဝင်သွားလေသည်။

ငံ နားထဲမှာ "ရှင် အရှုံးပဲ"ဆိုတာကို ထပ်ခါတလဲ ကြားလို့မဆုံး။

သူနိုးက လှုပြန့်ဟပ်သည့် သဘောပါပဲ။ ဒါပေမဲ့ သူမဘယ်လိုပဲဖြစ်ဖြစ် သူ့ အသည်းနှင့်အောင် ချစ်နေခဲ့ပြီ။

အချစ်က အပြစ်တွေ မမြင်စေဘဲ အချစ်တွေပဲ မြင်စေတာမို့ သူ ဒေဝရှရာကို သိပ်ချစ်ပါသည်။

■ ■ ■



## အခန်း (၁၆)

"မင်း ဟိုတစ်နေ့က ပြောလိုက်တာ လွန်တယ်ကွာ"

ရှေ့ဂစ်တာသေးသေးကလေးကို တယုတယကိုင်နေသော ဆန်းအေးက အစမရှိအဆုံးမရှိ ထပြော၏။ အခန်းထဲမှာ ငံနှင့်ပမာန နှစ်ယောက်စလုံးရှိနေသည်။ ထို့ကြောင့် မည်သူ့ကို ရည်ရွယ်သလဲဆိုတာ မထင်ရှား။

"မင်း ဘယ်သူ့ကို ဘာအကြောင်းပြောနေတာလဲ ဆန်းအေး"

ဆန်းအေးက ရှေ့ဂစ်တာကလေးကို စားပွဲပေါ်တင်ကာ ထောင်ထားသည့် ဂစ်တာကြီးကိုဆွဲယူ၍

"ပမာနကို ပြောနေတာ အဲ့ဒီကောင်လေ သံစဉ်ကို သူ့ချမ်းမို့ တင်ပြတ်နိုင်တဲ့ လူတွေကျနေတာပဲ စကားပြောရင် ဆင်ခြင်ပြော



www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်"

"ဟုတ်လား ပဓာန မင်းဘာသွားရမ်းလို့လဲ"

ဇံက ဆန်းဒေးချလိုက်သည့် ရွှေရစ်တာပုံရင်ထိုးကလေး ဖျတ်ခနဲကောက်ယူကြည့်ကာ မေးသည်။

"အလကားပါ သူ့ အလုတွေပြန့်လွှန်းလို့ ငါကခုံးမလိုက်တာ ဒီအရွယ်ကလေးနဲ့ တော်ရုံသင့်ရုံလောက်ပဲ ကောင်းတယ်လို့"

ဒါလောက်ကတော့ ပြောသင့်တာပဲ ဆန်းဒေးရာ၊ ပြောပ ဒီလူတွေမှ မဆုံးမရင် ထင်တိုင်းကြဲနေမှာ"

"မင်းကော ထင်တိုင်းမကြဲဘူးလား"

"ဘာကိုလဲ"

ဇံက မေးရင်း ရင်ထိုးကလေးကို ဘောင်းဘီအိတ်ထဲကို ထည့် လိုက်၏။

"အဲမှာ ဟော့ကောင် အဲ့ဒါ ဘာလုပ်တာလဲ ငါမြင်တယ်နော်"

ပြောရင်း ပဓာနက ထ လာတော့ ဇံကရင်ထိုးကို ဘောင်းဘီ အိတ်ထဲမှပြန်ထုတ်ကာ ရင်ဘတ်ကြားထဲ ထည့်လိုက်သည်။

"ယူတာလေ ငါလိုချင်လို့ ဒီဟာက မင်းပစ္စည်းလား ပြီးရင် ပိုက်ဆံပြန်ပေးမယ်ကွာ၊ ရတယ်မဟုတ်လား"

"အပိုတွေပြောမနေနဲ့ကွာ၊ လိုချင်ရင်ယူလိုက် ခိုးကြောင်ခိုးဝှက်





တော့ မလုပ်နဲ့ ကြောင်ပဲယူ"

"ကျေးဇူးပဲ"

"မင်းက ဘယ်သူ့အတွက်ပေးဖို့ဝယ်ထားတာလဲ ပဓာန"

"သံစဉ်အတွက်"

"ဪ"

ဆန်းဒေးမျက်နှာပြုံးစိစိဖြစ်သွားတော့ ပဓာနက မျက်နှာကို အစွမ်းကုန် တင်းပစ်ကာ

"မင်းမျက်နှာကို ငါမြင်တတ်နေတယ် ဆန်းဒေး ငါ့ကို အဲ့ဒီလို မြှော်ကြည့်နဲ့ မကြိုက်ဘူး ငါ့ရင်ထဲ ဘာမှမထားခဲ့လို့ပဲ ပေးတာပါ။ လေးသာသာ အရွယ်နဲ့ငါ့ကိုစတာ အခံရခက်ဆုံးပဲ၊ ငါ့ဘက်က ရှိသား တယ်လို့ ပြောပြီးပြီနော်၊ ဒေါသဖြစ်လာရင် သည်းခံနိုင်မှာ မဟုတ် ဘူး"

ပဓာန တင်းလာတော့ ဆန်းဒေးမျက်နှာငယ်ကျသွားကာ တာကို ပြန်ထားလိုက်ရင်း

"မင်းကလည်းကွာ ဒေါသချည်းပဲ၊ ဒီလောက်ကလေးတောင် ပြောမခံတော့ဘူးလား။ ငါတို့က အပျော်သဘောနဲ့ စတာပါကွာ၊ သိကွာကို ချတာမဟုတ်ပါဘူး မကြိုက်ရင် မစတော့ဘူးကွာ ကွာ"

"ပြီးရော နောက်တစ်ခါ ဒီစကားတွေထပ်မပြောချင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ ပြောနေရရင် မကောင်းဘူး"

ပဓာန ခါးခါးသီးသီးဖြစ်နေတာကိုကြည့်ပြီး ဗံသဘာကျ[illegible] ပြုံးမိသည်။

ပဓာန သည်လို မာနကြီးတာကိုပဲ သူနှစ်လိုခဲ့သည်။ ပဓာန[illegible] သူ့ သူငယ်ချင်းမဟုတ်ပေမယ့် အိမ်ပေါ်ခေါ်တင်ဖို့အထိ ကြည်ဖြူခဲ့သည်

ပဓာနက စာတော်သူမို့ မဟာသိပ္ပံတန်းထိ တက်ဖြစ်ခဲ့ပေမယ့် သူ့စီးပွားရေးက အခြေမခိုင်။ နာမည်ကြီး အဆိုတော် တစ်ယောက် အိမ်မှာ ကားဒရိုင်ဘာရဲ့ သနားသဖြင့် မွေးစားခြင်းကိုခံယူကာ ရပ်တည် ခဲ့ရရှာသည်။

ခွေမျိုးတွေရှိပေမယ့် သူတို့တောင် ဝမ်းဝဖို့ အနိုင်နိုင် အခ[illegible] အထားမို့ ပဓာနကို အိပ်စရာနေရာပဲ ပေးထားနိုင်သည်။

ထိုအကြောင်းတွေ [illegible]နေသော ကားဒရိုင်ဘာဦးချိုက စာစရိတ် ပညာသင်စရိတ်တွေ ထောက်ပံ့ပေးသည်။

ဘဝတူချင်းမို့ သနားတာဖြစ်မည်။

ဒါပေမဲ့ ပဓာန အတန်းကြီးလာတော့ စရိတ်မနိုင်ဖြစ်လာ[illegible] ညဘက်မှာ တက္ကစီထွက်မောင်းပေးသည်။ အိမ်ရှင်တွေကသိတော့ [illegible] ငေါက်တာခံရသည်။

မင်းနဲ့ဘာဆိုင်လို့လဲဟု မေးတိုင်း ဦးချိုမှာ ယောက်ျားဖြစ်[illegible]





[illegible]ရည်ဝဲရသည်ဟု ပြောပြသည်။

ထိုနောက်မှာ သူများအိမ်မှာ လခစားလုပ်သည့် ကားဒရိုင်ဘာ [illegible]ရုပ်က ထွက်ကာ နေ့ရောညပါ တက္ကစီမောင်း၍ငွေရှာသည်။

ထို့ကြောင့် ပဓာန မဟာသိပ္ပံဘွဲ့ယူနိုင်ခဲ့သည်။ တက္ကသိုလ် [illegible]ည်ပြုပြန်လုပ်ရင်း ဒေါက်တာဘွဲ့ရဖို့ ကြိုးစားနေစဉ် ဦးချို ကားအက် [illegible]င့် ဖြစ်ကာ ဆုံးပါးသွား၏။

အမွေအဖြစ် ဦးချို၏ အိမ်ကလေးကို ရလိုက်၍အမျိုးတွေ [illegible]ှာကပ်နေစရာမလိုတော့။

ထိုအိမ်ကလေးမှာနေရင်း လက်လှမ်းမီသမျှ ကျောင်းသားတွေ [illegible]ပြပေးသည်။ အလယ်တန်းကျောင်းသားတွေက များပါသည်။

အသင်အပြ ကောင်းသူမို့ တစ်ဆင့်စကားတစ်ဆင့်နားနှင့် [illegible]သာပါရောက်လာသည်။

သွက်လက်ထက်မြက်သူမို့ ပဓာနရဲ့ အသည်းကျော်ဖြစ်လာခဲ့ [illegible]

"ကိုကိုဗံ သံစဉ်ရဲ့ ဆရာက ရှေ့လမှာ ဒေါက်တာဘွဲ့ရတော့ [illegible]ယား ဒါပေမဲ့ ဆရာက အလုပ်ထွက်မှာတဲ့ ဘာလို့လဲမသိဘူး။ [illegible]စရာကြီးနော် ၊ အဲ့ဒါအပြင်မှာ အလုပ်တစ်ခုခုရအောင် သံစဉ် [illegible]ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြောပြလာသည်။

"ညည်းက ဘယ်လိုကူညီမှာလဲ"

သူ့ စိတ်လိုလက်ရမေးတော့ သံစဉ်က သူမစိတ်ကူးတွေ

ပြောပြလေသည်။

"ဆရာက သူအခုနေတဲ့ မင်္ဂလာဒုံဘက်ကခြံကိုရောင်းမယ်

လေ၊ အဲ့ဒါ သံစဉ်ဝယ်မယ် ဆရာအရင်းအနှီးရအောင်လို့ပါ"

"ခြံရောင်းတော့ သူက ဘယ်မှာသွားနေမလဲ"

"ဟဲ ဟဲ ကိုကိုတို့အိမ်က အကျယ်ကြီးပဲဟာ"

"ဘာ ဘာ ငါက ခေါ်ထားရမယ်"

"အံမယ် ဖြစ်ပျက်သွားလိုက်တာ သံစဉ်က လခပေးမှာ

ဆရာက ခုစာပြနေတာ ငွေလုံးဝလက်ခံတာမဟုတ်ဘူးလေ၊ ဆရာ

လည်း ကျေးဇူးဆပ်ခွင့်ရအောင် လခပေးချင်လို့"

"ငါက ငွေကြောင့် မဟုတ်ပါဘူး၊ အဲ့ဒီလောက်လည်း

မလိုအပ်ဘူး၊ ငါ့အိမ်က ဇုားစားမှာမဟုတ်ဘူးလေ၊ အဲ့ဒါ ပြော

"မရဘူး ခေါ်ထားရမှာပဲ၊ ကိုကိုဆန်းလိုပဲပေါ့၊ သူငယ်

အမှတ်နဲ့ပေါင်းရမယ် ဒါပဲနော် အိမ်ရှင်ဆိုပြီး တင်တင်းစီးစီးပြော

မကြီးနဲ့"

သံစဉ်ကြောင့်ဆိုတာထက် ရှယ်တူတစ်ယောက်မို့ လိုက်





ပြီးဆိုခဲ့သည်။ ပေါင်းသင်းကြည့်မှ တကယ့်ကို တန်ဖိုးရှိ လူတစ်ယောက်

မှန်းသိကာ ကျေနပ်ကြည်ဖြူမိသည်။

ထို့ကြောင့် အိမ်သားတွေလိုပဲ ဖြစ်ခဲ့ပြီ။

တူ တူ။

ပဓာန လက်ထောက်ရပ်နေသည့် စားပွဲပေါ်က ဖုန်းမြည်လာ

ပြစ်သည်။ ပဓာနက ဖုန်းကိုငေးငေးရီရီကြည့်နေပြီးမှ ကောက်ကိုင်

သည်။

"ဟဲလို"

"ခု ဆက်နေတာ ဘယ်သူလဲ"

ညြည်ရှရှ ဝဲတဲတဲအသံကြောင့် ပဓာနမျက်ခုံးတွေ ကြုံ့ဝင်

ခဲ့သည်။ ဒါ ဆူရက်ကို့ အသံ။

"ပဓာန"

"ဩော် မင်းကိုး အတော်ပဲ မေးစရာရှိတယ်"

ပြောလာပုံက ထောင့်မကျိုးဘဲ တင်တင်စီးစီးရှိလွန်းတာမို့

သက ထောင်းခနဲထွက်သည်။ ဒါပေမဲ့ စိတ်ကိုထိန်းကာ

"မေး မေး ဒါပေမဲ့ ၅မိနစ်ပဲ အချိန်ရမယ် ဆူရက်ကို့ ငါ့မှာ

ရှိသေးတယ်"

"မင်းကိစ္စက ငါ့ကိစ္စလောက် အရေးကြီးမယ် မထင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆူရက်ကို့ ပြောစမ်း ငွေထက်ဖ ဘယ်မှာလဲ"

"ရှိသားပဲ"

"သူ ငါ့ ဓေဝစ္စရာကို မ သွားပုံပဲ၊ ဓေဝစ္စရာ ငါမြင်ကွင်း မှာ ပျောက်နေတယ်၊ အဲဒီကောင် ဘယ်မှာဝှက်ထားသလဲဆိုတာ မေးကြည့်စမ်း"

ပဓာန ရင်ထိတ်သွားပေမယ့် မဖြစ်နိုင်ပါဘူးဟု တွေး ဇကို လှမ်းကြည့်မိသည်။

ဇက ဆိုဖာရှည်ကြီးပေါ်မှာ လဲကာ မျက်လုံးတွေကို စုံမှိတ် ထားလျက် ငြိမ်သက်နေလေသည်။

ဇ ထံမှ အကြည့်လွှဲလိုက်ရင်း

"မင်း အဲဒီလို မစွပ်စွဲနဲ့ ဆူရက်ကို့ ဇက နိုးကြောင်နိုးရှ လုပ်မယ့် လူစားမျိုး မဟုတ်ဘူး။ ဇကို ဓေဝစ္စရာနဲ့ပတ်သတ် အကုန်ပြောပြပြီးသား။ လူကောင်းတစ်ယောက်က စိတ်ရောဂါသည် တစ်ယောက်ကို တမ်းတမ်းစွဲ ချစ်မိဖို့ဆိုတာ ခက်ခဲပါတယ် ရင်းရင်း မယ်ကွာ ဇလို လူမျိုးက မိန်းမတစ်ယောက်ကို ဆယ်ရက်ပြည့်အောင် စွဲလန်းတဲ့ လူမဟုတ်ဘူး။ အားလုံးကို မေ့မေ့ပျောက်ပျောက်ပဲ၊ မင်း ဓေဝစ္စရာကို ဝှက်ပေးထားတယ်ဆိုတာ မဖြစ်နိုင်ဘူး"

တစ်ဖက်မှ ခပ်ကြိတ်ကြိတ်တက်ခေါက်သံကို ကြားလိုက်





...ည်။

"ကောင်းပြီလေ ငါ့ဘက်က သေချာသွားရင် ရက်စက်ရမှာပဲ ...း ကောင်ကိုကြည့်ရှောင်နိုင်းပေတော့ ဓါပဲ"

ဓေါ်သတကြီးပြောဆိုသွားတာကို နားထောင်ရင်း ပဓာန ...ပြင်းရှိုက်မိသည်။

"ဘယ်ကဖုန်းလဲ ပဓာန"

"ဆူရက်ကို့ဆီကလေ"

"ဘယ်သူ"

ဆန်းအေးက ဆူရက်ကို့ကို မသိ၍ နားမရှင်းသလိုထပ်မေးသည်။

"ဆူရက်ကို့လေ ဖြော် အေး မင်းက ဘယ်သိမလဲ ဟိုကောင် ...နိုင်တာ"

ထိုအခါမှ ဇက ဝုန်းခနဲထရင်း ပြူးပြူးပျာပျာမေးသည်။

"ဆူရက်ကို့ ဟုတ်လား ဘာတဲ့လဲ ဘာပြောသွားလဲဟင်"

"နေပါဦး ဒီလောက်ကြောက်နေပုံတောက်ရင် မင်း မရိုးသား ...း လုပ်ခဲ့သလား"

ဇ မျက်နှာပျက်ကျသွားကာ ခေါင်းခါသည်။

"ဘာမှမလုပ်ဘူး သူဘာပြောသလဲ ဆိုတာ သိချင်လို့မေးတာ"

"ဒါဆိုရင် မမေးနဲ့တော့ ဘာမှမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပြီးတာပဲ ငါက ဘာများလဲလို့"

ဇံက စိတ်သက်သာရာရသလို ပြောကာ ဆိုဖာဆက်တီ
ပြန်ထိုင်၏။

"မင်းတို့ အဲ့ဒီလူနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ ငါ့ကို ပြော
ဦးလေကွာ"

"ဘာမှ မပတ်သက်ဘူး ဆန်းဒေး၊ အလကားပါ
ပေါ်ကြောင်ကြောင်ကောင် တစ်ယောက်ပါ"

ပဓာန မှတ်ချက်ကြောင့် ဆန်းဒေးမျက်မှောင်ကုပ်သွား

"ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်ပေါ့ကွာ သတိထားတာ အကော
ဆုံးပဲ"

စိတ်ပူသလို သတိပေးသည်။

"အေးဆေးပါကွာ ကိုယ်မှန်နေရင် ဘာမှကြောက်စရာမလို

ပဓာန ခပ်ပေါ့ပေါ့ပြောလိုက်ပေမယ့် ဇံ ဘာမှပြော
ခပ်လှုပ်လှုပ်မျက်နှာကို အသာပွတ်ချေရင်း အကြံထုတ်နေ
ဆူရက်ကျိုလက်က လွတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ တွေး

ဆူရက်ကျို ရက်စေ့ပြီး မြန်မြန်ပြန်ပါစေဟုပဲ ဆုတောင်း
ဖြစ်နေသည်။ ဒါပေမဲ့ သည်ရက်ပိုင်းထဲမှာ ကိုယ့်ဘက်က အခွင့်
တစ်ခုရအောင် ကြိုးစားဖို့လိုနေပါပြီ။



## အခန်း (၁၇)

"ဇံ ညကပြန်မလာဘူးထင်တယ် ငါနားစွင့်နေတာ ကားသံ
ကြားရဘူး"

"ဟင် ဟုတ်လား"

ဆန်းဒေးစကားကြောင့် ပါးစပ်နားရောက်ပြီးသားကော်ဖီကို
သောက်ဖြစ်ဘဲ ပြန်ချကာ ထပ်မေးမိသည်။

"မကြားရဘူးဆိုတော့ မင်းကမအိပ်ဘဲ ထိုင်စောင့်နေလို့လား
ရင်လည်း သူကညဉ့်နက်မှပြန်လာ ပြီးရင် ငါတို့မနိုးခင်ထပြီး
သွားတာ အပြင်ထွက်တတ်တာပဲ၊ ခုလည်း ဒီလိုများလုပ်သွားသလား
သိတာ"

"မဟုတ်တာကွာ ပြန်မလာတာပါ၊ ငါညက တစ်ရေးမှ မအိပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရဘူး။ မျက်တွင်းချောင်နေတာပဲ ကြည့်ပါလား"

ဆန်းဒေးက သူ့မျက်ကွင်းညိုတွေကို သက်သေထား... ပြောတော့ ပမာန စိုးရိမ်လာသည်။ ယောက်ျားလေးမို့ မိန်းကလေး... လောက်အန္တရာယ်မရှိ။ ဒါပေမဲ့ တွေးမှုတတ်လျှင် စားမဝင်နိုင်တော့...

"ဟော့ကောင် စားလေ၊ ဘာလုပ်နေတာလဲ"

ကော်ဖီပန်းကန်ရှေ့တိုးပေးလာတာမို့ လက်ကာပြ... ကုတ်အင်္ကျီထဲက ဟန်းဖုန်းကို ထုတ်ရင်း

"ဘယ်ရောက်နေလဲ မသိဘူး။ ငါဖုန်းခေါ်ကြည့်ဦးမယ် ဆန်းဒေး... တစ်ခုခုများဖြစ်နေသလားပဲ"

"မဖြစ်နိုင်ပါဘူးကွာ၊ အကြောင်းရှိလို့နေမှာပေါ့"

ဆန်းဒေးက ပါးစပ်က သက်သာသလို ပြောနေပေမယ့် ... ပမာနအနား ချက်ချင်းရောက်လာသည်။

"တောက် ဖုန်းပိတ်ထားတယ်ကွ"

"ဟင်"

"ဘာကိစ္စ အဆက်အသွယ်ဖြတ်ထားရသလဲ မသိဘူး။ ဖုန်း... စက်ပိတ်ပြီးလုပ်ရအောင် ဘာတွေများ အဲရေးကြီးနေသလဲကွာ၊ အသည်း... လွန်နေတာမျိုးဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့"

"ဘာကအကြောင်းလဲ"





"မပြောတတ်ဘူး ဒါပေမဲ့ နည်းနည်းတော့ ရိပ်မိသလိုပဲကွာ ...ကောင် ဘာမဟုတ်တာတွေ လုပ်နေတာလဲ မသိဘူး"

"ဟာ ပမာန ဘယ်လဲကွာ ဘာမှမစားတော့ဘူးလား"

ပမာန ခေါင်းခါပြီး ကားပေါ်တက်ကာ မောင်းထွက်ခဲ့သည်။ ...အချိန်က နံနက်(၇)နာရီပဲ ရှိသေးသည်။ သည်အချိန် ဟိုတယ်မှာ ...ရောက်နေနိုင်ပါသည်။

ဒါမှမဟုတ် စက်ရုံမှာများ ရှိနေမလား။

နာရီကို မကြာခဏငုံ့ကြည့်ရင်း ရင်ထဲမှာ ပူလောင်လာသည်။ ...ဇံ တစ်စုံတစ်ခုဖြစ်လျှင် မသိရကောင်းလားဟု ပါမောက္ခဦးသော်ဇင်က ...မည်။ သံစဉ်သာက အပြစ်တင်မည်။

အဲ့ဒါတွေထက် စိုးရိမ်တာက ဇံ အသက်အန္တရာယ် ကိုပဲဖြစ် ...သည်။ အပြစ်တင်တာတွေက လေထဲမှာ ပျောက်ကွယ်သွား...ပေမယ့် ...ဇံ တစ်စုံတစ်ခုဖြစ်ခဲ့လျှင် လျစ်လျူရှုခဲ့ခြင်းအတွက် သူတမြေ့မြေ့ ဖြစ် ...သွားမည်။

"ဇံက စိတ်ရင်းတော့ကောင်းတယ် ပမာန ဒါပေမဲ့ ကြွားတတ် ...ဘာ ဘဝင်မြင့်တာလေးတော့ ရှိတယ်၊ ငါနဲ့ကတော့ ကြီးကြီးမားမား ...ပြဿနာမရှိခဲ့ဖူးဘူး။ သူ့ကအိမ်ရှင်ဆိုပေမယ့် စီးပိုးတာမရှိတော့ တည့်... ...ရှင်းရှင်းပြောရရင် ကျောက်အောင်ခဲ့လို့ရတဲ့ငွေက ဆင်ဂါထာန်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲရှိတယ်၊ အဲ့ဒီတော့ကွာ ငါ့လိုခြေသလုံးအိမ်တိုင်အတွက် မြင်း အိမ်ဆောက်လုပ်ရင် ကုန်မှာအသေအချာပဲ ဒီအချိန်မှာ သူနဲ့သွား တော့ ဟိုတယ်ဝယ်ဖြစ်သွားတာပေါ့"

"ယောက်ျားလေး အပေါင်းအသင်းတွေက မိန်းကလေးအပေါင်း အသင်းတွေထက်စာရင် ပိုကောင်းတယ်ကွ၊ တို့တွေက သာတယ် နာတယ် မတွေးဘူး မေ့ထားပြီး ကူညီတာ၊ မိန်းကလေးတွေက အချင်းချင်း နာတာစ်ဖျားသာမှာကြောက်ရင်း ကြိတ်ပြိုင်နေတာ"

ဇံ အကြောင်းချိုးမွမ်းရင်း ဆန်းဒေးထောက်ပြခဲ့တာ သတိ မိသည်။ တကယ်လည်း ဆန်းဒေးပြောတာ မှန်နေသည်။ သူ့အစွမ်းအစ နဲ့ဆို သိန်းထောင်ပေါင်းများစွာ တန်သည့် တိုက်နှင့်ခြံမှာ နေရဖို့မလွယ်။ ဇံ ပယောဂကြောင့်သာ အဆင့်အတန်းမြင့်မြင့်နေနိုင်တာပါ။

ခုဆို သိန်းခြောက်ထောင်အောက် မလျော့သည့် ခြံကွက်များ ဟန်ကျပန်ကျနေရသည်။ ကားတွေလည်း လဲစီးရသည်။ သည်ကျေးဇူး တွေကို သူဘယ်လိုတုံ့ပြန်ရမှန်းမသိ။ သံစဉ်ကျေးဇူးရှိနေပေမယ့် ဇံ ပိုများနေပါသည်။

တွေးနေဆဲမှာ ဟန်းဖုန်းက သံစဉ်ကလေးတွေမြည်လာသည်။ ယူကြည့်လိုက်တော့ ဆန်းဒေးထံမှ ဖြစ်နေသည်။

"ဆန်းဒေး ဘာပြောမလို့လဲ"





"ဇံ ပြန်ရောက်နေပြီကွ"

"တကယ်လား"

"အဟုတ်ပြောတာ ညကရုံးခန်းမှာ အိပ်သတဲ့လေ၊ ပြောတာ တော့ အမူးလွန်သွားလို့တဲ့"

"ဒေါ့ ဖြစ်ရမယ်"

ပတာန ခုမှပဲ သက်ပြင်းချနိုင်သည်။ ဇံက အရက်သောက် တတ်တော့ ဓါမျိုးဖြစ်တာ မဆန်း။ ဒါပေမဲ့ အရင်ကသည်လောက် အထိ ဘယ်လောက်ပဲ မူးပါစေ အိမ်အရောက်ပြန်တတ်လေသည်။

ခုတော့ သူမှာ ဟိုထင် ဒီထင်တွေမှုရင်း စိတ်ဆင်းရဲခဲ့ရသည်။ အမှန်မသိပေမယ့် စိတ်လေးနေတာတော့ အခုံးစွန်ထိတွေဖြစ်ခဲ့သည်။

သူတွေးမိတာက ခုရက်ပိုင်းပြောသလို ဒေဝစ္စရာကိုများ ဝှက် ထားခဲ့သလားဟု ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဇံ သည်ညကလေးတစ်ညကို တွေးရင်း ရင်ခုန်မဆုံးဖြစ်နေ[illegible]သည်။ သူ့အဲ့ဒီညကလေးကို မရည်ရွယ်ဘဲ ပိုင်ဆိုင်သွားရတာပါ။

"ကျွန်မ ရေချိုးမှာသွားတယ် ထင်တယ် ဇံ အာခေါင်တွေ[illegible] စပ်နေတယ် လူကလည်း ချမ်းစိမ့်နေတယ် ဟင်း ဟင်း ပြောရင်း[illegible] တောင် ချမ်းလာပြီ အင်း နက္ခပါပဲ ကျွန်မက နေမကောင်းရင် အဖျား[illegible] ကြီးတတ်တယ် လူမှန်းသူမှန်းမသိအောင်ကို အဖျားတက်တတ်တာ"

ထုံးစံအတိုင်း သူဝတ္တရားမပျက် ရောက်သွားတော့ ဓေဝစ္စရာက[illegible] အနွေးထည်အထူကြီးနှင့်ဆီးကြိုကာ ညည်းပြသည်။

"ဟာ ဒါဆို ဒီနေ့ တစ်ယောက်တည်းနေလို့ ဖြစ်ပါ့မလား[illegible] ဟင်၊ တို့က ဒီနေ့ စက်ရုံတွေ သွားကြည့်ရမှာ ပြီးတော့ ညှိသည်တွေ





[illegible]နဲ့ တွေ့ဖို့လည်းရှိသေးတယ် တစ်နေ့လုံးကို အားမယ်မထင်ဘူး၊ ဒီနေ့ [illegible]ဘို့တာဝန်လေ အဲ့ဒါကြောင့်"

တစ်ဖက်ကလည်း တာဝန်၊ တစ်ဖက်ကလည်း ကျွန်းမာရေးမို့ [illegible] ရှာမှားသွားမိသည်။ ရဲရဲနီနေသော မျက်နှာကလေးကိုငေးရင်း အမြေး[illegible] [illegible]သွားအကြံထုတ်မိသည်။

"ဒါဆို လူတစ်ယောက်လောက် ခဏထားပေးပါလား ဇံ၊ တို့ [illegible]ယ်ရှယ် နာ့စ်မဟုတ်လည်း ရတယ်လေ၊ ကျွန်မကိုစောင့်ကြည့်ပေး [illegible]"

"ဟာ မဟုတ်တာကွာ တို့စောင့်ပေးပါ့မယ် အလုပ်တွေကို [illegible]တက်ပြီးပြောလိုက်မယ် ညှိသည်တွေက အရောင်းကိုယ်စားလှယ် [illegible]ဆိုတော့ မန်နေဂျာနဲ့တင်ပြီးပါတယ်၊ အဟဲ တို့စောင့်ပေးမယ်နော်"

"အမှိုးမှိုးပဲ၊ ခုနက မအားဘူးဆို"

"ရပါတယ်"

သည်လိုနဲ့ သူတစ်နေကုန်ရှိဖြစ်ခဲ့ပါသည်။ ဒါပေမဲ့ ဓေဝစ္စရာ [illegible]ထားသလို အဖျားမတက်ခဲ့။ တငွေ့ငွေ့ရှိနေသော ကိုယ်ပူရှိန်နှင့် [illegible]နေ့တာကုန်ဆုံးသွားလေသည်။

ညနေစောင်းရောက်တော့ ဇံ အိမ်ပြန်ဖို့ပြင်ဆဲ

"ဇံ ခဏနေပါဦးလား ဟိုဘက်မှာ ဒီလောက်မိုးတွေမှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မိုးအားများရင် ရှင်ကားမမောင်းသင့်ဘူး စောင့်ကြည့်လေ မိုးစဲ ဖွဲပဲကျရင်တော့ ပြန်ပေါ့"

စိုးရိမ်ပေးလာတာမို့ သူ ပီတိဝေသွားမိသည်။

ဒီလောက်ဆို အခြေအနေက မဆိုးပါဘူး။

"ရှင်ဘာပြုံးတာလဲ ကျွန်မပြောတာကြားရဲ့လား"

"ကြားတာပေါ့ မိန်းကလေးရယ် ဒီကောင်က ဖြစ်နိုင်ရင် ပြန်တောင် ပြန်ချင်တာမဟုတ်ဘူး။ မင်းအနားမှာပဲ ရှိနေချင်တာ"

"ဟင် ရှင်နော်"

ဘာကိုဆိုလိုမှန်းသိသွားသော ဓေဝစ္စရာ မျက်နှာထားလေး အဝတ်နီစလို ရဲသွားခဲ့သည်။ မကျေနပ်သလို မျက်စောင်းထိုးပြီး မျက်နှာ လွှဲသွားပုံက စိတ်ဆိုးသွားတာ သိသာသည်။ မှုနေတာတော့ မဖြစ်နိုင်

"ရှင်သွားတော့ ဇံ၊ ရှင်ကိုကြောက်လာပြီ၊ ဒီမှာ ဆက်နေ ကိစ္စက အတော်ကို စဉ်းစားရတော့မယ်"

ကျောခိုင်းလျက် အနေအထားက ပြောလာတော့ ဇံ မခံချ စိတ်ဖြစ်ထွန်းသွားရသည်။ သူ့ဘက်က စောင့်ထိန်းခဲ့တာတွေကို သူ အသိအမှတ်ပြုဖို့ကောင်းပါ၏။

ဒီလောက်ချောတဲ့ရုပ်ကို နည်းနည်းကလေးမှ မတိမ်းညွတ် တဲ့လား။





မင်းအသည်းမာလွန်းတယ် အချစ်ရယ်။

"ဓေဝစ္စရာ"

"အို ရှင် ဘာလုပ်တာလဲ"

"ရင်ထိုး ထိုးပေးတာလေ"

ဇံက ဓေဝစ္စရာရှေ့ကိုလျှောက်သွားပြီး အနွေးထည်ရင်ဘတ် မှာ ရွှေရင်ထိုးလေးထိုးပေးလိုက်၏။

ဓေဝစ္စရာမှာ ဂစ်တာပုံရင်ထိုးကလေးကို ငုံ့ကြည့်ရင်း အံ့တသြဖြစ်နေသည်။ ရွှေသားအစစ်ဖြင့် ပြုလုပ်ထားတာမို့ နှစ်သက် ဖွယ်ကောင်းလျက် မီးခိုးရောင်အနွေးထည်ပေါ်မှာ ထင်းနေ၏။

"ဂစ်တာကလေးပါလား"

"ဟုတ်တယ် လေ ဒါ တို့အမှတ်တရလက်ဆောင်လေ ရှုတော့ မလှဘူး ဒါပေမဲ့ အမြင်တော့ ဆန်းပါတယ် လက်ခံပါနော်"

"ရင်ထိုးပေးတာ လက်ထဲထည့်ပေးလည်း ရတာပဲ ဒီလောက် ဒီ ရဲတင်းတာတော့ မကောင်းဘူး"

"ဆောရီး တို့စိတ်လောသွားတယ်၊ ဒါပေမဲ့ တို့က မင်းကို ကြိတ်ချစ်နေတာဆိုတော့ ကြင်နာချင်တယ်လေ၊ မင်းကို တန်ဖိုးမထား လို့ မဟုတ်ပါဘူး။ တို့ရဲတင်းလွန်းသွားခဲ့ရင်လည်း အဲ့ဒါက မင်းကို မ နေနိုင်လောက်အောင် ချစ်နေလို့ပဲ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ရေဆက်မပြောနဲ့တော့ ကျွန်မနားမထောင်ချင်ဘူး ဇံရဲ့ ရှင်က အခွင့်အရေးသမားပဲ၊ ရှင်ပြန်ရင်ကောင်းမယ်"

"ဟင့်အင်း တစ်နာရီလောက်ထပ်နေချင်သေးတယ် မိုးတွေ အားကောင်းရင် ကားမောင်းရတာ အန္တရာယ်ရှိတယ်မဟုတ်လား"

ဒေဝစ္စရာရဲ့ မျက်စောင်းလှလှလေးတွေ သူ့ထံအဆက်မပြတ် ကျရောက်လာခဲ့သည်။ ဘာမှ ဆက်မပြောတော့ပေမယ့် ကြည်ကြည် လင်လင်တော့ သိပ်မရှိ။

ဒါပေမဲ့ နာရီဘကြည့်ကြည့်ဖြစ်နေခဲ့တာကို သတိထားမိသည်

သူ့ကိုပြန်စေချင်ပြီ ထင်ပါရဲ့။

သူကလည်း မသိချင်ယောင်ဆောင်ရင်း ပေကပ်ပြီး ဆက်နေ၏။

အချိန်တွေ တ ြ ကုန်ဆုံးခဲ့ပြီးနောက် အလင်းရောင်တွေ ပျောက်ဆုံးစပြုလာသည်။ ထိုအချိန်အထိ သူ့ဧည့်ခန်းထဲမှာ မတုန်မလှုပ် ထိုင်နေ ဖြစ်သည်။

လျှပ်စစ်မီးရောင်ကြောင့် မွေးလက်နေသော ဧည့်ခန်းထဲမှာ သူတို့နှစ်ယောက်တည်း။ ဇံအဖို့ လူကတည်ငြိမ်နေပေမယ့် စိတ်က လှုပ်ရှားနေ၏။

"ည (၇)နာရီထိုးနေပြီ ရှင်မပြန်သေးဘူးလား ဇံ"





ဒေဝစ္စရာ မနေနိုင်တော့သည့်အဆုံး နာရီလှမ်းကြည့်ရင်း ပြောလာသည်။

"အပြင်မှာ မိုးသည်းနေတယ်ကွ၊ ရန်ကုန်ကို ဒီပုံစံနဲ့ပြန်ဖြစ် မယ်မထင်တော့ဘူး ဒါပေမဲ့ မပူပါနဲ့ တို့ခြံထဲက တန်းလျားမှာပဲ အိပ် လိုက်မယ်"

"ဟင် အဲ့ဒါက အလုပ်သမားတွေနေတာလေ ရှင်ဘယ်နေရာ အိပ်မလဲ"

"ရတယ် အလုပ်သမားလည်း လူပါပဲ၊ တို့က အဆင့်အတန်း ခွဲတတ်ပါဘူး"

"အို ဘယ်ဟုတ်ပါ့မလဲ"

"ဒါဆို တို့က ဘယ်လိုလုပ်ရမလဲ"

ဒေဝစ္စရာသည် သူ့ကိုစိတ်ရှုပ်ထွေးသော အကြည့်ဖြင့်ကြည့်ရင်း ဆက်ပြင်းချကာ

"ဒီတိုက်က ရှင်ပိုင်တာပဲ ဒီမှာပဲ အိပ်နိုင်ပါတယ်"

"ဒါပေမဲ့ မင်းသိက္ခာကရှိသေးတယ်လေ၊ အဲ့ဒါကို ထည့်တွက် ရမယ်"

ဒေဝစ္စရာ တွေခန့်ဖြစ်ကာ စဉ်းစားနေသေးသည်။ ခဏကြာမှ "ဂစ်တာရင်ထိုးကလေးကို မြင်မှ သတိရတယ်၊ ဒီညကျင်ရော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပါ မအိပ်တဲ့ ဂစ်တာတီးကြရင်ကောင်းမယ် ကျွန်မက နေမ[illegible] တော့ မတီးချင်တော့ဘူး ရှင်ဂစ်တာတီးပြီး သီချင်းဆိုပြပါလား"

"တစ်ညလုံး အားပါ။ လက်တွေတော့ သွားပါပြီ အဲ့ဒီ[illegible] ဂစ်တာက ဘယ်မှာရှိမလဲ"

လက်ချောင်းတွေကို သနားမိပေမယ့် ရင်ဖွင့်ဖို့အခွင့်အ[illegible] မို့ ဇဝက်ကြွနေမိသည်။ ထို့ကြောင့် တစ်တိုက်လုံးကို လှည့်[illegible] တော့ စတိုခန်းထဲမှာ သွားတွေ့သည်။

"တွေ့ပြီ ဒေဝစ္စရာ"

ဝမ်းသာအားရယူကာ ဖုန်တွေကို တယုတယသုတ်လိုက်[illegible] ဒေဝစ္စရာက သူလုပ်သမျှကို ငြိမ်ငြိမ်ကလေးကြည့်နေခဲ့သည်။

မရည်ရွယ်ပါဘဲ ဘိုဘို၏ "ချိန်းတဲ့ညလေး" သီချင်းကို [illegible] တော့ ရင်ခုန်နှေးတွေးလိုက်သည်ဖြစ်ခြင်း။

ထိုသီချင်းကိုပဲ အခေါက်ခေါက်အခါခါ တီးမိဆိုမိ[illegible] ဒေဝစ္စရာ မျက်နှာပန်းသွေးစို့လာသည်။ မျက်နှာလွှဲကာ ထိုင်[illegible] နောက်ဆုံး အိပ်မောကျသွားရှာသည်။

နာရီကိုငုံ့ကြည့်တော့ ညဉ့်တစ်နာရီခွဲပြီ။

ဆိုဖာထက်မှာ ခွေခွေကလေးအိပ်ပျော်နေသည့် သူမကာ[illegible] ကို မြတ်နိုးတပ်မက်စွာ ငေးစိုက်ကြည့်လိုက်မိသည်။





ခန္ဓာကိုယ်အတွင်းက သွေးကြောတွေ ဆူပွက်လာသလိုခံစား[illegible]ခင့် မျက်နှာလွှဲလိုက်ရသည်။

ထိုခဏမှာပဲ တဟင်းဟင်း ညည်းသံက ရုတ်တရက် ထွက်ပေါ်[illegible]လာသည်။

"ဟာ အဖျားတက်ပြီထင်တယ် ခက်ွပဲ"

ဂစ်တာကို စားပွဲပုကလေးပေါ်တင်ကာ ဒေဝစ္စရာအနား[illegible]ချင်းရောက်သွားမိသည်။

နဖူးကို စမ်းမိတော့ ခြစ်ခြစ်တောက်ပူနေတာတွေ့လိုက်ရ၏။

"ဟီး ဟီး ချမ်းတယ် ချမ်း တယ် ဟင်း ဟင်း မားမား [illegible] မားမား သမီး ချမ်းတယ် အင်း ဟင်း ဟင်း မားမား မသွားနဲ့ [illegible] သမီးလိုက်မယ် မားမား"

ကယောင်ကတမ်းတွေ ညည်းကာ တဆတ်ဆတ်တုန်နေသော [illegible]ကိုယ်ကြောင့် ဇ ပျာယာခတ်သွားမိသည်။

ဒီအချိန်ကြီးမှာ ဆရာဝန်သွားပင့်လို့ရမှာ မဟုတ်။

ဒီအတိုင်း ကြည့်နေရတော့မည့် အဖြစ်ပါလဲ။

ထို့ကြောင့် ရင်ခုန်ခြင်းလက်စနဲ့ပဲ ဒေဝစ္စရာကို အသာပွေ့ကာ [illegible]ခန်းထဲပို့လိုက်ရသည်။ ပြီးတော့ ရှိရှိသမျှစောင်တွေ ထပ်ခြုံပေး[illegible] [illegible]ချမ်းသက်သာအောင် ကြိုးစားပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တဟာင်း ဟင်း ညည်းညူနေခဲ။

ပန်းရင့်ရောင်ဖြစ်နေသော မျက်နှာကလေးကို ငုံ့ကြည့်

ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရသည်။

သနားစရာကောင်းလိုက်တာ အချစ်ရယ်၊ မင်းအစား ကိုယ်

ခံစားလိုက်ချင်တယ်ကွာ

မွှေးရာစပ်မှာ တင်ပါးလွှဲထိုင်ရင်း မျက်နှာလဲ့လဲ့ကလေးကိုပဲ တ

စိမ့်ငေးနေမိခဲ့သည်။ ထိုကာလအတွင်းမှာ အခွင့်အရေးယူပြီး ဟောက်

လိုသောစိတ် စိုးစဉ်းမျှမရှိခဲ့။

ငေးမောနေရုံနှင့်ရောင့်ရဲကျေနပ်နိုင်ခဲ့သည်။

ဒီလိုညကလေးဟာ သူ့အတွက် တစ်ညပဲလား။

ထိုညကလေးကို အပြီးတိုင် သိမ်းဆည်းထားချင်သည့် ဆေး

တွေက အလုအယက်တိုးဝင်လာခဲ့သည်။

မင်းအနားမှာ နေထွက် နေဝင် ထာဝရရှိနေချင်တ

ဖေဝရွှာ ရယ်။

အဲ့ဒါ ကိုယ်ဘယ်လိုကြိုးစားရမလဲ။

■ ■ ■



## အခန်း (၁၉)

"သော့စ် မစ္စတာ ဆုရက်ဂျို တွေ့ခွင့်တောင်းနေပါတယ် အဲ့ဒါ"

"ဟင်"

ဝံ ကယောင်ချောက်ချား ထရပ်လိုက်မိသည်။

အပြစ်လုပ်ထားသူမို့ လိပ်ပြာမလုံရှိနေခဲ့ အခန်းတံခါးပွင့်ကာ

က်ရှိန်နှင့်လူနှစ်ယောက် ဝင်လာလေသည်။ သုံးယောက်စလုံး အနက်

ယောင်းကုတ်အရှည်ကြီးတွေ ဝတ်ထားခဲ့သည်။ မျက်မှန်တပ်မထား

ကြောင့် အပြာရင့်ရင့်မျက်လုံးတွေက မီးတောက်နေတာ သိသာခဲ့

ပြီ

ဆုရက်ဂျိုက စားပွဲရှေ့မှာ သူ့ဘာသာပဲ ဝင်ထိုင်လိုက်ပြီး

ယောက်က သူ့တစ်ဖက်တစ်ချက်မှာ ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်ကြောင်နေတာလဲ သူ့ရဲ့ကောင်းကြီးရဲ့ ထိုင်ပိုင်း
မင်း မလိမ့်တပတ်လုပ်ခဲ့တာကို အကြောင်းပြချက် ဘာပေးမလဲ ပြော
အပြောမတတ်ရင်တော့ ဒီနေ့ မင်းအတွက် ကံဆိုးသွားနိုင်တယ်"

ဝံ သက်ပြင်းချကာ စိတ်ငြိမ်အောင် ကြိုးစားရင်း ပြန်ထိုင်လိုက်
၏။ ကိုယ်ဘူးကွယ်ရင် သူတို့ ဘာတတ်နိုင်မှာတဲ့လဲ။

"မင်းတို့ အထင်မှားနေပြီ ဒေဝစ္စရာက ဘာမပြော ညာမပြော
နဲ့ အခန်းပြန်အပ်သွားတာ ဆိုတော့ ငါဘာမှ မတတ်နိုင်လိုက်ဘူး"

"မင်းပြောတိုင်း ငါကယုံမတဲ့လား။ ပေါ်ဘဒီ ဦးနောက်နဲ့ မျက်လုံး
တွေက တွေးတောဆင်ခြင်ဖို့ တတ်နိုင်ပါတယ်၊ မိန်းမတစ်ယောက်အ
တွက်စကားအပိုတွေ မပြောချင်တော့ဘူး။ နောက်ဆုံးအကြိမ်မေးမယ်
မင်း ဒေဝစ္စရာကို ဘယ်နေရာမှာ ဝှက်ထားသလဲ၊ သူက လူကောင်း
တစ်ယောက်မဟုတ်ဘူးဆိုတာ မင်းသိတယ်နော်၊ "နော်မယ်" မဟုတ်
တဲ့ မိန်းမတစ်ယောက်ကို မင်းအကာအကွယ်မပေးသင့်ဘူး"

"သူက ငါနဲ့ဘာဆိုင်လို့ အကာအကွယ်ပေးရမှာလဲ ဆုရက်ဂျီ
အဓိပ္ပာယ်မရှိတာ ပြောမနေနဲ့"

ဆုရက်ဂျီရဲ့ နီစပ်စပ်မျက်နှာက ပိုပြီးအေးစက်မာထန်သွား
ကာ မျက်ခုံးတွေက ပို၍ကြုံ့ဝင်လာလျက်

"မင်းနဲ့မဆိုင်တာတော့ အမှန်ပဲ ငွဲ့ထက်ဝံ၊ သူ့ကို အချိန်မီပြ





...အရေးကြီးနေတယ်၊ ပြန်ရမယ့်အချိန်ကနီးနေပြီ သူ့ရောဂါအရှင်း
...အောင် ငါကကုပေးရဦးမယ်၊ မိန်းမတစ်ယောက်ကို ခြေတိုအောင်
...နေသော၊ တစ်နာရီပြည့်အောင် စကားပြောဖို့ မစဉ်းစားခဲ့ဖူးဘူး။
... သူ့အတွက်အချိန်တွေ အကုန်ခံနေရတာ၊ အဲ့ဒါက သူ့ကိုစောင့်
...ထိန်းသိမ်းဖို့ တာဝန်ရှိနေလို့ ထပ်မေးမယ် ဒေဝစ္စရာ ဘယ်မှာလဲ"

"ငါမသိဘူး။ ဆုရက်ဂျီ၊ ငါ ကတိပေးခဲ့ပေမယ့် သူကမသိခင်
...သွားတော့ မျက်ခြေပြတ်သွားတယ်ကွာ၊ အဲ့ဒီအတွက် ငါစိတ်မ
...င်းပါဘူး။ မင်းဘက်ကလည်း ဘာမှမပေးနဲ့တော့"

"ပေးရတာ သက်သာဖို့အတွက်နေရင် ဒီကို မလာဘူးကွ၊
...ညီးနဲ့ပြောနေတာမှ မရရင် ကြမ်းပြရလိမ့်မယ်၊ ငါက လိုချင်
...စ်ခုအတွက် ဘာမဆို လုပ်ရဲတယ်၊ မင်းစိတ်ထဲ ငါ့ကို ခပ်ကြောင်
...ကောင်များ အောက်မေ့နေသလား။ ဒေဝစ္စရာကို ရှာနေတာ
...ကြောင်းမဲ့မဟုတ်ဘူးကွ၊ တာဝန်ရှိလို့ မင်းမျက်နှာကို ငါဖတ်တတ်တယ်
...င်ဝံ မင်းသိနေတာကို ဖုံးကွယ်ထားတယ် ငါစိတ်မရှည်တော့ဘူး
... မင်း အမှန်အတိုင်း ပြောမလား မပြောဘူးလား"

ဝံ သည် အသက်ရှူသံတွေ ကျယ်လောင်လာသည်အထိ
...ကြီးနေသော ဆုရက်ဂျီကိုကြည့်ရင်း ကျောချမ်းသွားမိသည်။

ဒါပေမဲ့ သည်အခြေအနေထိ ရောက်အောင် ကြိုးစားလာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နှမျှောမိသည်။ သူ့ကိုကြည်ကြည်လင်လင် ဆက်ဆံလာသော
ဒေဝစ္စရာကြောင့် ကြည်နူးပီတိဖြစ်နေခဲ့ အဖျက်ကာဝင်လာသည်။

"ဒီမှာ နေရတာ ပျော်လာပြီ ဇံ၊ ကျွန်မဒီမှာပဲ အပြီးနေပြ
တော့မယ်ထင်တယ်၊ အဲ့ဒါဆို ဒီတိုက်ကို ပြန်ဝယ်ချင်တယ်
ရောင်းမလား"

နေမကောင်းဖြစ်ပြီးနောက်ပိုင်းမှာ ဒေဝစ္စရာရဲ့ ဆက်ဆံ
သည် ပြောင်းလဲသွက်လက်လာခဲ့သည်။ ပြီးတော့ သူ့ကိုလည်း အ
တယူရှိလာသည်။

"တကယ်လို့ ရှင်မရောင်းနိုင်သေးဘူးဆိုရင်လည်း နှစ်ရှည်
ငှားထားပါနော်၊ ကျွန်မမှာ ငွေရှိပါသေးတယ်"

သည်မှာနေဖို့ လိုလိုလားလားရှိလာသဖြင့် ဝမ်းသာလို့အား
သေးခင် စိတ်ညစ်ဖို့ အကြောင်းဖန်လာသည်။

ဒီလူ စိတ်ပျက်အောင် ဘယ်လိုပြောမည် မသိ။

"ဇွဲထက်ဇံ"

"ပြောပါ"

"မင်း ဘာမှ မပြောတတ်တော့ဘူးလား"

"ငါကဘာပြောရမှာလဲ မင်းတို့ရဲ့ ဒေဝစ္စရာကို လုံးဝ
တာ ကျိန်ရဲတယ်ကွာ၊ မင်းစုံစမ်းကြည့်လေ၊ ငါမလိမ်တတ်တာ အ





သိတယ်၊ သတင်းမှန်က ကွယ်ဝှက်ထားလို့မှ မရဘဲ"

ခုရက်ဂိုရဲ့ နှုတ်ခမ်းတွေ မဲ့ကျသွားခဲ့သည်။

ဒါပေမဲ့ ဘာမှ ထပ်မပြောတော့ဘဲ နေရာမှ ထရပ်လိုက်ပြီး
သူ့အဖော်တွေကို ခေါ်ညိတ်ပြကာ အခန်းထဲမှ ထွက်သွားလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

တည်ငြိမ်နေသော ရင်ဘတ်ထဲက နှလုံးသားသည် ဆုရက်ဂျို မွေ့နောက်သွားခြင်းကြောင့် ကတိမ်းကပါးဖြစ်ခဲ့ပြီ။ ထို့အတွက် အနေ မအေးနိုင်တော့ဘဲ နားပူနားဆာလုပ်နေမိသည်။

အနွံ့ရာယ် မကြံခင် တစ်ခုခုတော့ ပိုင်ပိုင်နိုင်နိုင် ရှိချင်ပါ၏။

ခေါင်းလျှော်ထားပြီးကာစမို့ ဆံပင်ရှည်တွေ ဖားလျားဝေနေ သည့် မျက်နှာကလေးက နှသန့်နေသည်။ အဝါနုရောင်ဘလောက်စ် ကလေး ၂တ်ထားပါလျက် ဝင်းဖန့်သော အသားအရေက ညှိုးနွမ်းမသွား။ နိုင်ငံခြားမှာ အနေကြာခဲ့ပေမယ့် သူမရဲ့ အပြင်အဆင်က ဟော့ရမ်းရမ်း မရှိတာ ထူးခြားပါသည်။

"တို့ ဒီအခွင့်အရေးယူတာတော့ မဟုတ်ပါဘူးကွာ ဟို





ဆက်ကလက်မခံနိုင်တာတော့ဦး။ အခြေအနေကို ထည့်တွက်ရဦးမယ် ... မင်းရွေးချယ်ရမယ့်လမ်းက နှစ်လမ်းပဲရှိတယ်၊ တို့ကိုလက်ထပ်ရင် ... ထပ် ဒါမှမဟုတ်ရင် ဆုရက်ဂျိုကို လုံးလုံးထွက်ပြလိုက်တော့"

"အဲ့ဒီလောက်အထိ အခြေအနေက ဆိုးသွားပြီလား"

မယ့်ကြည်သလို မေးလာပြန်သည်။ သူက ဆုရက်ဂျိုပြောသွား ... ကို ပြန်လည်ပြောပြရင်း လိုရာဆွဲပြောမိသည်။

"အဲ့ဒါကြောင့်မို့ ပြောတာပေါ့ကွာ၊ တို့လည်း မဆီမဆိုင်ဘဝ ... အကြာကြီးဝက်ထားလို့ မရနိုင်တော့ဘူး။ တို့က ဒီကိုမကြာခဏ ... နေတော့ တစ်နေ့မဟုတ် တစ်နေ့ခြေရာခံမိသွားနိုင်တယ်လေ ... ကြောင့်"

အကြောင်းပြချက် ခိုင်လုံနေ၍ ဒေဝရှာ တွေသွားခဲ့ပြီ။

"ဒါဆို ရှင်မလာဘဲ နေလေ၊ ဒီမှာ ကျွန်မဘာသာ နေမယ်၊ ... ဖုန်းနဲ့ပဲ အဆက်အသွယ်လုပ်ပါလား"

"ဟာကွာ ဘယ်ဖြစ်မလဲ၊ ရေရှည်မှာမလွယ်ဘူးလေကွာ၊ ... တော့ မင်းက ဒီမြို့သူမှမဟုတ်တာ၊ အဆင်ပြေမယ် မထင်ဘူး"

"စိတ်ညစ်ပါတယ်၊ အဲ့ဒီ ဆုရက်ဂျိုကလည်း ဘာကိစ္စ တ ... ဆက်ကောက်လိုက်နေသလဲ မသိဘူး"

သူ့ရဲ့တောင်းဆိုမှုကို မလိုက်လျောဘဲ ဝေ့လည်ကြောင်ပတ်



BURMESE CLASSIC
www.burmeseclassic.com

လှပ်နေတာမို့ ဇံ တင်သွားမိသည်။

သူကတော့ ချစ်လိုက်ရတာ သူမကတော့ အေးစက်စက်နဲ့ မသိသလိုပါပဲ။

"ရှင်းရှင်းပြောပါ ဒေဝစွရာ တို့ကို မချစ်နိုင်ဘူးလား"

"ကျွန်မ"

ဇံရဲ့ မှန်တဲ့တဲ့ မျက်နှာကို ငေးမောရင်း ဒေဝစွရာဘာပြောရမှန်းမသိတော့။ ငြင်းမိလျှင် တင်ထားသမျှ ကျေးဇူးကို စော်ကားရာ ရောက်တော့မည်။

ဒါပေမဲ့ လက်ထပ်ဖို့ဆိုရာမှာ

"ကျွန်မတစ်ခုမေးမယ် ရှင့်အတွက် လက်ထပ်ဖို့က အဓိကလား။ အချစ်က အဓိကလား။ တကယ်လို့ အချစ်က အဓိကဆိုရင် ရှင့်ကိုချစ်တယ်လို့ပြောဖို့ရာက အတော်ကြာဦးမှာ၊ ရှင်စောင့်နိုင်ပါ့မလား"

"ဒါဆို လက်ထပ်ဖို့ အဓိကဆိုရင်ကော"

ဇံ စိတ်လှုပ်ရှားစွာ မေးတော့ ဒေဝစွရာက မျက်လွှာချပြီး (...)သက်စွာ ပြောလေသည်။

"အဲ့ဒါဆိုရင်တော့ ခချက်ချင်းတောင် ဖြစ်သေးတယ် အဲ့ဒီ နည်းနဲ့ ရှင့်အပေါ်မှာတင်နေတဲ့ ကျေးဇူးတွေကို ဆပ်ချင်ပါတယ်၊ ရှင် ကျေနပ်ရဲ့လား"





ဇံသည် စဉ်းစားချင့်ချိန်ရင်း ခဏအကြာမှာ ခေါင်းညိတ်ကာ

"ကျေနပ်ပါတယ် အဓိကက မင်းကို ထာဝရပိုင်ဆိုင်ဖို့ပဲဟာ ...ချစ်ဆိုတာကိုတော့ တဖြည်းဖြည်းညှိယူကြတာပေါ့ တို့က ချစ်အောင် ...င်ပေးတတ်ပါတယ်"

ဒေဝစွရာက မျက်လွှာတစ်ချက်ပင့်ကြည့်ရင်း မဲ့မဲ့လေးပြုံးလျက်

"ကျွန်မက ချစ်တာတွေ မေတ္တာတွေ နားမလည်ဘူး ခ...က်ထပ်မယ်ဆိုတာက ရှင့်ဆန္ဒကို လိုက်လျောပေးချင်တာတစ်ခုပဲ ...ာ၊ ကျွန်တာ ကျွန်မရင်ထဲ ဘာမှမရှိဘူး။ နောက်မှပြဿနာရှာရင် ...မ်းမတာမှ တတ်နိုင်မယ်မထင်ဘူး။ တစ်ခုတော့ရှိတယ် ဇံ ကျွန်မကို ...ကြည်စ်အောင် ပြုမူလာခဲ့ရင်တော့ ဒီမှာ ဆက်နေဖြစ်မှာ မဟုတ်တော့ ... အဲ့ဒါတော့ သတိပေးလိုက်ပါရဲ့"

"ဟာကွာ မဟုတ်တာ လူရယ်လို့ဖြစ်လာရင် စိတ်ညစ်စရာ ...ရှိမှာပေါ့ကွာ၊ စိတ်ညစ်စရာကြုံတိုင်း ကိုယ့်ကိုထားသွားမယ် ဆိုတာ ...ာ့ မဟုတ်သေးဘူး။ အခုကတည်းက ကတိတောင်းထားမယ်၊ ...င်လို အကြောင်းကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ကို လုံးဝထားမသွားရဘူး"

ဒေဝစွရာက သူ့ကို တွေတွေငေးငေးကြည့်ပြီး ခပ်လေးလေး ...ခေါင်းညိတ်ပြ၏။ ပြီးတော့ အဝေးကို အကြည့်ပို့ကာ သက်ပြင်းရှိုက် ...၏။

www.burmeseclassic.com



"အနာဂတ်ဆိုတာ ကြိုမမြင်နိုင်ဘဲ ဇရယ် ကျွန်မအေ
အချာတော့ အာမမခံရဲဘူး။ ကျွန်မက ပြေးနေရတဲ့လူပါ။ ဘာကြော
ပြေးနေမိသလဲတောင် မသိတဲ့ အနေအထားမှာ ကျွန်မကို ကယ်
ထားတဲ့လူအဖြစ် ကျေးဇူးဆပ်ချင်တာပဲ သိတယ်၊ ဒါပေမဲ့ ရှ
ဆုရက်ကို့ထက်စာရင် မေ့ထ္တာထားနိုင်လို့ လိုက်လျောမိတာလည်
လာမှာပါ။ အဲ့ဒီတစ်နေ့ကို ရှင်စောင့်နိုင်ရင် လက်ထပ်ဖို့ ဆုံးဖြတ်
သည်းခံနိုင်ရင်တော့ ကောင်းတာပေါ့"

ခပ်အေးအေးပဲပြောလေသည်။

သူကတော့ ချစ်နေမိသူနှင့် လက်ထပ်ဖို့ကိုပဲ အာသန်ပေ
"ဘာပဲဖြစ်ဖြစ်ကွာ တို့ လက်ထပ်မှာပဲ"

■ ■ ■



အခန်း (၂၁)

ကမ်းပေးလာသော လက်ထပ်စာချုပ်ကို ဆန်းဒေး ပါးစပ်
ဟောင်းသွားကြည့်မိသည်။ အသိသက်သေတွေနှင့် တိတိကျကျ လုပ်
ထားသော စာချုပ်ဟာ အတုမဖြစ်နိုင်တာ သေချာသည်။

ဆန်းဒေးလို ပဓာနက အံ့ဩမနေခဲ့။

"ဇ ခဏ"

ပဓာနက သိသိသာသာပဲ ခွဲထုတ်သွားကာ တစ်ဖက်ခန်း
ချက်သည်နှင့်

"မင်း ထင်ရာစွတ်လုပ်လာပြန်ပြီလား ဇ၊ ပြောစမ်း မင်း
တွေ ဘယ်လိုလုပ်လာတာလဲ"

"မင်းမြင်တဲ့အတိုင်းပဲလေ ငါ သူ့ကိုလက်ထပ်ခဲ့ပြီးပြီ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဖြစ်ဖို့ အကြောင်းကဖန်လာတာကိုး ငါက"

"တော်ပြီ မပြောနဲ့တော့ကွာ မင်းကျားပြီးဆွဲလာတာပဲ ဇ ငါတို့ကို ဘာတစ်ခုမှ မတိုင်ပင်ဘဲ ကိုယ့်ဘာသာ အစီအစဉ်ဆွဲပြီးလုပ် လာတဲ့အဖြစ်က တော်တော်ဆိုးတယ်ကွာ၊ မင်းကျန်းမာရေးမကောင်း နိုင်တော့ဘူး"

ဇက ပခုံးပေါ်က ပဒေနလက်ကို ဆွဲဖယ်ချရင်း ဆံပင်တွေ သပ်တင်ကာ ဂရုမစိုက်စွာပြုံးသည်။

"ကြောက်တတ်တဲ့လူသာ ခဏခဏ သေတတ်မျိုးပါကွာ၊ ရဲ မင်းဖြစ်ပါတယ်၊ မင်းတို့ကို မတိုင်ပင်ခဲ့တာက ပိတ်ပင်မှာစိုးလို့ပါ"

"ဟာ ကွာ"

ပဒေန စိတ်ပျက်လက်ပျက်ဖြစ်ကာ ဇမျက်နှာကို စိုက်ကြည့် သည်။ နုနယ်ချောမွေ့သော မျက်နှာက အပူအပင်ကင်းစွာ ပြုံးနေ နေလေသည်။

"ရှေ့ဖြစ်မယ့် အနာဂတ်ရဲ့ ဘေးဆိုးတွေကို မင်းတွေးတတ် လား ဇရာ၊ မင်း ဆူရက်ကိုကို လျှော့တွက်ရင် မှားမှာပေါ့ကွာ၊ သူ လူတစ်မျိုး။ ဘာကိုမှ အလျှော့မပေးတတ်တဲ့ ပုံစံပဲ၊ သူမင်းနောက် တကောက်ကောက်လိုက်နေတော့မှာ သေချာတယ်၊ မင်း ဘယ်လိုနေ မလဲ"

"ကျွတ် အဲ့ဒါတွေ တွေးကြောက်နေရင် ဒီအနေအထား အထိ ရောက်အောင် မကြိုးစားခဲ့ဘူးကွ၊ ငါ့ဘာသာ ဆုံးဖြတ်စီစဉ်ခဲ့တဲ့ ကိစ္စ တွေက မင်းကို လုံးဝမထိခိုက်စေရပါဘူး။ စိတ်မပူပါနဲ့"

ဇက စကားဆုံးတာနှင့် လှည့်ထွက်ဖို့ ဟန်ပြင်သည်။

ပဒေနက ဇရှေ့မှာပိတ်ကာရပ်လိုက်ပြီး

"ငါက ငါတို့ကို လာနှယ်မှာကြောက်လို့ ပြောနေတာ မဟုတ် ဘူးကွ၊ မင်းအတွက် ပူပင်မိလို့ပြောနေတာ၊ ဒါပေမဲ့ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ ခုလက်ထပ်ခဲ့တဲ့ကိစ္စကိုလည်း ဖုံးကွယ်ထားလို့ ဘူး၊ သတင်းစာထဲ ထည့်ရမယ်၊ ဖြစ်လာတဲ့ပြဿနာကို ထိပ်တိုက် ရင်းတာပေါ့ကွာ၊ ဒီပုံစံဆိုရင် ဆူရက်ကို စိတ်ပျက်သွားနိုင်လောက် ရဲ့ စိတ်ပျက်ပါစေလို့ပဲ ဆုတောင်းရမှာပဲ"

ပဒေနသည် အချစ်ကြောင့် မာန်ဝင့်နေသည့် ဇကိုပခုံးဖက်ကာ နေ့ထဲမှ ထွက်ခဲ့သည်။

ဆန်းဒေးကတော့ ဘာမှမသိသူမို့ ဒေဝစ္စရာနှင့်စကားတွေ ဆင်တွဲကာပြောနေ၏။

"ဟော့ကောင်တွေ ဘယ်လစ်သွားတာလဲကွ၊ ဒီမှာ ညွှန်ခဲ့ပြော နေတဲ့လူ ပါးစပ်အမြှုပ်ထွက်တော့မယ်"

ဆန်းဒေး ရယ်ရယ်မောမောပြောတော့ ဇက ဘဝင်ကျစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်။ ထို့နောက် ဒေဝစ္စရာ ဘေးမှာယှဉ်တွဲထိုင်လိုက်ပြီး

"မာမီ့ကိုလှမ်းခေါ်လိုက်ရင်ကောင်းမယ် ထင်တယ်

ဆန်းဒေး"

ပဓာနကိုကျော်ကာ ဆန်းဒေးကိုတိုင်ပင်သလို ပြော၏။

သတိထားမိသောပဓာနတစ်ယောက် စိတ်မကောင်းခြင်းကြီးစွာ

သည်။ သူလက်ထပ်ခဲ့တာကို ကန့်ကွက်အပြစ်တင်လို့ စိတ်ဆိုးနေ

ပဲဖြစ်မည်။

ခက်တယ် ဇံရာ၊ မင်း ကလေးစိတ်နဲ့ ။

"ခေါ်လိုက်ပေါ့ကွာ၊ ဒီကိစ္စက မိဘကို အသိပေးပြီး ဆက်

တာ အကောင်းဆုံးပဲ"

"အေးလေ ဒါဆို မင်းခေါ်ပေး။ ငါ မာမီ့ရှေ့မှာကြောက်

ကွာ၊ လောလောဆယ်တော့ ငါ့အစား မင်းပဲဝင်ခံပေးထားလိုက်"

"ရတယ် ဗြော် ဒါနဲ့ ခုနက ပဓာနဆီကို လူတစ်ယော

ဖုန်းဆက်သေးတယ်"

"ဘယ်သူလဲ"

"ဆူရက်ဂျ် တဲ့"

"ဟင်"

ပဓာန ထိတ်ခနဲဖြစ်ကာ ဇံကိုလှမ်းကြည့်မိသွား၏။ ဇံက





သလိုနေပြပေမယ့် ဒေဝစ္စရာမျက်နှာကလေးကတော့ သွေးဆုတ်ဖြူ

ဆျော့သွားလေသည်။

"သူက ဘာပြောသွားလဲ"

"မပြောသွားဘူး သူဆက်တယ် ဆိုတာကိုပဲ ပြောနိုင်းတာ၊

သလ်ကတော့ တစ်မျိုးကွ၊ မာမာပဲ၊ မင်းတို့ချင်း ဘာပြဿနာတွေ

ထားကြလဲ"

"မရှိဘူး အဲ့ဒါအတွက် ဦးနှောက်ထဲထည့်မနေပါနဲ့ကွာ၊ မင်း

သူတို့အတွက် အခန်းရှင်းပေးလိုက်ပါဦး။ ငါသွားစရာရှိသေးလို့ ဗြော်

မင်းနေ့လည် နစ်နာရီမှာ ချိန်းထားတာရှိတယ်နော်"

"အရောင်းကိုယ်စားလှယ်တွေပဲကွာ၊ မင်းပဲကြည့်လုပ်လိုက်"

"အေးလေ ပြီးတာပဲ၊ ကဲ ငါသွားမယ်၊ မင်းတို့ဘာမှာဦးမလဲ"

"မမှာတော့ဘူး။ တစ်ခုတော့သတိပေးလိုက်ပါရဲ့ မင်းပါးစပ်ကို

လုံအောင်ပိတ်ထားကွာ၊ ဒီရက်ထဲ ဒီသတင်းကို အပြင်ကို မသိ

စေနဲ့ဘူး"

ဇံက သံသယမျက်လုံးနှင့်ကြည့်ပြီး နှုတ်ပိတ်နေတာမို့ ရင်ထဲ

အစ်ခနဲနေသည်။

"အေး ပါကွာ"

ကျောခိုင်းလိုက်စဉ် သက်ပြင်းမောကြီးကို လေးတွဲစွာချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုရင်းချာတွေမဟုတ်ပေမယ့် နိုင်မြဲနေသော သံယောဇဉ်က အရင်းချာထက်သာပါ၏။

ဇံက အမြဲတစေ ပြည့်စုံနေသူမို့ တစွတ်ထိုးဆန်ချင်နေသော မသန်။ ခက်ခဲသော အရာကိုမှ တန်ဖိုးထား မက်မောတတ်သူ နောင်ကြီးရှိနေသူကိုမှ သိမ်းပိုက်ခဲ့ပြီ။

မင်းတွေးမယူတတ်ပေမယ့် ငါတော့ ခေါင်းခဲနေပြီ ဇံ။

မင်းက နနဖတ်ဖတ် ဟိုကောင်က ကြမ်းကြမ်းရမ်းရမ်း။ မင်း ခံနိုင်ရည်ရှိပါ့မလားကွာ။ အမြဲတမ်းကံကောင်းနေတတ်တဲ့ ဇံ ဒီ ကြိမ်လည်း ကံကောင်းနိုင်ပါစေ။

ကြိတ်ပြီး ဆုတောင်းရုံမှ တစ်ပါး ။

■ ■ ■

## အခန်း (၂၂)

ဇက်ရုံရဲ့ လိုအပ်ချက်လိုအပ်ချက်တွေကို စာရင်းပြုရင်း အချိန်တွေကုန်မှန်းမသိ ကုန်သွားခဲ့သည်။ အားလုံးပြီးစီး သွားတော့ ညဉ့်တစ်ချက်ရှိခဲ့ပြီ။

အိပ်ချိန်တွေ ကျော်လွန်နေတာမို့ စိတ်လျှော့လိုက်တော့ ချက်ချင်း တမွဲ့နှင့်မျက်နှာကို အပ်မိသွားလေသည်။ ထို့ကြောင့် တစ်ခန်းကျော်မှာရှိသည့် ကိုယ့်အိပ်ခန်းကိုပင် မသွားနိုင်တော့ဘဲ စာကြည့်ခန်းထဲမှာ အိပ်ပျော်သွားရသည်။

ထိုကာလအတွင်းမှာ အိပ်မက်ဆိုးတွေ မက်လေတော့သည်။

ဒါပေမဲ့ အိပ်မက်ထဲက လူတွေထဲမှာ သူမပါခဲ့။

ဇံသည် မိုက်ရူးရဲဆန်စွာဖြင့် ဆူရက်ဂျိုကို စိန်ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာသည် သစ်ပင်ကြီးငယ်တို့ဖြင့် ရှုပ်ထွေးနေသော ခြံကျယ်ကြီးထဲမှာဖြစ်၏။

ဇံက တစ်ကိုယ်တည်း သွားရောက်ခဲ့ပေမယ့် ဆူရက်ကျိုမှာ အဖော်နှစ်ယောက်ပါသည်။ ဆူရက်ကျိုအပါအဝင် ကျန်နှစ်ယောက်လည်း ထဲမှာ ကင်နိုဓားရှည်တွေကိုင်ထားခဲ့သည်။

ဇံကတော့ ဘာမှမပါဘဲ လက်ဗလာနဲ့ဖြစ်လေသည်။ ဒါပေမဲ့ ဇံကနည်းနည်းမှရွံ့ခြင်းမရှိ၊ ရဲရင့်ဖျတ်လတ်နေ၏။

အစကနဦးမှာ တစ်ယောက်တစ်ယောက်ချင်း တိုက်ခိုက်ကြပေမယ့် လူတစ်ယောက်က အင်္ဂလိပ်လိုအော်ပြောတော့ အခြေအနေ ပြောင်းလဲသွားခဲ့သည်။

ထိုခဏမှာပဲ လူသုံးယောက်စလုံးက ဇံကို ကင်နိုဓားရှည်နှင့်ဝင်ပိုင်းကြသည်။

ဓားရေးကျွမ်းသူတွေနို့ ဇံကြာကြာမရှောင်တိမ်းနိုင်ပါဘဲ တခဏ ချင်းမှာ သွေးချင်းချင်းနီသွားလျက်

အား ။

ဇံ အသံနက်ကြီးဖြင့် အော်ကာငြိမ်သက်သွားရှာလေသည်။ ထိုအခါမှာ ဆူရက်ကျိုတို့ လူစုက ဇံရဲ့ချောမွေ့ပြေပြစ်သော မျက်နှာကလေး အားအငြိုးဖြင့် ဓားနှင့်ခွန်းသည်။ ပြီးတော့ ခါးလယ်မှ ပိုင်းချလိုက်တော့၏။





ဂုန်း ။

အိပ်မက်တို့ပြီးဆုံးခါနီးမှာ "ဂုန်း" ခနဲမြည်သံကြီးကြောင့် ပဓာန …နိုးသွားရသည်။

နိုးနိုးချင်းမှာပဲ အိပ်မက်ကိုပြန်သတိရလျက် ကျောထဲစိမ့်တက် …ခဲ့သည်။ အိပ်မက်ဟာ အိပ်မက်အတိုင်းရှိပါစေ။ လေထဲ အာရုံထဲ … ပျောက်ကွယ်ပါစေ။

ချက်ချင်း ဆုတောင်းမိသည်။

ဒါပေမဲ့ စိတ်တွေက လေးနေဆဲ။

ခက်တယ် ဇံရယ် ။ အဲ့ဒါ မင်း မဆင်ခြင်ခဲ့လို့။

ပိုင်ကိုစိတ်ကာ ထရပ်လိုက်သည်။ ထိုအနိုက်မှာ တစ်ဖက်ခန်း …ထားသံ သဲ့သဲ့ကိုကြားလိုက်ရ၏။ ထိုအခန်းက ဇံတို့ရဲ့ မင်္ဂလာ …ခန်း။

ခုနက အသံကျယ်ကြီးကလည်း အဲ့ဒီကပဲလား။

အိပ်မက် မကောင်း၍ စိတ်ထင့်နေရသည့် အထဲ ဘာတွေ …ဖစ်တုန်ပြီမသိ။

အိပ်ချင်စိတ်တွေပြယ်ကာ မျက်စိကျယ်သွားခဲ့ရင်း စာကြည့်ခန်း …ထမန်းကတာန်းထွက်ခဲ့သည်။

ဇံ အခန်းရှေ့ရောက်တော့ ခြေလှမ်းတွေက တုံ့ခနဲရပ်သွားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တံခါးခေါက်ကြည့်ရကောင်းမလား။

နှောင့်ယှက်သလို ဖြစ်သွားမှာလည်း စိုးသည်။ ဒါပေ

လက်တွေက အလိုက်မသိနိုင်တော့ဘဲ လှုပ်ရှားသွား၏။

"ဒေါက် ဒေါက်"

"ဇံ"

ခပ်သဲ့သဲ့ လှုပ်ရှားသံကလေးတွေ တိတ်ကျသွားခဲ့ပြီး ခ

အကြာမှာ အခန်းတံခါးရုပ်ခနဲ ပွင့်လာသည်။

ဟင်။

တံခါးလာဖွင့်ပေးသူက ဒေဝစ္စရာဖြစ်နေသည်။

ဒေဝစ္စရာကို ကျော်ပြီးကြည့်လိုက်တော့ ဇံက တံခါး

မွေ့ရာစပ်မှာ ကျောပေးပြီး ထိုင်နေတာတွေ့ရသည်။

သူ့ကိုလှည့်မကြည့်နိုင်လောက်အောင် ဘာတွေဖြစ်နေသ

"ဘာကိစ္စလဲ"

သူ့အခုမှ သတိထားမိတာက ဒေဝစ္စရာသည် ညဝတ်အင်္

မဟုတ်ခဲ့။ ဂျင်းအင်္ကျီပွပွနှင့် ဂျင်းဘောင်းဘီကို ဝတ်လျက် ဆံပင်

တွေက သေသပ်စွာ စည်းနှောင်ထားခဲ့သည်။

ဝတ်စားဆင်ယင်ထားမှုသည် သေသပ်နေတာမို့ လုံးဝ

သေးခဲ့တာ သိသာသည်။





တကယ်ဆို ဒီညဟာ သူတို့ရဲ့ မင်္ဂလာဦးညပါ။ ဘာတွေ

ဆွေးနွေးနေလို့ ဒီအချိန်ထိ ထိုင်နေကြတာလဲ။

"အသံကြားသလားလို့ လာကြည့်တာ၊ ကိုယ်က ဟိုဘက်ခန်း

ထဲမှာ အလုပ်လုပ်နေတာလေ၊ ဝုန်းဆိုတာ ဘာဖြစ်တာလဲ"

မေးရင်း ပိုင်စိုးပိုင်နှင့်ဖြင့် အိပ်ခန်းထဲလှမ်းဝင်ခဲ့သည်။

ရုတ်တရက်မို့ ဒေဝစ္စရာ မတားလိုက်နိုင်။

ပဓာနသည် ယခုတိုင်လှည့်မလာသေးသည့် ဇံရှိရာကို

လျှောက်သွားကာ ပခုံးကို ဆွဲလှည့်လိုက်၏။

"ဇံ"

"ပဓာန"

"ဟင် မင်း"

မွေးလက်နေသော လျှပ်စစ်မီးရောင်အကူအညီဖြင့် မျက်ခွံန်း

ထဲက မျက်ရည်ကြည်တွေတွေ့သွားခဲ့ရ

"ဘာဖြစ်တာလဲ ဇံ၊ မင်းတို့ ဘာပြဿနာဖြစ်နေကြတာလဲ

အဲ့ဒီကိစ္စ ငါတို့နဲ့ဆိုင်သလား"

အံ့ဩတကြီးမေးမိသည်။

ဇံက လေးတွဲစွာခေါင်းခါပြီး သူ့ပခုံးကို ဖက်ကာ

"ငါတို့နှစ်ယောက်တည်း (Bachelar night)ကျင်းကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ လာ"

ပြောပြီး သူ့လက်ကိုဆွဲခေါ်ကာ ထွက်လာတာမို့ ဘာမှမေး နိုင်မရလိုက်။ သူတို့နှစ်ယောက်အခန်းပြင်ရောက်သည်နှင့် အခန်းတံခါး ပိတ်ပစ်လိုက်တာမို့

"ဇံ ပြောလေကွာ မင်းတို့အဆင်မပြေကြဘူးလား။ ငါရင်မော လိုက်တာကွာ၊ ခုကြိုက်ခုလက်ထပ်တဲ့အလုပ်က တည်မြဲရင်တော့ ကောင်းတာပေါ့၊ မဟုတ်ရင် သမိုင်းတွင်ရော ဆူရက်ဂျိုရန်ကရှိသေး"

ခပ်ကြိုတ်ကြိတ်မေးမိတော့ ဇံက နီးရာစာကြည့်ခန်းထဲ ဆွဲခေါ်သွားရင်း အခန်းတံခါးကို ဂျက်ချပြီးမှ

"ငါပြောပြမယ်ကွာ အဖြစ်ကဒီလို"

■ ■ ■

သည်လိုနေ့မျိုးကို သူအများကြီးစိတ်ကူးယဉ်မျှော်လင့်ခဲ့ရသည်။ သို့သော် ထိုရင်ခုန်ပျော်ရွှင်မှုများသည် ဒေဝစ္စရာရဲ့ စကားများအောက် မှာ ပျက်ပြယ်သွားရတော့သည်။

"ဒီအခန်းထဲမှာ ခုတင် နှစ်လုံးထားလို့မရဘူးလား။ ရပ်ရှင်ဆန် ဆန်ပြောနေတာ မဟုတ်ဘူးနော်၊ ကျွန်မက တစ်ယောက်တည်းပဲ အိပ်တတ်လို့ တကယ်ဆို အခန်းခွဲအိပ်ချင်တာလေ မကောင်းတတ်လို့ သာ"တဲ့။





သူ့ ဟင်ခနဲဖြစ်သွားပေမယ့် မငြင်းရှာခဲ့ဘဲ

"မဟုတ်တာကွာ မင်းဘာတွေ စိတ်ကူးယဉ်နေတာလဲ ဒေဝစ္စ ...ရယ်၊ ကိုယ်တို့လက်ထပ်ခဲ့ကြတာယ်ဆိုတာက အတူတူနေကြဖို့လေ၊ ...က မချစ်ပေမယ့် ကိုယ်ကချစ်နေတာဆိုတော့ ခုလိုပြောတာကြီးက ...စက်ရာကျနေသလိုပဲ၊ ဒါဆို မင်းလက်ထပ်ဖို့ လိုက်လျောခဲ့တာက ...အတွက်လဲ"

"ရှင့်ဆန္ဒအတွက်လေ"

"ဟင်"

ဇံ အောင့်သက်သက်ဖြစ်သွားမိသည်။ သူမပြောတာ မှန်ပါသည်။ ...သော် နားဝင်မချိုဘဲ ရှိနေသည်။ ပြောရက်လေခြင်းဟုလည်း တွေး ...သည်။

"ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့ကွာ၊ ခုမင်းက ကိုယ့်ကိုလက်ထပ် ...ပြီလေ၊ မင်းတစ်ယောက်တည်းနေတတ်လည်း အဲ့ဒီအကျင့်ကို ...ဖျောက်ပစ်ရတော့မှာပဲ၊ သဘာဝကို မလွန်ဆန်ချင်ပါနဲ့ ဟန်နီရယ်၊ ...ကို ချစ်တဲ့ကိုယ့်ကို နည်းနည်းလောက်ငဲ့ပါဦး"

စကားပြောရင်း သူမအနားကို တိုးကပ်သွားမိသည်။ လက်တစ် ...င်း အကွာအရောက်မှာ ဒေဝစ္စရာက မသိမသာ နောက်ဆုတ်လိုက် ...။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရေခေါက်မတိုးနဲ့နော် ဝံ ကျွန်မက လက်ထပ်ဖို့ပဲခွင့်ပြုတာ အတူတူနေဖို့ ခွင့်မပြုနိုင်သေးဘူး။ ကျွန်မ ရှင့်ကိုမကြည်ဖြူနိုင်ဘူး"

မြောင်ဖွင့်ပြော၏။ ဝံ ပိုပြီး အခံရခက်သွားပါသည်။ သို့သော် လည်း စိတ်ရှည်တတ်သူမို့ လွယ်လွယ်နှင့်ဒေါသဖြစ်မနေခဲ့ဘဲ ခပ်အေး အေးပဲ ရှိနေခဲ့သည်။

နက်ခ်တိုင်ကို ဆွဲဖြုတ်လိုက်ပြီး စားပွဲစောင်းမှာဝင်ထိုင်ရင်

"လူတစ်ယောက်ကိုမချစ်ဘဲ လက်ထပ်လိုက်ရတဲ့ အဖြစ်ကို ကိုယ်နားလည်ပါတယ်၊ ဒါပေမဲ့ပေါ့ကွာ မင်းခံစားချက်ကို ရေတွန်းထင် ရင် ကိုယ့်အတွက်မျှော်လင့်ချက် ရှိပါတော့မလား အဲ့ဒါကို ထည့်တွေး ဦးလေ နှစ်ဦးနှစ်ဖက် မျှမျှတတရှိတာ ကောင်းပါတယ်၊ မင်းကိုယ့်ကို ဘယ်လိုမျှော်လင့်ချက်ပေးမလဲ"

"မျှော်လင့်ချက် ဟုတ်လား"

နားမလည်သလို ထပ်မေးသည်။

"ဟုတ်တယ်လေ ကိုယ့်ကို ရက်အကန့်အသတ်နဲ့ မျှော်လင့် ချက်ပေးမှ ခံသာမှာပေါ့၊ ဒါတောင် ကိုယ်မို့လို့နော် တခြားတစ်ယောက် ဆိုရင် အခွင့်အရေးပေးမယ် မထင်ဘူး ကိုယ်က မင်းကိုစာနာလွန်း သာ"

"ဟုတ်ပါတယ် ရှင့်ကို ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ရှင်





တွတ် ကြည်ဖြူဖို့ ရက်အကန့်အသတ်ဆိုတာ အပေးရခက်နေတယ် ကျွန်မတို့ တစ်မိုးအောက်ထဲမှာ အတူတူနေရတဲ့လူတွေပဲ၊ ရယ် ဒီအတိုင်း နေရရင် မကောင်းဘူးလား"

လေပြေအေးကလေးနှင့်အချိုသပ်ဖို့ ကြိုးစာတဲ့ မို့ ဝံခေါင်းခါ ပြီး ခပ်မဲ့မဲ့ပြုံးမိသည်။

"လူတွေသာဒီလို ရောင့်ရဲတတ်နေရင် အသည်းကွဲတာတ်လမ်း တွေဖြစ်လာမှာ မဟုတ်ဘူး။ သူတစ်ပါးရင်ခွင်ထဲကို ကိုယ့်ချစ်သူရောက် သွားလည်း မြင်နေရတာပဲဆိုပြီး ကျေနပ်နေကြမှာပေါ့ ချစ်ပြီဆိုတာနဲ့ ပိုင်ဆိုင်ချင်လာမှာပဲလေ ကိုယ်လည်း အဲ့ဒီလိုပဲ"

အကြောင်းပြချက်ပေးရင်း စားပွဲစောင်းမှဆင်းကာ ဓာဝစ္စရာရှေ့ ရောက်သွားပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ အေးစက်နေသော ကျတ်ဝန်း ၂ ခုရဲ့ အကြည့်က ရင်ထဲမှာဆစ်ခနဲနာသည်။

ရင်ခုန်သံတွေရပ်ဆိုင်းသွားအောင် ပြောရက်၊ ဆက်ဆံရက် လိုက်တဲ့ အချစ်ရယ်၊ မင်းစိတ်တွေ ပုံမှန်ဟုတ်ခဲ့ရင်တောင် အသည်း နှလုံးတစ်စုံက ဘယ်လိုချွတ်ယွင်းချက်တွေ ရှိနေတာလဲ။

ကော့နက်နေသော မျက်တောင်ရှည်တွေကို ငေးနေရင်းမှ သွားသည့် တောင့်ချိုညီညီ နှုတ်ခမ်းတွေဆီ အကြည့်စိုက်မိရင်း

"ဟန်နီ"

www.burmeseclassic.com



"အို ဟင့်အင်း"

ဒေဝစ္စရာတစ်ယောက် အငိုက်မိသွားရှာသည်။ နေရာမလော် ကျရောက်နေသော အနမ်းတို့ကြောင့် တစ်ကိုယ်လုံးအေးစက်တုန်ယင် နေခဲ့သည်။ ပြင်းထန်စွာ နာကျင်စေခြင်းမျိုးနှင့် တုံ့ပြန်ချင်ပေမယ့် အခွင့် မသာခဲ့။

နားဖြင့် မကြားရသော အသံမှိုင်းတွေရဲ့ ဖျားယောင်းမှုအောက် မှာ လုလုပပလေး ရှုံးနိမ့်ခဲ့ရလေသည်။

အမည်မဖော်နိုင်သော ခံစားချက်တစ်ခုကြောင့် ရင်ထဲမှာ မီးတောက်သွားခဲ့သည်။ ဒါပေမဲ့ ဘာမှချက်ချင်းမတုံ့ပြန်နိုင်ဘဲ စိတ်ရှေ့ ပြားနေခဲ့။

ဝံက အချစ်လွှမ်းကဲမှုအတွက် တတွတ်တွတ်တောင်းပန်ရင်း နှစ်သိမ့်သည်။

ဒါပေမဲ့ တစ်စုံတစ်ရာမှ ပြောမလာဘဲ ငြိမ်သက်နေတာနဲ့ သူ့ကိုလွှင့်လွှတ်လိုက်ပြီးဟု အပိုင်တွက်ထားလိုက်၏။ ထို့ကြောင့် သာသာ ညာညာ သုံးသပ်မနေတော့ဘဲ

"အချစ် ကိုယ် သိပ်ပင်ပန်းနေလို့ကွာ အိပ်တော့မယ်နော် ဂွတ်နိုက်ကွာ"

ဒေဝစ္စရာက အေးစက်စက်မော့ကြည့်ရင်း ခေါင်းညိတ်ပြသော





သည်။ နာရီကိုငုံ့ကြည့်တော့ ညဉ့်ဆယ့်နှစ်နာရီထိုးနေတာမို့ လူက အတော်ကြီးအိပ်ချင်နေခဲ့ပြီ။ စောစောပိုင်းကလည်း ညှော်ခံပွဲမှာ ပင်ပန်း ခဲ့ရသမျှတွေက လူကိုကောင်းကောင်းကြီး နှိပ်စက်နေခဲ့သည်။

လိုချင်တာ မရခင်က ဖွဲ့နှင့်တင်းခံနေခဲ့ပေမယ့် ခုတော့ ထိန်းမရအောင် အိပ်ချင်လာတာမို့ ခေါင်းချလိုက်တာနှင့် ချက်ချင်း အိပ်ပျော်သွားလေသည်။

သူမှုတ်ခနဲ နိုးလာတော့ ညဉ့်တစ်နာရီကျော်ခဲ့ပြီ။

လက်ရှိအဖြစ်အပျက်ကို သတိထားမိကာ ရင်ထဲမှာ လှိုက်ခနဲ ခုန်သွားသည်။ အပျော်စိတ်ကလေးနှင့် ဘေးဘီဝဲယာကိုဝေ့ကြည့်တော့ ချစ်သူက အစိမ်းရင့်ရင့်ဆိုဖာထက်မှာ ထိုင်နေတာတွေ့လိုက်ရသည်။

"ဟင် ဟန်နီ မအိပ်သေးဘူးလား"

သူ အံ့သြတကြီးမေးတော့ သူမကာရှုးခနဲကြည့်ပြီး ခေါင်းခါ သည်။ စကားတစ်ခွန်းမှမပြောတာမို့ ရင်ထဲတစ်မျိုးတစ်မည်ဖြစ်သွားခဲ့ ရသည်။

"ချစ် မင်းဘာဖြစ်နေတာလဲဟင်၊ ကိုယ့်ကိုစိတ်ဆိုးနေတာလား ကိုယ်တောင်းပန်ပါတယ်ကွာ၊ ဒါပေမဲ့ မင်းကို ကိုယ်က တင့်တင့်တယ် တယ် လက်ထပ်ထားတာလေ၊ အချိန်မရွေးစည်းကျော်လို့ရတယ်"

သတိပေးနှစ်သိမ့်သလိုပြောတော့ ဒေဝစ္စရာက ခပ်မဲ့မဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အသံမထွက်ဘဲ ရယ်၏။ ပြီးတော့

"အလကား အပိုတွေ အပြစ်လွှတ်အောင် အကြောင်းပြတာ"

ဟု ခပ်တိုးတိုးရေရွတ်၍ မျက်နှာလွှဲသွားခဲ့သည်။

မျက်နှာအနေအထားက မကျေမနပ်နှင့်အံကြိတ်နေပုံမို့ သူ

နေမထိထိုင်မသာဖြစ်သွားမိသည်။

ထို့ကြောင့် ဖွေ့ရာပေါ်မှ ခင်းကာ သူမရှေ့ကိုလျှောက်သွားခဲ့

ပြီး

"ချစ်"

ပခုံးကလေးနှစ်ဖက်ကို ဆွဲမထူလိုက်ရင်း တိုးလျှစွာခေါ်လိုက်

၏။

"ရှင် ကျွန်မအသားကို မထိပါနဲ့ ဇံ"

"ဟင်"

ကောက်ကာငင်ကာဖြင့် ခါးခါးသီးသီး ထပြောတာမို့ ဇံမယုံ

နိုင်အောင် ဖြစ်သွားရသည်။ အံ့အားသင့်စွာ မျက်နှာလှလှကလေး

ငုံ့ကြည့်မိတော့ အသက်ကင်းမဲ့သည့် အေးစက်စက်မျက်ဝန်းတွေနှင့်

ရင်ဆိုင်လိုက်ရ၏။

ဇံရင်ထဲ အတော်ကြီး ထိရှသွားလေသည်။

မကြာသေးခင်ကာလက ပိုင်ဆိုင်ခဲ့သော အကြည့်နွေးနွေး





လေးတွေကို ပြန်တမ်းတလာသည်။ ထိုအကြည့်ကလေးတွေအား

ဘောင်းဆိုပို့ ပါးစပ်ပြင်စဉ်

"ပြောနေတာ မရဘူးလား ကဲ"

"ဟာ"

"ဝုန်း"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဘာကွ ယောကျ်ားတစ်ယောက်ကို သူက အသာလေး
ပေါက်နိုင်တယ် ဟုတ်လား"

ပဓာန မနှစ်မြို့စွာမေးတော့ ဇံကသက်ပြင်းရှိုက်ပြီး ခေါင်းညိတ်
ပြလိုက်သည်။

"ဟုတ်တယ် သူကိုယ်ခံပညာတတ်တာ ငါမသိဘူးကွာ၊ အဲ
တဲ့ပြန်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ဘာဖြစ်လို့ဒီလောက် ကြမ်းတမ်း
တာလဲ"

"စိတ်က Normal မှမဟုတ်တာ ဖြစ်ပြီပေါ့ ရေရှေ
ဒီထက်ပိုဆိုးဖို့ပဲ ရှိတယ်"

"ပဓာနရာ မင်းကာတစ်မျိုး"





ဇံပြုံးပြင်သွားတော့ ပဓာန ငြိမ်ကျသွား၏။

"ကြားသုံးကြား မဝင်ရဘူးဆိုတာ ငါသိပါတယ် ဒါပေမဲ့ကွာ
ကိစ်စရှေ့မှောက်မှာ မြင်နေရတာကိုတော့ ဥပက္ခာပြုမနေနိုင်တာ အမှန်ပဲ
တကယ်ဆို ငါတို့က မင်းရဲ့ အရိပ်မှာ မှီခိုနေရတဲ့သူပါ ဇံ၊ မင်းရဲ့
အကြိုက်လိုက်ပြီး သင့်တင့်အောင်နေချင်ပါတယ်၊ ခက်တာက ပါးစပ်ပဲ
တော်တာတွေရှင် ပြောချင်နေတော့ မဆင်ခြင်နိုင်ဘူးဖြစ်နေတယ်"

စိတ်မကောင်းစွာ ပြောမိတော့ ဇံက ကျောခိုင်းနေရာမှ
ညှိလာပြီး ခေါင်းခါကာ

"မဟုတ်ဘူး မင်းစွက်ဖက်ခွင့်ရှိပါတယ်ကွာ ငါခွင့်ပြုပါတယ်
သာက ငါသိပ်စိတ်ရှုပ်နေလို့ မဝေဖန်ပါနဲ့ဦး။ ပဓာန ငါလက်ထပ်မိ
မှားပြီလား မသိဘူး ငါဒီလောက်အထိ ထင်မထားခဲ့တော့ စိတ်ပျက်
သလိုပဲ"

"ဘာ"

ပဓာန ဒေါသဖြစ်သွားမိသည်။ လက်ထပ်ပြီးတာ နေ့မကူးသေး
ဲ စိတ်ပျက်ညည်းညူသံတွေ ကြားလာရပြီ။ တကယ်ဆို သူလည်း
ထပ်တဲ့ကိစ္စကို ဘဝင်မကျခဲ့။

ဒါပေမဲ့ ကွဲစေကွာစေဆန္ဒနှင့် သွေးခွဲတာမျိုး မပြောခဲ့ပ
ခဲ့လျှင်လည်း စေတနာအပြည့်နဲ့သာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ယောက်ျားကောင်းပြောတဲ့စကားမဟုတ်ဘူးကွ၊ မင်း နမရှိသားပဲ ငံ၊ ကိုယ်ချင်းစာကြည့်ပေါ့၊ ငါအစကဖျက်ခဲ့တယ် ဆို ကလည်း မဖြစ်သင့်တာ မဖြစ်အောင်တားခဲ့တဲ့သဘောပဲ၊ ခုလို အ အနေရောက်မှ မင်းပါးစပ်က ပြောထွက်ခဲ့တဲ့ နောင်တစကားကို ငါသဘောမကျဘူးကွာ၊ ဒီအမှားက ပြန်လည်ပြင်ဆင်လို့ရတဲ့ အ မဟုတ်ဘူး၊ ဖြစ်လာသမျှ ကောင်းကျိုးဆိုးကျိုးတွေလို မင်းခံနိုင်ရည် မှာပေါ့"

ငံ မျက်နှာမကောင်းစွာဖြင့် ငိုင်တွေသွားခဲ့သည်။ စကားအ ပြောခဲ့ရပေမယ့် တကယ်တမ်း ကျောခိုင်းဖို့ရာမှာ မလွယ်ကူခဲ့။

ချစ်လို့ လက်ထပ်ခဲ့တဲ့ မိန်းမတစ်ယောက်ကို စိတ်တိုင်း ဖြစ်ရုံနှင့် ခွဲခွာဖို့မလိုအပ်။ ပြီးတော့ မသင့်တော်တာလည်း အ ဒါပေမဲ့ လက်တွေ့တုံ့ပြန်တာက ပြင်းထန်လွန်းတာမို့ စိတ်ထဲ စနောင့်ဖြစ်နေမိသည်။

ဒီအတိုင်းသာ တစ်သက်လုံး ဆက်ဆံနေရင် ဒုက္ခ။

"မင်း အခု ခါးတွေနာနေသလား"

မိခင်တစ်ယောက်လို ဂရုတစိုက်မေးလာတာမို့ ငံ မျက် ဝဲသွားရသည်။ ခေတနာကိုနားလည်ပေမယ့် မေးခဲ့လိုတာက ချ

"အားကပြင်းတယ်ကွာ တစ်ကိုယ်လုံးနာသွားတာ ခါး





သင်းရင် သက်သာသွားမှာပါ"

"အေးလေ မင်းနေသာတယ်ဆိုရင်လည်း ပြီးတာပဲ ဒီညမင်း နန်းမပြန်ချင်ရင် ငါနဲ့လိုက်အိပ်လေ၊ ဘာမဆို ခေါင်းအေးအေးထား း စဉ်းစားတာပဲကောင်းတယ်၊ စိတ်လိုက်မာန်ပါတော့ မဆုံးဖြတ်ပါနဲ့ကွာ"

"ကောင်းပါကွာ ငါသိပါတယ်"

အနီရဲရဲ အပွင့်အခက်တွေနှင့် လှပစိုရဲနေသော မွေ့ရာကြီးကို ကြည့်ရင်း ငိုင်နေမိသည်။

အနောက်တိုင်းဆန်ဆန် တစ်ယောက်တည်း ခွဲအိပ်ချင်နေတာ သာ အပြစ်လား။ လက်ထပ်ဖို့အမိကဆိုပြီး တောင်းဆိုခဲ့တာကို နေတာပဲလားမသိ။

"သိပ်ချစ်တာပဲ"ဟူသော သကာလွှမ်းသည့် စကားကလေး နှင့် နှစ်သိမ့်ရင်း ဘာကို သိမ်းပိုက်သွားခဲ့တာမို့ နမျောတသ ယူကြုံး ကြွမ်မရင်း ဒေါသတွေအုံ့မွဲ့ သွားခဲ့မိသည်။

ထိုကြောင့် ဆင်ခြင်တုံတရားမဲ့ကာ ဒေါသအလျောက် လက်တုံ့ ခဲ့တာပဲဖြစ်သည်။

စိတ်ထဲက ခါးခါးသီးသီး မုန်းနေတာမျိုးတော့ မဟုတ်ခဲ့။

ဒါပေမဲ့ ရင်ထဲကတော့ နာနေပါသည်။ သူ့မှာ အခွင့်အရေး မယ့် ကာယကံရှင်သဘောမှမတူဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်တရှုတ်ရယ်ပိုင်ဆိုင်တတ်တဲ့ အကျင့်က တူးတူးခါး မှန်းဖို့ကောင်းနေ၏။ ဟိုလူ ဆုရက်ဂျိုကလည်း ဒီအတိုင်းပါပဲ။

ဆုရက်ဂျိုက လိုချင်တာကိုကြမ်းကြမ်းတမ်းတမ်း တောင်း တတ်ပေမယ့် ဇံက နူးနူးညံ့ညံ့သိမ်းသွင်းဆွဲခေါင် တတ်တာပဲကွာ သည်။

ဘာပဲဖြစ်ဖြစ် နှစ်ယောက်စလုံးဟာ ယောကျ်ားတွေမို့ ဒီပုံ ထဲကဒီပဲပါပဲ။ ကောင်းကို မကောင်းတာသေချာသည်။ ထို့ကြောင့် ဇံ တို့ပြန်လိုက်တာ မမှားဘူးဟု တထစ်ချယုံကြည်ထားလိုက်၏။

■ ■ ■



## အခန်း (၂၄)

"တောက် ငါ့ကို တပတ်ရိုက်သွားပြီ"

သတင်းစာကို အားရှိပါရှိ ဆုပ်ကိုင်ရင်း နစ်ကြိမ်ထက်မနည်း ...တ်ခေါက်မိသည်။ ရင်ထဲက တလိပ်လိပ်တက်လာသော ဒေါသတရား ...နှင့်အတူ ...သည် ပြင်ပသို့ ပွင့်အံလာခဲ့ရာ

ဝုန်း။

ရှေ့ကစားပွဲပုလေး အခန်းထောင့်သို့ ပြေးကပ်သွားရရှာသည်။ ...ပွဲပေါ်က စာအုပ်အချို့နှင့် အလှပန်းအိုးကလေးကတော့ လွင့်စင်ကာ ...အနှံ့ပြန့်ကျဲသွား၏။

ဆိုဖာရှည်ကြီးထက်မှာ ထိုင်နေသော သက်တော်စောင့်နှစ် ...ယောက်ကတော့ သက်ပြင်းချကာ မတုန်မလှုပ်ငြိမ်သက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုရက်ကို ဒီလိုဖြစ်နေတာဟာ နမျောတသ၍ မဟုတ်မှန်း သည်။ အသည်းကွဲနေတာထက် မခံချိမခံသာဖြစ်နေတာက ပိုမှန်လည်း သိသည်။

ဝင်၍မျောင်းမှုတာထက်စာလျှင် ဆိတ်ဆိတ်နေပေးလိုက်တာ က အခဆင်ပြေလိမ့်မည်။

ထုံးစံအရဆို ဒီလိုငြိမ်နေတာ ဆုရက်ကို့ရဲ့ ခေါ်သကို ပို၍ သလိုဖြစ်ကာ တစ်စုံတစ်ရာအပြစ်ပေးမှာမလွဲ။ ဒါပေမဲ့ သူတို့တ သည် သာမာန်လူကြမ်းတွေ မဟုတ်။ ဘွဲ့ဒီဂရီကို အမြင့်ဆုံး ဖြင့် ရပြီးသား ပညာရပ်မျိုးစုံကို နယ်ပါတ်တစ်ဖြင့် ကျွမ်းကျင်ပြီး ဖြစ်နေသည်။

ထိုပညာရပ်တွေကို ရှိနိုင်သောအားဖြင့် ရမ်းချင်တိုင်း မ ရဲတာပဲဖြစ်သည်။

တိတ်ဆိတ်နေသော အခန်းထဲမှာ ဆုရက်ကို့ရဲ့ အသက်ရှူ က ကျယ်လောင်စွာမြည်ဟီးနေသည်။

တစ်နေရာတည်းမှာ ကျောက်ရုပ်လို တောင့်တောင့်ကြီးရပ် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ခဲ့။

ဆုရက်ကို့ရဲ့ အရိပ်အကဲကို နိုမီနှင့်နယ်လ်ဆင်က အလိုက် သိစောင့်ကြည့်ရင်း ပြောရမည့်စကားလုံးတွေကို ရွေးချယ်လျက်





အရင်ဆုံး နယ်လ်ဆင်က စကားစသည်။

"အပုန်းကောင်းတဲ့သူမို့ ရှာမတွေ့တာပါ ဘော့စ်၊ ဒါပေမဲ့ ယ်လိုအခြေအနေရောက်ရောက် လူကိုပြန်ရရင်တော်ပြီဆိုတဲ့ သဘော ထားရင်တော့ အချိန်မရွေးဆောင်ရွက်ပေးနိုင်ပါတယ်"

သွေးတိုးစမ်းသလိုပြောတော့ ဆုရက်ကို့က ကျောခိုင်းရပ်နေရာ လှည့်လာပြီး

"တို့တတွေအတွက် အိမ်ထောင်တစ်ခါကျဖူးတာ အဆန်းမ တော့ မင်းပြောသလို အခဆင်ပြေရင် ကောင်းတာပေါ့၊ ငါဝင်မပါ ဲ မင်းတို့ချည်းဖြစ်မလား"

"ဖြစ်ပါတယ် ဘော့စ်"

သည်တစ်ခါ နိုမီက သွက်လက်စွာ ကတိပေးသည်။

ဆုရက်ကို ခပ်မဲ့မဲ့ပြုံးလျက် ခေါင်းညိတ်လိုက်၏။

"အားလုံးအခဆင်ချောဖို့အတွက် သူကိုပြန်ရမှုဖြစ်မယ်၊ မင်းတို့ င်မြင်အောင် ဆောင်ရွက်ပေးပါ"

"ဟိုက် ဘော့စ်"

■ ■ ■

"ဟန်နီ"

မြက်ခင်းစိမ်းစိမ်းပေါ်မှာ ဒူးနှစ်ဖက်ကို ပွေ့ဖက်လျက်ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ဒေဝစ္စရာက ငဲ့တောင်မကြည့်။

သူ့သက်ပြင်းချကာ သူ့မဘေးတွင်ကပ်ပြီး ထိုင်ချလိုက်သည်။ ပြီးတော့ ပခုံးကလေးတစ်ဖက်ပေါ် လက်တင်လိုက်ရင်း

"တို့နှစ်ယောက်အတွက် ပမာနက လက်ဖွဲ့လုပ်ပေးထားတာ ရပြီကွ။ ဒီမှာလေ လက်စွပ်နှစ်ကွင်း လှတယ်နော်"

ဘူးထဲက ထုတ်ပြီးသား လက်စွပ်တွေကို လက်ဖဝါးပေါ်တင် ကာ သူ့မရှေ့မှာ ပြလိုက်၏။

စိန်ကို ပထမတန်းစား အဖြူအသန့်တွေ သုံးထားတာမို့ ခဲသား ရောင်လက်က နှစ်သက်စဖွယ်ကောင်းနေသည်။ ပလက်တီနမ်ကွင်း ထားသော ဒီဇိုင်းဆန်းဆန်းစိန်လက်စွပ်တွေကို ဒေဝစ္စရာက တစ်ချက် သာကြည့်ပြီး

"ကျွန်မကို ဒါတွေနဲ့သိမ်းသွင်းနေတာလား"

ဟု အေးစက်စက်မေးသည်။

ဝံ ဖီလင်ပျက်သွားရှာသည်။ ကျောက်ရုပ်အလား အေးစက် မာကြောနေသည့် မျက်နှာကိုငေးရင်း ရတ်တရက်စကားရှာမရ ဖြစ်သွား၏။

သူ့ရုပ်က ဒီလောက်တောင် ခါးခါးသီးသီးဖြစ်စရာ ကောင်း ပြီလား။





ကိုယ့်မျက်နှာကို မှန်ထဲပြေးကြည့်ချင်စိတ်ပေါက်သွားမိသည်။

"ကျွန်မက ဒါတွေမဝတ်မှုဘူးထင်လို့လား ဝံ၊ ရှင့်ပစ္စည်းတွေ ကို ပြန်သိမ်းထားလိုက်၊ ကျွန်မကြည့်တောင် မကြည့်ချင်ဘူး"

"ဟာကွာ မင်းကလည်း"

"ဟုတ်တယ်လေ ရှင် အပြောမခံချင်ရင် တတ်နိုင်သမျှ ဆင်ခြင်တာ ကောင်းတယ် ခု ကျွန်မတစ်ယောက်တည်းနေချင်တယ်"

"မဟုတ်သေးဘူး ဟန်နီ တို့ကို ဒီလို ဥပက္ခာပြုထားရုံနဲ့ ခံစားရသမျှတွေ လျော့ပါးသွားရောလား။ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့ကွာ၊ ဒီမှာ ဒေဝစ္စရာ မင်းကို တို့ချစ်ခဲ့တာ ကျောခိုင်းနေဖို့ ဟုတ်ဘူး။ လက်ထပ်ခဲ့တာက တစိမ့်စိမ့်ထိုင်ကြည့်ဖို့"

ဒေဝစ္စရာရဲ့ နီထွေးသော ပါးလျလျနှုတ်ခမ်းများမဲ့ကွေးသွား ပြီး ဝံကို မျက်မှောင်ကုပ်ကြည့်၏။

မကြည့်သာသော အကြည့်ဖြင့်ကြည့်ပေမယ့် ချောမွေ့သော မျက်နှာက တစ်ချက်ရုပ်ဆိုးသွားခြင်းမရှိ။ ဒါပေမဲ့ ချောတိုင်းတိမ်းမှုပြု ရမည်ဆိုပါလျှင်

"ရယ်စရာ လာမပြောပါနဲ့ ဝံ၊ တစိမ့်စိမ့်ထိုင်ကြည့်ဖို့ လက်ထပ် ခဲ့တာဆိုရင် ဘာလို့စည်းကျော်ခဲ့သလဲ၊ ဟင့် ရှင်မဖြေနိုင်ဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဇံတစ်ယောက် ဟာခနဲဖြစ်ကာ ဘာပြန်ပြောရမည်မသိ။

ဒါပေမဲ့ အလိုက်မသိသော လက်တွေက ချစ်ရသူရဲ့ ခန္ဓာကိုယ်လေးကို တွေးခနဲ ရစ်ပွဲ့မိသွား၏။

ဒေဝစ္စရာက တွန်းထိုးရုန်းကန်ပြီး ဆတ်ခနဲခွာကာ နေရာထသည်။

"ရှင် ကျွန်မမေးတာကို အကြောင်းပြချက် ကောင်းကောင်းနဲ့ဖြေနိုင်ဖို့ ကြိုးစားဦး ဇံ၊ ရှင်ဖြေနိုင်မှ ကျွန်မရှေ့ကို လာခဲ့"

"ဟာ ဟော့"

ဇံက လက်တစ်ဖက်ကို လှမ်းဆွဲကာတားတော့ ဒေဝစ္စရာက ဆောင့်ရုန်းကာ ရင်ဝကို ခြေဖျားနှင့်လှမ်းခတ်၍ ပြေးထွက်သွားလေတော့သည်။

မမျှော်လင့်ဘဲ ခံလိုက်ရတာမို့ ဇံ အတော်ကလေး နာကျင်အောင့်မျက်သွားရသည်။

ဒီလောက် ရက်စက်တတ်နေတာ ဘာကြောင့်လဲ။

■ ■ ■



## အခန်း (၂၅)

[illegible]မျက်သမျှကို အပေါ်စီးမှ မြင်လိုက်ရသော ပဓာနမှာ သူငယ်ချင်းအတွက် မခံချိမခံသာ ဖြစ်သွားရသည်။

တောက်။

ပဓာနမြင်သလို ဆန်းအေးနှင့်သံစဉ်လည်း မြင်လိုက်ပါ၏။

ဟဲ့ပြန်တာ ခပ်ရဲရဲပဲနော်၊ သူ့လက်အောက်ငယ်သားလိုပဲ သဘောထားနေလားမသိဘူး"

သံစဉ်ဝေဖန်တော့ ဆန်းအေး မျက်နှာမကောင်းဖြစ်သွားခဲ့သည်။ သူက ဇံ အိမ်ထောင်ကျပြီး ခြေငြိမ်သွားတာကိုပဲ သဘောကျနေသူ

"နှင် အဲ့ဒီစကားမျိုး ဇံ့ရှေ့မှာ သွားမပြောနဲ့နော် သံစဉ်၊ ဇံ့အားအားယောင်လွယ်တတ်တဲ့ ယောက်ျားမျိုးဟာ အဲ့ဒီစကားတွေကို အနက်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့် အကျယ်ဖြန့်တွေးပြီး ပေါက်ကွဲကုန်မှ အခက်၊ သူများအိမ်ထောင်ရေးထဲ ဝင်မပါစမ်းပါနဲ့ဟာ"

ဟန့်တားသလိုပြောတော့ သံစဉ်ငြိမ်ကျသွား၏။

ပဓာနကလည်း ကြည့်နေခဲ မြင်ကွင်းကို ကျောခိုင်းလိုက်ပြီး သံစဉ်ကို တည့်တည့်စိုက်ကြည့်ကာ

"ဟုတ်တယ် ဘာမှသွားမပြောမိစေနဲ့ သံစဉ် ဇံက စိတ်ပျော့လွန်းတယ်၊ သူ့ရဲ့ ဘေးပတ်ဝန်းကျင်က ဝေဖန်တာကို ခံနိုင်ရည်ရှိ မဟုတ်ဘူး၊ ကိုယ်ပြောမိတဲ့စကားကြောင့် သူ့အိမ်ထောင်ရေး ကမော ကမဖြစ်ရတယ်ဆိုရင် မကောင်းဘူး"

"ဟုတ်ကဲ့ပါ"

"ဒါနဲ့ ဇံ့မာမီဆီကို အကြောင်းကြားထားတာ ဘယ်နယ့်လ"

"သူချက်ချင်းလာဖို့ အခက်အခဲဖြစ်နေတယ်တဲ့ ဟိုမှာ အလု တွေပြီးပြတ်တာနဲ့ လာခဲ့မယ် ပြောတာပဲ"

"မင်း E-mail ပို့ထားတာ မဟုတ်ဘူးလား"

"ဒေးလေ"

"အဲ့ဒါ ဘာဖြစ်လို့ ပြောတယ် ပြောတာလဲ"

"မင်းကလည်းကွာ တစ်လုံးမကျန် အဓိပ္ပာယ်ဖွင့်နေတော့တာ ၅၆ မေ့တော့မလို့ ဒီတစ်ပတ်ထဲမှာ မန္တလေးသွားမယ့်ကိစ္စ ဘယ်





ဘာဝန်ယူမလဲ၊ ငါကတော့ စကားမပြောတတ်ဘူးနော်၊ အကျိုးတူလက်တွဲဖို့ကို မစေ့စပ်တတ်တာ အမှန်ပဲ"

"ဒါဆို ငါနဲ့ ဇံပဲ ကျန်တော့တာပေါ့၊ ဟိုကောင်ကလည်း မိန်းမရပြီးခါစဆိုတော့ ညအိပ်ညနေ သွားချင်မှာမဟုတ်ဘူး၊ ငါပဲ သွားရမယ် ထင်တယ်"

"ကိုကို သွားရင် သံစဉ်ဖို့ ကြိုးကြိုးချိတ် ဝယ်ခဲ့"

"အံမယ် ညည်းကာဒီအရွယ်လေးနဲ့"

ဆန်းအေးပြုံးစိစိ ပြောလာတော့ သံစဉ်မျက်နှာကလေး ရဲသွား၏။

လူကြီးလုပ်ချင်နေတာ မှန်ပေမယ့် ဒီလိုပြောတာကိုတော့ အရှက်သည်းမိသည်။ ဆယ့်လေးနှစ်အရွယ်ဟာ အတော်ကြီးငယ်နေသော ကိုကို့မျက်လုံးထဲ ကလေးလိုပဲ မြင်နေမည်။

အဲ့ဒီလို မြင်နေတာကိုပဲ မလိုလားနိုင်အောင် ဖြစ်မိသည်။ ဒီကိုဆန်းမြင်တာ အကြောင်းမဟုတ်ပေမယ့် ကိုကိုပဓာနက ကလေး ဟုသတ်မှတ်ခဲ့မှာ စိုးရိမ်သည်။

ကိုယ်က စွဲနှစ်စွာ ချစ်နေတော့ ကိုကိုတခြားတစ်ယောက်နှင့် ဘက်ထပ်သွားမှာ ကြောက်မိသည်။

ထို့ကြောင့် အသက်ကို မြန်မြန်ကြီးချင်လှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညှိုပေမယ့် ဝင်းဖန့်စိုပြေသော ကိုကို့မျက်နှာကို တိတ်တ ငေးမောရင်း ရင်တဒိတ်ဒိတ်ခုန်လာမိသည်။

ဒါကို သတိထားမိသွားသော ဆန်းဒေးတစ်ယောက် ရှိုး ပြုံးဖြစ်သွား၏။ ဒါပေမဲ့ ပဓာန စိတ်ဆိုးမှာကြောက်၍ အတိအလင်း မစရဲ၊ မနောက်ရဲ ။

သံစဉ်ရယ် ညည်းကံဆိုးတာပဲ၊ ဒီလောက် တင်းတဲ့ ပဓာနှ မှ စိတ်ကစားရတယ်လို့ ။

"ဘာဖြစ်လဲ ကြီးရင်ဝတ်ရတာပေါ့၊ ဝယ်ခဲ့နော် ကိုကို"

သံစဉ်က လက်မောင်းဖက်ပြီး ပူဆာတော့ ပဓာနက ပုံကြည့်ပြီး ခေါင်းညိတ်သည်။

"အင်းပါ"

ပြီးစလွယ် ကတိပေးပြီး လက်မောင်းပေါ်က လက်ချောင်း လေးတွေကို မသိမသာ ဖယ်ချသည်။

သံစဉ့်အပြုံးမျက်နှာကလေး သိသာစွာပဲ ပျက်ယွင်းညှိုး သွားလေသည်။ ဒါကို ပဓာနက သတိထားမိစွာဖြင့် မျက်မှောင် ကျုံသွား၏။

ပြီးတော့ သံစဉ့်မျက်နှာကို ဖြောင်ပဲ အကဲခတ်လေ့လာ

"ဘာဖြစ်သွားတာလဲ မျက်နှာက"





"ဘာမှမဖြစ်ဘူး ဘာမှမဖြစ်ဘူး၊ ကိုကို့ကိုမှာတာသာ ဝယ်ခဲ့နော်၊ မမေ့နဲ့"

"မမေ့ပါဘူး။ ညည်းလေး ဒီလိုဝတ်ချင်လာတာကိုပဲ သဘော ကျနေပြီ၊ ဝယ်ပေးပြီးရင် ချောင်ထိုးမထားနဲ့ဦး"

"ဟုတ်ကဲ့"

စောစောက ဖြစ်ပျက်နေသည့် မျက်နှာကလေး အပြုံးတွေ ဆလာကာ ရှုန်းရှုန်းစားစား မော့ကြည့်ရင်း ခေါင်းညိတ်ပြလေသည်။

ကာယကံရှင်က ပဓာနတော့ ဘယ်လိုရှိမည်မသိ။ ဆန်းဒေး ကတော့ ဘေးကကြည့်ရင်း ရင်လေးသွားမိသည်။

ပဓာနနှင့်အနေကြာလာတာမို့ သူ့ရဲ့ စိတ်ဓာတ်ကို နောကြေ နေခဲ့ပြီ။

ကလေးကို မုန့်ပေးကြိုက်မဲ့ လူစားမျိုးထဲမှာ ပဓာနမပါလေ သော့

သံစဉ်ရယ် ညည်းတော့ ခက်ပါပြီ။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၆)

"မင်း မန္တလေး သွားတဲ့အချိန် ငါလည်း မြင်ဦးလွင်သွားရမ...

"မင်းကသွားမှာ ဟုတ်လား။ တစ်ယောက်တည်းလား ...

ဆန်းဒေးက ထမင်းပွဲကိုပြန်ချကာ တအံ့တသြမေး...

ပဓာနကတော့ ဘေစင်မှာ လက်ဆေးနေရင်း နားစွင့်...
ရှိသည်။ ထုံးစံအတိုင်း ဒေဝစ္ဆရာက မျက်နှာတည်တည်ဖြင့် စိတ်...
စားသလို ထမင်းဆက်စားနေ၏။

"အေးလေ၊ တစ်ယောက်တည်းပေါ့ ဘာဘတို့ မှာနေလို့...

ဇံက ဒေဝစ္ဆရာကို မျက်လုံးဝေ့ကြည့်ပြီး အေးစက်စက်...
သည်။

"မဟုတ်သေးပါဘူးကွာ၊ နေလည်း မင်းမိန်းမ အဲ အမျိုး...





...ခါ ခေါ်သွားလေ၊ ရွှေပြည်မှီမြို့ သဘောမျိုးပေါ့ကွာ"

ပဓာန မနေနိုင်စွာဝင်ပြောတော့ ဒေဝစ္ဆရာက မျက်လွှာပင့်
ကြည့်၏။ ပဓာနနှင့်အကြည့်ချင်းဆုံသွားတော့ မျက်နှာလွှဲလိုက်ပြီး

"ကျွန်မ ဒီမြို့ကနေ ဘယ်မှမသွားချင်သေးဘူး မသွားချင်တဲ့
နေရာဆို ဝေါယာဥ်နဲ့လာပင့်တာတောင် မလိုက်ဘူး"

ဂျပန်မှာ အနေကြာပြီး မြန်မာစကားကျွမ်းကျင်နေတာက သြချ
လောက်သည်။ မြန်မာအဘိဓာန်ကို ဘယ်လောက်များ လေ့လာထား
သည်မသိ။ ဝေါဟာဥ်ကအစ သိနေ၏။

ဆန်းဒေးနှင့်ပဓာနတို့နှစ်ယောက် အကြည့်ချင်းဆုံသွားပြီး ပြုံးမိ
ကြသည်။

ဒီမိန်းမလည်း ဘုဂလန့်ကျတာပါပဲလား။

"မင်းက ဒီမှာနေမယ့်လူလေ၊ ဇံရဲ့ ရွှေမြို့အသိုင်းအဝိုင်းတွေ
ကို သိထားသင့်တာပေါ့၊ လိုက်သွားပါကွာ၊ နေရာသစ်ဆိုတော့ စိတ်
အပြောင်းအလဲ ဖြစ်တာပေါ့၊ အဲ့ဒီမြို့က အရမ်းနေလို့ကောင်းတာ၊ မင်း
ချစ်မှာပါ"

သည်တစ်ခါ ဆန်းဒေးက ဝင်တိုက်တွန်းသည်။

ဒါပေမဲ့ ဒေဝစ္ဆရာက အင်းမလုပ် အဲမလုပ်ရှိနေဆဲ။ တင်းမာခိုင်း
သည်တည်ရှိနေသော မျက်နှာကြောင့် ပဓာန မခံချမခံသာ ဖြစ်သွားမိ

www.burmeseclassic.com



သည်။

ဈေးထဲမှာ အကူအညီတောင်းခဲ့စဉ်က ဒီမျက်နှာထားမျိုးနဲ့

မဟုတ်ဘဲ။

"ရှင်းရှင်းပြောရရင် မင်းနေခဲ့တာ မသင့်တော်လို့ပြောနေတာ

ဒေဝစ္စရာ၊ မင်းပဲ စဉ်းစားကြည့်လေ ဒီအိမ်မှာ လူကြီးသူမရှိလို့လား

ရှိရင်တော့ အကြောင်းမဟုတ်ဘူးပေါ့၊ ခု မရှိတဲ့အတွက် မင်းနေခဲ့

အကြောင်းဖြစ်လာပြီ၊ မင်းနဲ့ငါတို့က သွေးသားမှ မတော်စပ်တာ

ဘေးပတ်ဝန်းကျင်က ပြောစရာတွေ ဖြစ်ကုန်မယ်၊ မင်း ဝံနောက်

လိုက်သွားပါ"

ပွင့်ပွင့်လင်းလင်းပြောလိုက်တော့ ဒေဝစ္စရာ မျက်နှာပျက်သွား

သည်။ ပြီးတော့ ပါးမို့ကလေးတွေ ရဲတက်လာကာ နှာသီးဖျားတွေ

နီလာသည်။

အရက်နှင့်ဒေါသတွေ စုပြုံလာတာမို့ ပဓာနကို ငါးစား

မယောင် စူးစူးရဲရဲစိုက်ကြည့်နေ၏။

ဒါကို ပဓာနက သတိထားမိကာ ရုတ်တရက် ဘာ

ညာမပြောနှင့် ဝံကိုဆွဲထိုးချလိုက်သည်။

"ဟာ ပဓာန"

ဆန်းဒေး အလန့်တကြား တားလိုက်ပေမယ့် မမီတော့





"မင်း မင်း ဘာလုပ်တာလဲ"

ဝံက နှုတ်ခမ်းထောင့်စွန်းမှ စီးကျလာသော သွေးတွေကို

လက်ခုံနှင့်သုတ်ရင်း ဒေါသတကြီးမေးသည်။

ပဓာနက တစ်ခွန်းမှမပြောဘဲ ဆင့်ကာဆင့်ကာထိုးချလိုက်

သည်။ ပဓာနရဲ့ လက်သီးချက်များအောက်မှာ ဝံတစ်ယောက် ခံလိုက်ရ

သော အလူးအလဲ။

"ပဓာန"

တခဏအတွင်းမှာပဲ ဝံ မျက်နှာမှာ သွေးချင်းချင်းနီသွားတော့

ဒေဝစ္စရာမနေသာတော့။ ဒွန်းခရင်းတွေကို ပစ်ချပြီး ပဓာနကို ဝင်ဆွဲ

သည်။

"ရှင် ဘာဖြစ်လို့ အသားလွှတ်ကြီး ထိုးနှက်နေရတာလဲ ပဓာန၊

ရှင့်ကို သူက ဘာပြောနေလို့လဲ"

"မင်းနဲ့ဘာဆိုင်လို့လဲ ငါ့ဘာသာ စိတ်ထဲမထင်လို့ ထိုးတာ"

ပြောရင်း ဝံရဲ့ မေးရိုးဆီ အားပါသော လက်သီးတစ်ချက်

ရောက်သွားပြန်သည်။ ဝံ ဖင်ထိုင်လျက်သား ကျသွားတော့ ဆန်းဒေး

မှ ပြေးထူသည်။

ပြီးတော့ ပဓာနကို အံ့သြစွာ ကြည့်လာတော့ ပဓာနက

အကြိတ်ပြပြီး မျက်စိတစ်ဖက်မှိတ်ပြကာ



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ခေါင်းရှုပ်အောင် မလုပ်နဲ့ ဇံ၊ ကိုယ့်ကိစ္စကိုယ် နိုင်အောင်လုပ်၊ ဒါပဲ ပြောမယ်"

မာမာထန်ထန်ပြော၍ ခြေသံပြင်းပြင်းနှင့် ထမင်းစားခန်းထဲမှ ထွက်လာခဲ့သည်။

နောက်ပိုင်းမှာ ဘာတွေဖြစ်ပျက်နေသည်မသိပေမယ့် အတိုင်းအတာတစ်ခုထိတော့ ပြေလည်သွားမည်။

သည်မျှော်လင့်ချက်နဲ့ပဲ ဇံကိုတွယ်ခဲ့တာပါ။

ဇံ အဆင်ပြေနိုင်ပါစေ။

အခန်းထဲရောက်တော့ ခရီးဆောင်အိတ်ထဲ အဝတ်အစားတွေထည့်လိုက်သည်။ တပတ်ခန့်ကြာမည့် ကာလအတွင်းမှာ ဇံရဲ့ တာဝန်ပိုင်းတွေကိုပါ သူလုပ်ဆောင်သွားရမည်။

တကယ်ဆို ဇံက ဗိသုကာပညာရှင်တစ်ယောက်မို့ အသစ်ဆောက်မည့် ဟိုတယ်အတွက် အများကြီး တာဝန်ယူရမည်။ သူတာဝန်မယူနိုင်ပါက တခြားတစ်ယောက်ကို တာဝန်ပေးရလိမ့်မည်။

ဒါပေမဲ့ မန္တလေးက သူ့ဇွေးက ဘောလူအဝင်မခံချင်သည့်ပုံစံမို့ တခြားလူထည့်၍ မရနိုင်။

"အန်ကယ်က မြို့ခံလူဖြစ်နေတော့ မင်းတို့ဟိုတယ် ဆောက်တဲ့အခါ အများကြီးအကူအညီပေးလို့ရတယ် ဒါပေမဲ့ အန်ကယ်က ဆေး





ဆတ်တယ်လေ၊ အဲ့ဒီတော့ ဘောလူနဲ့မဖြစ်ဘူး။ မင်းတို့ထဲမှာ (Architect) တစ်ယောက်ပါမှ ဖြစ်မယ်၊ ဇံက (Architect)ပဲကွာ၊ သူပဲ တာဝန်ပေးလိုက်"

ဇံက ရုပ်ချောအပြောကောင်းသည့်အပြင် စိတ်ရှည်တတ်တာ ဇံကိုပဲ လိုလားနေတာ မဆန်း။ သူက သချာပါမောက္ခတစ်ယောက် အတွက်အချက် ကျွမ်းပေမယ့် ဇံရဲ့ ပညာပိုင်းကိုတော့ နားမလည်။

ထို့ကြောင့် ရန်ကုန်မှာ Construction Company ဖွင့်ဖို့ ဒီလူတွေကို ဇံပဲ အားကိုးနေရသည်။ ဒါပေမဲ့ ဇံက ဝါသနာမပါတော့ နေသည်။

"ငါက ခေါင်းခြောက်မယ့် ကိစ္စတွေကို တတ်နိုင်သမျှ ရှောင်တာ မင်းအသိပဲ၊ ရခဲ့တဲ့ဘွဲ့က ကျွမ်းကျင်ချင်လို့ ကြိုးစားမိလို့ ပါ ဟဲ ဟဲ ဝါသနာတော့ မပါဘူး။ မင်းပဲတွေးကြည့်လေ အဲ့ဒီ ဒီတာဝန်က မသေးဘူးကွ၊ ပြီးတော့ အဆောက်အဦးတွေ ရောင်း မချင်း ငွေကမြှုပ်နေမှာ၊ ရောင်းထွက်အောင်လို့လေလံပွဲ လုပ်ရ မယ်၊ စိတ်ရှုပ်စရာကြီးပါကွာ၊ ဒီကြားထဲ ရှုံးလိုက်ရင်နင့်ရော"

စိတ်မပါတာကို ပြောကာ အင်တင်တင်လုပ်နေတော့ သူမနည်း တောင်းပန်ပြောဆိုခဲ့ရသည်။

"မင်းမပါရင်လည်း နည်းနည်းပါးပါး ကူညီပါကွာ၊ ငါရယ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဒေးရယ်ပေါင်းပြီး မနွလေးက ဦးသက်ဝင်နဲ့ စပ်တူထောင်မယ့်
မင်းက ဦးစီးပေးနေဝ်၊ ရှုံးရင် ငါတို့ခံမယ်ကွာ၊ မြတ်ရင် မင်းပါ ပါတယ်
ဟုတ်လား"

ကိုယ်မကျွမ်းကျင်သော အပိုင်းမို့ ပြောရတာ တကယ်
အောက်ကျနောက်ကျပါပဲ။ ဒါပေမဲ့ ဇံက ငွေရောလူပါ ရင်းနှီးပေးမည်
ဟု ကတိပေးလာတော့ ပြောရကျိုးနပ်သွားပါ၏။

လောလောဆယ်မှာတော့ ဇံက အလုပ်ကိစ္စတွေကို စိတ်မဝင်
စားနိုင်သေးတာ သေချာသည်။ အဖက်ဖက်ကပြည့်စုံနေပါလျက် အိမ်
ထောင်ရေးမှာ အဆင်မချောခဲ့တာ ဘာကြောင့်လဲ။

"ပမာန ငါဝင်ခဲ့ပြီ"

တံခါးဖွင့်သံနှင့်အတူ ဆန်းဒေးရောက်လာတာမို့ အတွေးစ
ပြတ်တောက်သွားရသည်။

"ဘာကိစ္စလဲ"

လှည့်မကြည့်ဘဲ မေးတော့ ဆန်းဒေးက ဗီရိုရှေ့လျှောက်သွား
ကာ

"မင်းလုပ်သွားတာ လွန်တယ်ကွာ၊ ဇံတော့ နောက်နေ့တွေ
ဆန့်ပြုတ်သောက်ရတော့မယ် ထင်တယ်၊ သွားတွေတောင် နာသွားတယ်
တဲ့၊ နဝရိုးကျိုးမသွားတာ ကံကောင်း။ သရုပ်ကလည်း ဒီလောက်တောင်





ဖြင့်ရသလား"

ပမာနက ခုံးထောက်နေရာမှ ထရပ်လိုက်ပြီး ဗီရိုတံခါးကို
ပိတ်လိုက်သည်။ ပြီးတော့မှ ဆန်းဒေးနှင့်မျက်နှာချင်းဆိုင်က တီးတိုး
လေသံပြောသည်။

"ဒီလောက်လုပ်မှ မျက်နှာတစ်ခုလုံးရောင်မှာပေါ့ကွ၊ အဲ့ဒါဆိုရင်
အိမ်မထွက်ဖြစ်တော့ဘူး။ ပြီးတော့ မိန်းမက သူ့အနားကပ်မှာပေါ့ ဒဏ်ရာ
ပြုစုရင်းနဲ့ နည်းနည်းပါးပါး အဆင်ပြေသွားစေချင်တဲ့ စေတနာနဲ့လုပ်ခဲ့တာ

ဒါနဲ့ ဇံ ငါ့ကို ဘာပြောသေးလဲ"

"ဘလိုင်းကြီး ခေါ်သွားတာဆိုတော့ နည်းနည်းတော့ တင်း
သွားပေါ့၊ မင်းကိုပြန်လုပ်မယ် တကဲကဲဖြစ်နေတာ ဟိုအမျိုးသမီးဆွဲ
ထားလို့၊ ငါကလည်း အာပေါက်အောင် တားယူလိုက်ရတယ်"

"ခြေသွ် အဲ့ဒီလောက်တောင်ပဲလား"

"ဟုတ်တယ် ဒါပေမဲ့ စိတ်ထဲ ဘာမှမထားပါနဲ့ကွာ၊
မင်းစေတနာကို ငါနားလည်ပါတယ်"

ပမာန မချိပြုံးပြုံးပြီး ခေါင်းညိတ်လိုက်သည်။

မင်းနားလည်ဖို့ထက် ဇံ နားလည်ဖို့က အရေးကြီးတာပါဟု
ပြောဖြစ်ခဲ့။

မေတ္တာမှန်ရင် ရောင်ပြန်ဟပ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

နေမကောင်းတဲ့တောင် ဆန်ပြုတ်၊ စွတ်ပြုတ်တွေ မသောက်တတ်ပေမယ့် ခုတော့ သောက်နေရပါပြီ။

ဘယ်လိုစိတ်ကူးပေါက်ပြီး စိတ်ရှိလက်ရှိ ထိုးနက်သွားခဲ့သည် မသိ။ မေးရိုးတွေက လှုပ်လိုက်တိုင်းနာသည်။ သွားတွေကလည်းအထိမခံချင်လောက်အောင် ဖြစ်နေပြီ။

မှန်ထဲမှာ ကိုယ့်မျက်နှာကိုယ်ကြည့်မိတော့ ပါးရိုးတွေညိုကာမေးရိုးနေရာမှာ ရောင်ကိုင်းနေ၏။

ချောချောမောမော မျက်နှာကလေးတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်ပါပြီ။

ဒီပုံစံနဲ့ ဘယ်နရက်နေရဦးမှာလဲ။





အလုအယက် ဂရုစိုက်တတ်သူမို့ ဒီပုံစံနဲ့ခရီးမထွက်ချင်တော့။

"ဗွီထက်ဝံ"

ခေါ်သံလေးလေးနှင့်အတူ ခေါက်ဖိနပ်သံ တခေါက်ခေါက်က ချက်ချင်းရောက်လာသည်။

မှန်ထဲမှတစ်ဆင့်မြင်လိုက်ရသော အရိပ်ကလေးက အချစ်သင်္ကေတအရောင်ဖြစ်သည့် ပန်းနုရောင်လေးပါ ငြိမ်းချမ်းခြင်း လက္ခဏာသား ပြေလည်ဖို့ အချက်ပြတာလား။

ကိုယ်လိုရာဆွဲတွေးမိသည်။

ပန်းနုခံပေါ် အမြူရောင်အစက်အပြောက်ကလေးတွေပါသည့် ပန်းကလေး ဝတ်ထားတာမို့ ဝင်းလက်လှပနေသူလေးကို အားမနာ ငေးငေးမိသည်။ အချိန်အတော်ကြာသည်အထိ ဒီဘက်လှည့်ဖို့ သတိရနိုင်။

"ဝံ"

အငမ်းမရငေးနေတာမို့ ဘီးကုပ်ပန်းရောင်ကလေး ကုပ်ထားသည့် မျက်နှာရှင်းရှင်းကလေးက မှုန်ကုပ်လာခဲ့သည်။ ပြီးတော့ မျက်နှာတစ်ခုလုံးရဲ့ တက်လာခဲ့ရင်း ဆောင့်ဆောင့်အောင့်အောင့်ခေါ်သည်။

"ဟင် ဘာလဲ"

"ရှင် ဒီဘက်လှည့်လိုက်စမ်းပါ မှန်ထဲကခိုးကြည့်မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝစ္စရာ ပြောင်ပြောလိုက်တော့ ဇံ အကြီးအကျယ် ရက်သွားရသည်။ ဒံ ကြိတ်ကာ သူမဘက်လှည့်လိုက်မိသည်။

ဒေဝစ္စရာက ဇံ့မျက်နှာပေါ်က ဒေါသရိပ်တွေကို လှမ်းကြည့်ရင်း အခန်းထောင့်က ဆိုဖာမှာ သွားထိုင်၏။

"မှန်တာပြောရင် သဘောကျတဲ့ အထဲမှာ ရှင်မပါတာ စိတ်မကောင်းပါဘူး။ ကျွန်မကလည်း အမှန်အတိုင်းပြောတတ်နေတော့ ခက်တယ်၊ ပြောပါဦး ရှင်ဒီရက်ထဲ ခရီးထွက်မှာလား"

"အဲ့ဒါ လာမေးတာလား"

"ဟုတ်တယ်"

"ဇံ အတော်လေး တင်းသွားမိသည်။ လက်ထပ်ပြီးသည့်နောက်နေ့ကစပြီး အခန်းခွဲအိပ်တာ သုံးရက်ရှိပြီ။

မျက်နှာချင်းလည်း မဆိုင်အောင် ရှောင်နေတတ်တာမို့ သူမှာ တသသ လွမ်းနေရသည်။ သူမကတော့ နေနိုင်ရက်သည်။ ခုတောင် လာမေးတာတဲ့။ ကဲ သူဘယ်လိုခံစားရမလဲ။

"သွားလို့ရတော့ မလားကွ၊ ဒီမျက်နှာဖြစ်ပျက်နေတာကို လည်း ကြည့်ဦး"

အမြဲတစေ တင်းနေခဲ့သော ဒေဝစ္စရာမျက်နှာပြုံးစေစေ့ဖြစ်လာ ဇံကို ခပ်စိုက်စိုက်ကြည့်လာသည်။





"ဟုတ်သားပဲ၊ ရှင့်တို့ချင်း ရန်ငြိုးရှိသလားမှ မသိတာ၊ ဒီလိုရာ တနည်းတာမှ မဟုတ်ဘူး။ ဒါတွေ နဂိုအတိုင်းပြန်ဖြစ်ဖို့ တစ်ပတ်တော့ ကြာမယ် ထင်တယ်"

"ကြာတာပေါ့"

"ခေးမထည့်ဘူးလား"

"စပ်မှာကြောက်လို့"

စင်းစင်းပျောပျော့ ဆံပင်တွေကို လက်ဖြင့်ထိုးမွလိုက်ရင်း မျက်နှာလွှဲကာ ဖြေမိသည်။ တကယ်ဆို သူ မကြောက်ပါ။ မုသားသုံးလိုက်တာပဲဖြစ်သည်။ သူမ ဘယ်လိုတုံ့ပြန်မလဲ၊ ဒါကိုသိချင်မိသည်။

"ကြောက်တယ် ဟုတ်လား"

"အင်း"

"မဖြစ်နိုင်တာ ပဓာနဆိုတဲ့လူ ထိုးနက်နေတာကိုတောင် အသံထွက် မညည်းညူခဲ့တဲ့လူက ခေးကို ကြောက်ရသလား"

မယုံကြည်သလိုမေးပြီး နေရာမှ ထကာ သူ့ရှေ့လျှောက်လာသည်။

ထိုအခါ ဇံက မွေ့ရာပေါ်ပစ်လှဲရင်း တစ်ဖက်လှည့်နေလိုက်၏။

ဒါကိုမြင်တော့ ဒေဝစ္စရာ မျက်နှာလေး တည်သွားပြီး ဇံကို မျက်မှောင်ကုပ်ကြည့်သည်။ ဒါ ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဝံ ရှင်ဘာဖြစ်နေတာလဲ ထိုင်ပြီးစကားမပြောနိုင်တော့လောက်အောင် အခြေအနေက ဆိုးနေပြီလား"

ဒေါ်သတ္တကြီးမေးပေမယ့် တုပ်တုပ်မျှပင် မလှုပ်။ ဖက်လုံးပွေ့ဖိုက်ရင်း ငြိမ်နေ၏။ သူ့မရေ့တစ်လုမ်းတိုးကာ ငုံ့ကြည့်တော့ မျက်ဝန်းအစုံက ဖွင့်လျက်သား ။ နံရံကပ်ဗီရိုကြီးကို ငေးစိုက်ကြည့်နေလေသည်။

"ရှင်က ဘာသဘောနဲ့ ဒီလို နေနေတာလဲ ဝံ ဘာလဲ ကျွန်မကိုစကား မပြောချင်တော့ဘူးလား။ ဒါဆိုလည်း ကျွန်မပြန်မယ်"

"ဟာ နေဦး"

ဝံ ပျာပျာသလဲဖြစ်ကာ ခုန်ထပြီးတားသည်။

"ဘာလဲ ဘာပြောမလို့လဲ"

ဒေဝစ္စရာက စူပုပ်ပုပ်မျက်နှာနှင့်ပြန်လှည့်လာသည်။

"ခဏလေး"

ဝံက မွေ့ရာပေါ်မှဆင်းပြီး ဒေဝစ္စရာရှေ့ကို လှမ်းခနဲရောက်သွားကာ

"ဟန်နီ"

ရုတ်တရက် ကိုယ်ကိုထွေးခနဲရစ်ဖွဲ့ပြီး အဆက်မပြတ်ကျရောက်လာသော အနမ်းတို့ကြောင့် ဒေါ်သတ္တိမေ့လျော့သွားခဲ့သည်။ လတ်တလောမှာ ဒေါ်သဖြစ်ဖို့ထက် ရက်ရှုံ့ခြင်းကပိုကာ မျက်နှာချေ





ချောအား လက်သည်းတွေနှင့် ကုတ်ခြစ်လိုက်မိသည်။

အား။

ဒယ်ရာပေါ် ဒယ်ရာဆင့်သွားတာမို့ ဝံ အသည်းခိုက်အောင် နာသွားရှာသည်။

မျက်နှာချင်းခွာလိုက်တော့ ပူနွေးသည့် သွေးစီးကြောင်းတွေ ဖြစ်ပေါ်ကာ အကျီငြမှုပေါ်ကျသည်။ အားပါသွားတာမို့ အတော်လေးနက်သွားတာ သိလိုက်၏။

ပါးပြင်ပေါ်က သွေးတွေကို လက်ဖြင့်ကိုင်စမ်းရင်း နာကျင်ကြေကွဲစွာ ငေးအကြည့်မှာ

"ဆောရီး"

ဟု တစ်ခွန်းတည်းပြောလျက် ပြေးထွက်သွားလေသည်။

သူ ဘာတတ်နိုင်မှာတဲ့လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဆင်ဝင်အောက် ကားရပ်လိုက်တာနှင့် ဆန်းဒေးက ဘာရှ
တံခါးပြေးဖွင့်ပေးသည်။

ဇံက သူ့မျက်နှာကို ခပ်ကွယ်ကွယ်ထားရင်း နေရာမှ လစ်ထွက်
ဖို့ ကြိုးစား၏။ အညိုအမည်းစွဲနေရုံမက ဂုတ်ရာခြစ်ရာတွေ ရှ
ဖြစ်နေသော ဒီမျက်နှာကို သံစဉ်တွေ့သွားလို့ မဖြစ်။

စပ်စုတာတွေရဲ့ အကျိုးဆက်မှာ အပြစ်တင်တာတွေပါလာ
လိမ့်မည်။

လူငယ်ပေမယ့် ပါးစပ်ထက်တာမို့ သူကြောက်ပါသည်။

ဒေဝစ္စရာကို အားနာတာလည်း ပါသည်။ တော်ကြာ စိတ်
ပြီး နိုင်ငံခြားပြန်သွားလျှင် အခက်။





"အဲမယ် ကိုကိုဇံ၊ ဘယ်ပြေးမလို့လဲ၊ မရဘူး ဒီနေ့ သံစဉ်
အားနေတယ်၊ ကျူရှင်လည်းမရှိဘူး။ ရုပ်ရှင်လိုက်ပြ ကိုကို့ကို ခေါ်မလို့
ဘာ ကိုကိုက ပြန်မရောက်သေးဘူး"

ပြောပြောဆိုဆို ခန်းစီးစကို စုကိုင်ထားသည့် လက်တွေကို
ဖြုတ်ချကာ သူ့လက်မောင်းကို ဆွဲလှည့်လိုက်လေသည်။

"ဟာ ဟ ဘာလုပ်တာလဲ"

"ဟယ် ကိုကိုဇံ ကိုကိုဇံ့မျက်နှာ ဘာဖြစ်တာလဲဟင် မျက်နှာ
ဘာဖြစ်တာလဲဟင်၊ မျက်နှာတစ်ခုလုံး ရစရာတောင် မရှိတော့ဘူး။
အညိုအမည်းစွဲနေတဲ့အပြင် အစင်းကြောင်းတွေရော ရောင်ကိုင်းနေတာ
ရော၊ မနည်းဘူး ရန်ဖြစ်ထားတာလား ဘယ်သူနဲ့ဖြစ်တာလဲ"

မေးရင်း မျက်ဝန်းတွေက ဆက်တီဘက်မှာ ခြေချိတ်ထိုင်ပြီး
သတင်းစာဖတ်နေသည့် ဒေဝစ္စရာထံ အကြည့်ရောက်၏။ ဒီလောက်ဖြစ်
ရအောင်နေတာဟာ ဘယ်သူ့လက်ချက်လဲဆိုတာ ဗက်ကနဲသိသည်မို့

"ပြောနော် ကိုကို ယောက်ျားကြီးဖြစ်လျက် ဒီလောက်ခံလိုက်
ရတာ သဘာဝမကျဘူး။ မပြောရင် အန်တီ့ကို လှမ်းတိုက်မယ်၊ အန်တီ
သားသား ဖြစ်ချင်တိုင်းဖြစ်နေတယ်လို့"

"ဟာကွာ ညည်းလေးက တစ်မျိုး"

နဂိုက မလိုလားသည့် စိတ်ရင်းက ယခုလို တွေ့မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ပိခိုးသွားရသည်။ မေးလိုက်ရုံနှင့် မျက်နှာပျက်သွားခဲ့တာ
ထင်သလို ဖြစ်နေလို့ပဲဖြစ်မည်။

"ဘာလဲ ကိုကို ဒီမျက်နှာပေါ်က အစင်းကြောင်းတွေ
ကြောင်ကုတ်ထားတာလား။ ဒီမှာ ကြောင်လည်းမရှိပါဘူး။ ယော
ချင်းရန်ဖြစ်တယ်ဆိုရင်တောင် ဒီဒဏ်ရာ ရမှာမဟုတ်ဘူး။ မိန်းမ
တာပဲ ဖြစ်ရမယ်"

တည့်တည့်ကြီး ပြောလာတော့ ဓေဝစ္စရာက သတင်း
စားပွဲပေါ်ပစ်တင်ကာ အထိုင်မပျက်တဲ့။

"သိပ်မှန်တာပေါ့ အဲ့ဒီအစင်းကြောင်းတွေက ထိုလက်
လေ၊ မျက်နှာပေါ်က အညိုအမည်းတွေကတော့ ပဓာနလက်ချက်

ဘယ်သူမှ ဂရုမစိုက်သလို ပြောတော့ သံစဉ်မျက်နှာပျက်
၏။ ဝံနှင့်ဆန်းဒေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်
ရင်း ခေါင်းကြီးသွားရသည်။

သွားပြီဟုသော အသိနှင့်အတူ ဆန်းဒေးက သံစဉ်အ
ချက်ချင်းရောက်သွား၏။

"ကဲပါဟာ မေးမနေနဲ့တော့ သူတို့တွေက လင်မယား
ဘယ်လိုပဲဖြစ်ဖြစ် သူတို့ချင်း ကျေနပ်ရင်ပြီးတာပဲ၊ ပဓာနက
တာကို ဖျန်ဖြေရင်း လက်ပါသွားတာ"





"နေစမ်းပါဦး ဒီလောက်ထိ ပျာပျာသလဲ ရှင်းပြရအောင် သူက
ဘယ်လောက်ထိ အရေးပါနေလို့လဲ၊ ကျွန်မယောက်ျားကို ကျွန်မ ဘာပဲ
လုပ်လုပ် သူနဲ့ဆိုင်လို့လား"

ဓေဝစ္စရာ ထမေးတော့ သံစဉ် မျက်နှာပိုပြီး ရှုပ်တင်းမာ
သွားကာ

"နာမည်နဲ့ကို မလိုက်ဘူး ဓေဝစ္စရာအစား ကုဝေဏီလို့ပဲ
ခေါ်သင့်တယ် ဟွန်း"

ဟု မကြားတကြားရေရွတ်ပြီး လက်ထဲက အထုပ်တွေကို
စားပွဲပေါ် ပစ်တင်၍

"ပြန်မယ် ကိုကို ဆက်နေရင် အကုသိုလ်များတယ် ဒါတွေ
က ဒယ်ဒီပို့ခိုင်းတာ၊ သူ့ဆီလာခဲ့ကြပါဦးတဲ့ မှာလိုက်သေးတယ်၊ ပြောစရာ
ရှိလို့တဲ့"

မကြည်မလင် လေသံဖြင့်ပြောကာ မျက်နှာကို ချိုး၍ခြေသံ
ပြင်းပြင်းနင်းလျက် လှည့်ထွက်သွားလေသည်။

"ဝံ"

ဆန်းဒေးက မျက်နှာမကောင်းစွာ ရပ်နေသည့် ဝံအနား
ရောက်လာကာ ဟန်းဖုန်း ကမ်းပေးရင်း

"မင်းရဲ့ ဖုန်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အကဲခတ်သလိုကြည့်ပြီး တိုးသက်စွာ ပြော

"ဘယ်ကလဲ"

"မသိဘူး"

လက်ထဲထည့်လာသည့် ဖုန်းကို နားမှာတပ်လိုက်သည် မကြားချင်ဆုံးအသံကို ကြားလိုက်ရသည်။

"ဟဲလို ဋ္ဌေထက်ဝံ၊ မင်းအပုန်းကောင်းလှချည်လား။ လက် ပြီးနောက်ပိုင်း အပြင်ထွက်တာ လုံးဝမတွေ့ရသေးဘူး။ ဘာလဲ မလိမ့်တပတ်လုပ်ခဲ့တာကို သွေးလန့်နေတာလား။ မင်းယောက်ျား ဘူးလားကွ ဟင် အဲ့ဒီလို ပုန်းနေရုံနဲ့ ပြီးရောလား မင်းပုန်းတဲ့နေ တော်တော်လုံတာကို။ မင်းဒီလို လက်သီးပုန်းတိုးတတ်တာ ငါမ မင်းရုပ်ရည်နဲ့ စကားကို ပရမ်းပတာပြောလိမ့်မယ်လို့လည်း မထ ဒီမှာ ဋ္ဌေထက်ဝံ၊ မင်းလုပ်ရပ်အတွက် အကျိုးဆက်ကလေးကို ကြည့်လိုက်ဦး"

သူချည်းတောက်လျှောက် ပြောချသွားပြီး ဖုန်းချသွားခဲ့ သူက နားထောင်ရုံသက်သက် ဖြစ်ကာ ရင်ထဲမှာ ခြောင်းဆန့်ကျ ရသည်။

သူ့ကို ဘယ်လိုပုံစံနှင့် တိုက်ခိုက်မည်နည်း။

မသေရုံတမယ် လုပ်ချင်လုပ်ပါစေ ဟန်နီကိုတော့ ခွဲ





ပါနဲ့လို့ ဖုန်းဆက်တောင်းပန်ရမည်လား။

ဘာပဲဖြစ်ဖြစ် ချစ်သူ သူ့ဘက်မှာ ရှိနေဖို့ အရေးကြီးသည်။ မဲ့ ခု အဲ့ဒီလို ရှိမနေတော့ ပူပန်ရပါသည်။

ဘယ်မချိန် ဂျူပန်ပြန်ပြေးမလဲဆိုတာပဲ တနုံ့နုံ့ဖြစ်နေရတဲ့ မှာ ရင်ခုန်သံတွေ လွင့်ပါးနေခဲ့သည်။

"ဘယ်ကလဲ"

"အသိတစ်ယောက်ဆီကပါကွာ"

"ဩော် ဘာတဲ့လဲ"

"အလကားပါကွာ အကူအညီတောင်းတာလောက်ပါ ကဲ ငါ ချိန်းထဲ ဝင်ဦးမယ်ကွာ ပဓာနဆီက ဖုန်းလာရင် မင်းပဲ နားထောင် ာ်"

"သူ ဒီည ဖုန်းဆက်မှာယ်တဲ့လား"

"အေး"

"စိတ်ချ ငါ အကျိုးအကြောင်းမေးထားလိုက်မယ်"

"အေး"

ဝံ ထွက်သွားတော့ ဓေဝှရာက ခေါင့်ခေါင့်အောင့်အောင့် ာ်တွေနှင့် ခြံထဲ ဆင်းသွားလေသည်။

ယောက်ျားနဲ့မိန်းမ ။



www.burmeseclassic.com

www.burmeseclassic.com



၃ နှင့် ၄ လိုဖြစ်နေပါရောလား။

ဆန်းအေး စိတ်မသက်သာစွာ တွေးမိသည်။

■ ■ ■



## အခန်း (၂၄)

အမြဲတမ်း မာန်ဝင့်နေတတ်ခဲ့သော မျက်နှာက ညှိုးနွမ်းခြောက်သွေ့နေခဲ့သည်။ နမျှောတသခြင်းတွေကလည်း ဖုံးဖိမရအောင် ပေါ်လွင်လျက်။ စိတ်ဓာတ်ကျခြင်းတွေကလည်း အထင်းသား။

"မင်းကလည်းကွာ၊ အဆင်မပြေလို့လွဲတာပဲ၊ မြေနိုင်ရမှာပေါ့ ဆုံးရှုံးမှုဆိုတာကလည်း ပြန်ရရင် ရနိုင်တာပဲ အဲ့ဒီလောက်အထိ ငြိမ်မနေပါနဲ့"

"မဟုတ်ဘူး ငါ ဒါကို အများကြီး မျှော်လင့်ထားခဲ့တာကွ"

နောက်ပိုင်းမှာ အသံက တိမ်ဝင်ချင်သွားသည်။

ယောက်ျားဆိုပေမယ့် လူသားမို့ နမျှောတတ်တာပါပဲ၊ ပြီးတော့ ရှုံလွယ်သွားသည့် ကိုယ့်ကိုကိုယ် ဒေါသဖြစ်လို့မဆုံးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးကို သွားဖို့ စိတ်ကူးကလည်းက ကိုယ်ပိုင်သမျှ ငွေတွေ အားလုံး တစ်ပါးတည်း ယူသွားခဲ့တာဖြစ်သည်။ ဒါကို ဝမသိပေမယ့် ဆန်းဒေး သိပါသည်။ "ငါစွန့်စားဦးမယ်"ဟူသည့် အသိပေးစကား တစ်ခွန်းနှင့် သီးခြားအလုပ်လုပ်ဖို့ ကြိုးစားခဲ့သည်။

သူတို့(၃)ဦးနှင့် သက်ဆိုင်သည့် အလုပ်ကိစ္စပြီးသွားတော့ ကိုယ့်ကိစ္စကိုယ်အကောင် အထည်ဖော်ခဲ့သည်။

မိုးကုတ်က သူဌေးနှင့် ထိုမြို့မှာပဲ ချိန်ပြီးကျောက်တွင်းတွေ ဝယ်ယူခဲ့သည်။

"ငွေတွေကို အခု ချက်ချင်းမချေပါနဲ့ ကျုပ်နောက်တစ်ခေါက် သာယူမယ်၊ နှစ်ရက်ပဲ ကြာမယ် မောင်ရင်"

သူကိုရက်ချိန်းထပ်ပေးပြီး ပြင်ဦးလွင်ကိုသွားခဲ့သည်။ တစ်ရက် ခလောက်နေပြီးတော့ ဖုန်းပြန်ဆက်တာက သူ့တပည့်နဲ့ သူသားလာမှ မယ်တဲ့။

သူနဲ့ ကိုယ်နဲ့သိထားသည့် အရောင်းအဝယ်မို့ ဘာဘာညာ ညာ တွေးမနေတော့ဘဲ လက်ခံခဲ့သည်။

"ကျောက်တွင်းတွေကို မင်းဝယ်လိုက်ပေမယ့် တပတ်လောက် ဖုံးပေးထားပါဦးကွာ၊ ငါက အိမ်က အဘွားကြီးမသိအောင် လုပ်ထား တာဆိုတော့ တိုးတိုးတိတ်တိတ် လုပ်ချင်တယ်"





နဂိုကတည်းက ပြောထားခဲ့တာမို့ နားလည်မှုနှင့်ကိုယ့်ဘက်က ဘ်ထဝစ်လျှော့ရသည်။ ငွေလာယူတော့ မြန်မြန်ချောချော ကပြားလူမျိုး နှစ်ယောက်လာသည်။

"ကျွန်တော်တို့ကို ပါပါ လွှတ်လိုက်တာပါ" ဟု ခပ်မှုံမှုံ ပြောပြီး အတောက်အထားနှင့် ပြလာတော့ သိန်းထောင်ချီသည့် ငွေတွေကို အပ်လိုက်မိသည်။

သူပြန်မည့် နေ့မှာ ကျောက်တွင်းသူဌေးကိုယ်တိုင် ရောက် လာကာ

"ဆောရီးပဲ ပဓာနရေ မင်းနဲ့ရက်ချိန်းနည်းနည်းလွဲသွားတယ်၊ ရဲ့ မောလေးအိမ်နေတာနဲ့ ဘာမှအလုပ်မဖြစ်ဘူးဖြစ်သွားတယ်၊ သား တွေကို တရေးပြီး လွှတ်တော့လည်း ခါးပိုက်နှိုက်ခံရတဲ့ ပိုက်ဆံအိတ် ဘာပါသွားလို့ ပြန်လှည့်လာသတဲ့ နိမိတ်မကောင်းဘူး။ ဖယ်[illegible]ဘာသာ ဲ သွားဆိုလို့ ခုမှလာခဲ့ရတာ၊ ကဲ ကဲ အလုပ်စရအောင်ကွာ" တဲ့။

ထိုစကားကိုကြားရတော့ မိုးကြိုးခေယ်စင်း ခေါင်းကိုဆက်တိုက် ခ်ရှုလိုက်တာထက် ဆိုးရွားစွာခံစားလိုက်ရသည်။

အကြောင်းစုံကို ရိပ်မိလိုက်ချိန်မှာ ခံလိုက်ရပြီဟု သိလျက်

"ခင်ဗျားသားရဲ့ ပုံသဏ္ဌာန်ကို တိတိကျကျ ပြောပြစမ်းပါဗျာ"

ထိုအခါ သူ့ကို စူးကြောင်ကြောင်ကြည့်ပြီး သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ပုံတင်ကို ထုတ်ပြသည်။ လွှဲပြီဆိုတာ သေချာသွားပေမယ့် မကျေ
နပ်သေးဘဲ ဘေးမှာစုံစမ်းကြည့်သည်။

ထိုလူစကားတွေ တစ်လုံးမကျန်မှန်နေခဲ့သောအခါ ။

"မင်းငွေတွေ အပြီးခုံသွားတာမှ မဟုတ်တဲ့ကွာ၊ သက်ဆိုင်ရာက လိုက်နေတာပဲဟာ၊ သိပ်မကြာခင်ပြန်ရမှာပါ မရလည်း ဘာဖြစ်လဲ မင်းတစ်ကနေပြန်စပေါ့ ငါတို့ပိုက်ဆံလည်း မင်းပိုက်ဆံပါပဲ"

"ဒါပေမဲ့ လျှာထားတဲ့ Construction Company ကို ဖျက်ပစ်ရတော့မှာပဲ၊ ငွေအားမှ မလိုက်နိုင်တော့တာ"

"ဖျက်လိုက်ပေါ့ကွာ၊ ငါလည်း အဲ့ဒါကို စိတ်မပါဘူး၊ လက်ရှိအလုပ်တွေတောင် လုပ်မနိုင်ရတဲ့ကြားထဲ အသစ်တိုးချဲ့ဖို့ စိတ်မဝင်စားတာ အမှန်ပဲ၊ ခင်းက တက်ကြွနေလို့သာ ခြေဒါ ဒါနဲ့ မင်းနဲ့ ဆန်းကိုလေးလေးခေါ်ထားတယ် သွားတွေ့လိုက်ဦး"

"ဘာအတွက်လဲ"

"မသိဘူး"

"အေးလေ ငါသွားတွေ့လိုက်ပါ့မယ်"

■ ■ ■

လူတစ်ယောက်ကို နောက်ယောင်ခံလိုက်ရတာ အမှန်းဆုံးပါ





ထိုအမုန်းဆုံးအနေအထားနှင့် မုန်းတီးသော လူတစ်ယောက်နောက်ကို တကောက်ကောက်လိုက်နေရသည်။

အပြင်ထွက်ခဲ့ပေမယ့် ထွက်လိုက်လျှင်တော့ တစ်နေကုန် ခြေသန့်လို့မဆုံးနိုင်တဲ့ကောင် ။

"ဘယ်အချိန်ထိ ဆက်လိုက်နေမလဲ ဘော့စ်"

နယ်လ်ဆင်က ကားမောင်းနေရင်းမှ ငဲ့ကြည့်ပြီးမေးသည်။

"ဒီနေ့ တစ်နေကုန်ပေါ့ကွာ လူရှင်းတဲ့လမ်းကျမှ တွေ့မယ်"

"ကောင်းတယ် ဘော့စ်"

"ဒီနေ့ အပြတ်ပြီးရင် ကောင်းမယ် ဘော့စ် နှစ်ရက်နေပြီးရင် တိုကျိုပြန်ရတော့မှာ"

မိုမိ သတိပေးလာတော့ ကူရင်မှာ မျက်နှာငြိုး မော့လန်ထားသော ဆူရက်ကိုတစ်ယောက် ခေါင်းထောင်သွားသည်။

ဟုတ်သားပဲ။

ဒါကို သူမေ့ထားခဲ့သည်။

"ကားက အလုံပိတ်ကားပေမယ့် အဲ့ဒီကားထဲမှာ ဓေဝစ္စရာ ဓါတာ သေချာတယ် ဘော့စ် ကားကိုမှီတာနဲ့ တစ်ခုခုကြိုးစားပေးပါ့မယ်"

"အလုပ်နဲ့ပဲ သက်သေပြကွာ၊ စကားတွေမကြားချင်ဘူး ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်နိုင်ရင် အကောင်းဆုံးပေါ့ နေရမလား ကြမ်းရမလားတွေ လာမမေးနဲ့ ဉာဏ်ရှိသလိုသာလုပ် ငါကားပေါ်က မဆင်းတော့ဘူး"

"ရပါတယ် ဘော့စ်"

မဆိုင်းမတွ အာခံတော့ ဆူရက်ကို ကျေနပ်စွာပြုံးပြီး မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။

အတွေးစိတ်ကူးထဲမှာ မိသားစုတစ်စုပုံပေါ်လာသည်။ သူရယ် ဒယ်ဒီနဲ့ မာမီရယ် ညီမလေးရယ်၊ အားလုံး(၄)ယောက်တိတိ။

သူတို့မိသားစု မပူမပင် မကြောင့်မကြနှင့် နေနိုင်အောင် ဒေဝစ္စရာရဲ့ မွေးစားမိဘတွေက တာဝန်ယူခဲ့သည်။ အစကတော့ အကြီး အကျယ်ကျေးဇူးတင်မိခဲ့သည်။

ဒါပေမဲ့ အရွယ်ရောက်လာခဲ့တော့ တာဝန်ယူခြင်းရဲ့ အကြောင်းတရားကို သိလာသည်။

မာမီရဲ့ ညီမကို ဒေဝစ္စရာရဲ့ မွေးစားအဖေက တိတ်တိတ်က လေး လက်ထပ်ထားသည့်အတွက်ပါတဲ့။

မျိုးရိုးမာန်စွဲကာ မာနကြီးမြင့်ခဲ့သော သူမှာ သိသိချင်း မှုမိုက် မတတ် ခံစားရက်ရှုံ့ခဲ့ရသည်။ သူတို့ချင်းကျေနပ်နေကြပေမယ့် ရင်ထဲက အကြိတ်အခဲက အခွင့်အခါကောင်းကို စောင့်နေစေခဲ့သည်။





သူ့ရဲ့ခံစားချက်ကို နယ်လ်ဆင်တို့ကလည်း ကောင်းကောင်း ကြီးနားလည်သည်။

သူ့အမိန့်မရပါဘဲ စိတ်ကျေနပ်ဖွယ်ကောင်းသော လုပ်ရပ်ကို လုပ်ဆောင်ပေးခဲ့သည်။

"ပြီးခဲ့ပြီ ဘော့စ်၊ တနုံ့နုံ့ခံစားစေတဲ့ မျက်နှာတွေကို လောကကြီးထဲက ဖယ်ရှားလိုက်ပြီ"

အဲ့ဒီလောက် အလိုက်သိတဲ့ သက်တော်စောင့်တွေပါ။

ဒေဝစ္စရာမိဘတွေ မရှိတော့ မသေခင်ကရေးခဲ့သည့် သေတမ်းစာအတိုင်း ရှေ့နေကြီးက အကြောင်းကြားလာခဲ့၏။ သူတို့နဲ့အသက်ဆိုင်ဆုံး အချက်အလက်က လက်ရှိလုပ်ငန်းတွေနှင့် တိုက်နှင့်ခြံကို ပိုင်ဆိုင်ဖို့ဒေဝစ္စရာကို စောင့်ရှောက်ရမည်ဖြစ်သည်။

လူကြီးတွေကို မုန်းပေမယ့် ဒေဝစ္စရာကိုတော့ မေတ္တာထား၍ ရသည်။ ချစ်သလိုလည်း ရှိသည်။ လက်မဲ့အနေအထားမှ လက်ရှိအနေအထားရှိဖို့အတွက် ဘာပဲဖြစ်ဖြစ် လက်ထပ်ရမည်သာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဘယ်ဝင်ဦးမလဲ"

"မဝင်တော့ဘူး။ ပြန်မယ်၊ ကျွန်မခေါင်းတွေတောင် မူးလာပြီ ရှင့်ဟာက ဝင်လို့ကို မဆုံးတော့ဘူး"

မျက်နှာကလေး အငုံ့မျက်လောက်အောင် စူပုပ်နေတာ ကြည့်ပြီး ဝဲပြုံးမိသည်။ တစ်အိမ်တည်းနေရပေမယ့် မျက်နှာချင်း ဖြစ်တာမို့ ဒီလိုခေါ်ထုတ်ခဲ့တာဖြစ်သည်။

ကိုယ့်ကို မချစ်တာ သိပေမယ့် တဲ့ပြန်မို့အများကြီး မျှော် ထားခဲ့သည်။ ပြန်ချစ်မှာပဲဟု လုံးဝဥဿုံတွက်ထားခဲ့သည်။

ဒါပေမဲ့ မျှော်လင့်ချက်ရောင်ခြည်တွေသည် ဝေးနေ စိတ်ရောဂါကု ဆရာဝန်ကြီးကို အိမ်ပင့်ခဲ့ပြီး





"အန်ကယ်ရေ သိသိသာသာကြီး ကုလို့တော့ ရမယ်မထင် ဘူး။ နည်းနည်းပါးပါးအကဲခတ်တာလောက်ပဲ လုပ်ပေးပါနော်၊ သူ့ပုံစံက Normal ဟုတ်မဟုတ်ဆိုတာ သိချင်လို့ပါ"

ဟု တီးတိုးပြောပြအကူအညီတောင်းတော့ ဆရာဝန်ကြီးက သေချာအကဲခတ်ပြီး Normal ပါပဲကွာ၊ ဒေါသကြီးတာ လောက်ပဲ ရှိတာပါတဲ့။

သူ ထခုန်မတတ် ဝမ်းသာမိသည်။

အစကတည်းက ဘာပဲဖြစ်ဖြစ် ချစ်နိုင်ခဲ့သူမို့ ခုလို အနေအထားမှာ စိတ်ရှင်းရှင်းနဲ့ချစ်ခဲ့ပြီ။

"ဟန်နီ"

"ပြော"

"တို့ကို ဘယ်တော့မှ တဲ့ပြန်မှာလဲ"

"မြည်းမြည်းပေါ့"

"အဲ့ဒါကို မကြိုက်တာ၊ ရှင်းရှင်းပြောရရင် မစောင့်နိုင်တော့ ဘူးကွာ၊ ခုပဲ အဖြေသိချင်တယ် ဟာ ဘာလဲကွ"

မာစီဒီးကားကြီးတစ်စင်းက သူ့ကားဘေးနားမှ ပွတ်ကာသီကာ ကျော်တက်သွားပြီး ခပ်လှမ်းလှမ်းမှာ ကန့်လန့်ဖြတ်ရပ်သွားခဲ့သည်။

ဒီလိုပုံစံလုပ်တတ်တာသည် ဆူရက်ကိုပဲ ရှိတာမို့ ရင်ထိတ်သွား မိသည်။

ကားကို နောက်ကြောင်းပြန်လှည့်ဖို့ ကြိုးစားစဉ်မှာ မာစီဒီး ကားပေါ်က လူတစ်ယောက်ဆင်းလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူကားဘေးနားမှာ လာရပ်ကာ

ခေါက် ခေါက်။

ကားမှန်ကို ခပ်ကြမ်းကြမ်းခေါက်လာသည်။

"သွားပြီ အဲ့ဒါ ဆူရက်ဂိုရဲ့ Bodyguard နယ်လ်ဆင်

ဝ လုပ်ပါဦး"

ဒေဝစ္စရာ အားကိုးတကြီး ပြောလာတော့ ရင်ထဲက တုန်လှုပ်

မှုတွေ လျော့ပါးလွင့်ပြယ်သွားရသည်။

ကြည့်စမ်း သူ့ကို အားကိုးလာပါလား။

ခွန်အားတွေ ဖြစ်တည်လာခဲ့ပြီး

"စိတ်မပူပါနဲ့ ဟန်နီ ကိုယ်ကားပေါ်က ဆင်းနေမယ် ဒေ

ဘာသာ ဆက်မောင်းသွားနော်"

"အို မဟုတ်တာ ဖြစ်ပါ့မလား"

ကားတံခါးဖွင့်တော့မလိုဟန်ပြင်နေသည့် သူ့ကို စိုးရိမ်စွာ

ပြောလာတာမို့ ရင်ထဲမှာ နွေးထွေးသွားမိသည်။

ဒီလိုကျတော့လည်း စိုးရိမ်တတ်နေပါလား။

သူလက်မောင်းကို လာရောက်ထိကိုင်သော အေးစက်

သည့် လက်ချောင်းတွေကို ထပ်အုပ်လိုက်ရင်း

"ဖြစ်ပါတယ် သူတို့ ပေါက်ကွဲသမျှ ခံလိုက်မယ်၊ ပြီး





အေးနုပ်အောင် တောင်းပန်လိုက်မယ် ဒါလောက်ပါပဲ၊ ဒီထက် ပိုရင်

ဆွေးထွက်သံယိုဖြစ်တာလောက်ပေါ့ မင်းပဲ ရှောင်သွားလိုက် နော်"

ဒေဝစ္စရာက သူ့ကိုတစ်လှည့် နယ်လ်ဆင်ကို တစ်လှည့်

ကြည့်ပြီး ခေါင်းညိတ်၏။

ပြီးတော့ သူ့ကို စာနာသနားသလို စိုက်ကြည့်ကာ

"ရှင်သက်သာမယ် မထင်ဘူး ဝ ဒါပေမဲ့ သူတို့ကို ကျွန်မ

ထိန်းမနိုင်ရဲဘူး။ ကျွန်မကိုတွေ့တာနဲ့ မရမကခေါ်သွားတော့မှာ ကျိန်းသေ

သယ်"

ဟု လေးတွဲ့စွာ ပြောသည်။

"မင်း စိတ်ချလက်ချသွားပါ ချစ်ရယ်၊ အိမ်ကိုပဲ တန်းမောင်း

နော်၊ အိမ်ကိုရောက်ရင်သာ ပဓာနကို လာကြိုခိုင်းလိုက် ကိုယ်ဒီမှာ

နေမယ်"

ဘာမှ မဖြစ်သလိုပြုံးကာပြော၍ ကားတံခါးဖွင့်ကာ ဆင်းလိုက်

၏

သူကားပေါ်ကဆင်းတာနှင့်တပြိုင်နက် ကားကစက္ကန့်မဆိုင်း

ဘဲ နောက်ကြောင်းပြန်လှည့်သွားလေသည်။

ဒါကို ကားထဲကနေ လှမ်းမြင်လိုက်သော ဆူရက်ဂိုတစ်

ယောက် ဒေါသပုန်ထ သွားလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ခိုမီ မင်းဆင်းနေခဲ့စမ်း၊ သင့်သလို ကြည့်လုပ်ထားလိုက် ဒါ ဟိုတစ်ယောက်နောက်လိုက်မယ်၊ ကျိုးကျိုးကန်းကန်း ဖြစ်တဲ့နည်း ပြန်သိမ်းမယ် တောက် ငါ့ကိုများ ဘီလူးသရဲကျနေတာပဲ ကြောက်တ ရင် ဒီအချိုးမချိုးဘူး ဟွန်း တွေ့ကြသေးတာပေါ့"

"စိတ်ချ ဘော့စ် ကျွန်တော်တို့ဘက်က တာဝန်ကျေစေရမယ်"

ခိုမီကားပေါ်က ဆင်းသွားသည်နှင့် ကားဖြူလေးနောက် တရကြမ်းလိုက်ဖို့ ကြိုးစားတော့သည်။

ဝံသည် ဒေဝစ္စရာနောက် ထပ်ကြပ်မခွာလိုက်သွား ကားကြောင့် ရင်ပူသွားမိသည်။ သူက သည်လိုထင်မထားခဲ့၊ သူ အမဲဖျက်မှာပဲသာ တွက်ထားခဲ့သည်။

ခုတော့ ထင်တာနှင့်တခြားစီ။

ဒီလိုမှန်းသိရင် သူမနေခဲ့ပါ။ နောင်တနှင့်အတူ မျက်လုံး မီးပွင့်ထွက်သွားစေသော ခြေကန်ချက်ကို ခံစားလိုက်ရသည်။

အဲ့ဒီနောက်ပိုင်းမှာ တုံ့ပြန်ခွင့် မသာအောင် ခံစားလိုက်ရ အလူးအလဲ၊ အဆင့်မြင့် ဖိုက်တာသမားတွေမို့ တခဏအတွင်းမှာ စင်စင်မျက်နှာသည် သွေးချင်းချင်းနီသွားခဲ့သည်။

ဘာစကားမှ မပြောဘဲ အားရအောင် ထိုးကြိတ်ပြီးမှ က လမ်းမပေါ် တရွတ်တိုက်ဆွဲတင်သွားတာကို ဝိုးတဝါးအာရုံဖြင့် သိ





နေသည်။

အချစ်စစ်ဟာ ခန္ဓာကိုယ်ရော စိတ်ကိုပါ နာကျင်စေသလား ဟု မိန်းမောနေရင်း တွေးဖြစ်သွား၏။ အဲ့ဒီနောက်မှာ ဘာတွေ ဆက်ဖြစ် သလဲဆိုတာ သူမသိတော့ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဖြစ်ပျက်နေသော မျက်နှာကို ကြည့်ရင်း သက်ပြင်းချမိ
ဘယ်နကြိမ်မြောက်မှန်း မသိတော့။

"တော်သေးတာပေါ့ကွာ ၊ တက္ကစီသမားတစ်ယောက်နဲ့တွေ့
လို့ ၊ မဟုတ်ရင် မင်းအဲ့ဒီမှာ ညအိပ်ရမှာ"

ဆန်းအေးက ဒဏ်ရာတွေ ပရှုပ်နှင့် ၎င်းမျက်နှာကို စိတ်မသ
သာစွာ ပြောသည်။ ပဓာနကတော့ နှစ်သိမ့်ဖို့ စကားလုံးရှာရင်း
မျက်နှာလေးကိုငေးနေဆဲ။

ဒီတစ်ကြိမ်သည် ခန္ဓာကိုယ်မှာ ဒဏ်ရာရရုံသာမက တစ်သ
တ ဖြေရာမရနိုင်သော ရင်တွင်းမှာ အထိ နာခဲ့ရသည်။ မြင်တွေ့
ရတဲ့ ဒဏ်ရာကို ကုပေးနိုင်ပေမယ့် ရင်တွင်းက ဝေဒနာကို ဘယ်





ကုပေးရမလဲ။

ဒီလောက်တော့ ရှိမှာပေါ့ကွာ ရယ်လို့မပြောရက်ခဲ့။

တကာယ်ဆို သူလည်း စိတ်ဆင်းရဲနေရတာပါပဲ။

သူ့ငွေတွေကို တပတ်ရိုက်ယူသွားခဲ့သော လူနှစ်ဦးက ရှမ်းပြည်
နယ်ဘက်မှာ ကားအက်ဆီးဒင့်ဖြစ်ကာ ငွေရောလူပါ မီးထဲပါသွားခဲ့သည်။
ကိုယ်ပိုင်ဆိုင်သမျှသည် ဘာမှမရှိတော့။

ထို့ကြောင့် နှမျောတသမှုတွေနှင့် လောက်မြိုက်နေဆဲ ကျော
နိုင်းမရသည့် ပြဿနာက ပေါ်လာသည်။

ဇံကို ထိုးနက်ကန်ကျောက်ပြီး ဒေဝစ္စရာကို ဆူရက်ဂျိုက
ခေါ်ဆောင်သွားသည်တဲ့။

ငြိမ်းချမ်းနေသည့် ဘဝထဲ ပုပင်သောကတွေ တရစပ်ဝင်လာခဲ့
သည်။ ဒေဝစ္စရာရဲ့ သတင်းကို အစ ရှာမရတော့ ဇံပိုလို့ ခံစားနေရသည့်
အဖြစ်မှာ

"ခုဆို ဒေဝစ္စရာပါသွား အဲ့ ပျောက်သွားတာ (၂)ရက် ရှိပြီ
နော်"

ဆန်းအေးစကားက ဇံကို ပို၍ အခံရခက်သွားစေသည်။ အဲ့ဒီ
ခက်ရက်တာအတွင်း သူတို့ ဘယ်အတိုင်းအတာထိ ရောက်သွားပြီလဲ။

နဂိုကတည်းက ဆူရက်ဂျိုက ဒေဝစ္စရာကို အသေရှ အရင်ရ



www.burmeseclassic.com

www.burmeseclassic.com



ရ လိုချင်နေတဲ့သူ။ ခုလို အလွယ်တကူ ပြန်သိမ်းနိုင်ခဲ့တဲ့ အခြေအနေ မျက်စိမှိတ်ကြည့်မြင်သွားလိမ့်မည်။

ဓေဝစ္စရာသာ လက်သာရာကျေနပ်တတ်သည့် ကလေး ဖြစ်နေခဲ့လျှင် သူ ရင်ကွဲပါပြီ။

ပူဆွေးရောင်စုတ်ပြနေသည့် မျက်နှာက ပြီတော့မည့်မိုးလို ဖြစ်မှုန် နေတော့ ပမာန မနေနိုင်တော့ဘဲ

"(၂)ရက်ရှိပြီဆိုတော့ နှစ်ညမေ့ပါကွာ မင်းစိတ်ရှင်းရှင်းနဲ့ လက်ခံ နိုင်တာ သေချာရဲ့လား။ ဒါမျိုးက သဘောထားကြီးနိုင်မှနေ့ နောင် တမြေ့မြေ့ဖြစ်နေခဲ့ရင် မင်းအတွက် မကောင်းဘူး"

နောက်ဆုတ်စေလိုသည့် သဘောပြောမိသည်။

"ငါ ဟာကွာ၊ အဲ့ဒါတွေတွေးပြီး ကျောမနိုင်နိုင်သေး လောလောဆယ် ငါ့ဆန္ဒရှိနေတာက ဓေဝစ္စရာကို ပြန်တွေ့ဖို့ပဲ နောင် ကိစ္စကို နောက်မှရှင်းမယ်"

သဘောကောင်းပေမယ့် ခေါင်းမာတတ်သော ဇံကို ဘယ်လို မှ မပျောင်းဖျနိုင်။ မီးတောက်ပမာ ဝင်းလက်နေသော မျက်ဝန်းတွေ နေရောင်နှင့်အပြိုင် ရှာရှနေသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်း သည် တစ်စုံတစ်ခုပြောဖို့ ထိန်းချုပ်ထားသယောင် ရှိလျက်။

ပူဆွေးရောင်ညှိုးမည်းနေသော မျက်နှာက အရက်နှင့်ဓေါသကြောင့်





အညှည်းတန်လှုနီးပါး ရှိနေသည်။

ဇံ ရင်ထဲ ဘာတွေဖြစ်နေပြီလဲ။

တိတိကျကျ မသိပေမယ့် ခန့်မှန်းကြည့်လို့ရနေပါ၏။ ကိုယ် ချင်းစာနေပေမယ့်လည်း သူတို့ တတ်နိုင်တာသည် သိပ်မရှိ။

"မဟုတ်ဘူးလေ ငါပြောတာ"

"မပြောနဲ့တော့ကွာ မင်းတို့ ကူညီချင်တယ်ဆိုရင် ဓေဝစ္စရာ ကို တွေ့အောင်ရှာ ပြီးရင် ခေါ်လာခဲ့"

သိမ်မွေ့ရှိုသာတတ်သော ဇံရဲ့ ဟန်ပန်တွေ ပျောက်ကွယ်သွား ပြီ လက်ထပ်ပြီးတာ ရက်ပိုင်းမျှသာရှိသေးသော ချစ်သူပျောက်ဆုံး အတွက် အရာရာကို ဓေါသကြီးတတ်လာ၏။

"သေသွားတယ် ဆိုရင်တောင် ခံသာသေးတယ်ကွာ၊ ခုတော့ ဘာ မျက်မြင်ကိုယ်တွေ့အဖြစ်နဲ့ ကြည့်နေခဲ့ရတာ၊ ငါရင်ထဲ ဘယ်လို ခံစားရမလဲ မင်းတို့ စဉ်းစားကြည့်၊ အစကတည်းက သူနဲ့ငါက ချစ်ရည်တူ မှ ချစ်ခဲ့ကြတာမဟုတ်ဘူး။ ငါကပဲ ချစ်ခဲ့ရတာ၊ ဒီလို အနေအထား မှာ နောက်တစ်ယောက်နောက်ပါသွားတာ အခံရခက်ဆုံးပဲ၊ သူတို့ချင်း ကြည်သွားရင် ငါ့အပေါ်ကြီးဖြစ်သွားမှာပေါ့ ငါကိုက မှားတာ အရင်အ တိုင်း ပုံစံမပျက်နေခဲ့ရင်ပြီးရော၊ အချစ်စစ်ကို ရှာမိလို့ အဲ့ဒီလိုဖြစ်ရတာ၊ ဒီလိုမှန်းသိရင် ချစ်တတ်ဖို့ မကြိုးစားခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နာနာကျည်းကျည်း ပြောနေတာကို နားထောင်ရင်း ပဓာန ဆန်းဒေး သက်ပြင်းကိုယ်စီချမိပြန်သည်။

အံချစ် လွန်ကဲရင် အတ္တဖြစ်တတ်ပါလား။

"ကောင်းပြီလေ မင်းသဘောပဲပေါ့ ငါတို့ကြိုးစားရှာပေးပါ့မယ်"

ထိုစကားကို နှစ်ယောက်သား ပြိုင်တူပြောမိကြလေသည်။

ဘာပဲဖြစ်ဖြစ် အဓိက က ဇစ်စိတ်တိုင်းကျဖို့ပါပဲ။

ဇက သူတို့ရဲ့ ကျေးဇူးရှင်သူငယ်ချင်းကို။

■ ■ ■

"မဖြစ်နိုင်တော့ဘူး။ ကျွန်မလက်ထပ်ပြီးသွားပြီလေ ဒီ မေ့ထားလို့ မရဘူး။ ပြီးတော့ ဒီမြေမှာပဲ တစ်သက်လုံးနေချင်တယ် ရှင် အဓိက လိုအပ်နေတာ ပိုင်ဆိုင်မှုတစ်ခုအတွက်ပဲမဟုတ်လား။ ရှင် လိုချင်သလို အသုံးပြုနိုင်အောင် ကျွန်မစာတစ်စောင် ရေးပေးလိုက်မယ်"

သည်မြေက မသွားလိုတော့ သည်ဆန္ဒနှင့် အလျှော့ပေးလိုက် မိသည်။

ဆူရက်ဂိုက အေးစက်စွာကြည့်ပြီး ခေါင်းခါသည်။

"ဘာမှ အလွယ်တကူ မပြီးဆုံးဘူး ဒေဝစ္စရာ၊ အဲ့ဒီမှာက ငါ အတင်းအဓမ္မရေးခိုင်းတယ် ထင်ကြမှာပေါ့၊ ဒါကလေးကစားစရာ မဟုတ်ဘဲ၊ ဒီစာမျိုးက ဓားထောက်ပြီး၊ သေနတ်နဲ့တေ့ပြီး ရေးခိုင်း ရတာပဲ၊ မင်းလိုက်ခဲ့မှရမယ်"

"ဒါ ရှင် သက်သက်ညစ်တာပဲ၊ ကျွန်မလိုက်ခဲ့တယ်ဆိုတာနဲ့ အားလုံးတစ်မျိုးတစ်ဖုံ ပြောင်းလဲကုန်မှာ၊ ရှင့်ကို မယုံဘူး"

ပြောင်ပြောင်ပြောချလိုက်တော့ ဆူရက်ဂို့ မျက်နှာ မည်းတက် သွား၏။ မှန်တာပြောပေမယ့် မခံမရပ်နိုင်အောင် နာကျင်ဒေါသူသွားရ ဟန် စားပွဲကို ပြန်းခနဲရိုက်ချရင်း

"ဟုတ်လား မင်းဒီလို ထင်နေခဲ့ရင် ငါကလည်း ဝန်ခံရတာပေါ့ မင်းကို ငါလက်လွှတ်မခံနိုင်တာ အမှန်ပဲ ဒေဝစ္စရာ၊ အကြောင်းပြချက် က မင်းကို ချစ်လို့၊ အဲ့ဒါ ဦးစားပေးအချက်ပဲ၊ ပိုင်ဆိုင်မှုဆိုတာ နောက် တပါ ပစ္စည်းဥစ္စာဆိုတာ ငါ့လိုလူအတွက် မခက်ခဲဘူး၊ ငါ့မှာ ပညာရှိတယ် အရည်အချင်းရှိတယ်၊ အဓိက လိုအပ်နေတာက မင်းပဲ၊ ငါကမင်းကို ချစ်နေတာကိုး"

ခက်ထန်မာကြောသော လေသံကြောင့် ဒေဝစ္စရာ နှုတ်ခမ်း တွေမဲ့ကျသွား၏။ ဖြစ်ရလေ၊ ရည်းစားစကားပြောတဲ့ လေသံက ဒီလို တဲ့လား။

ဇနဲ့တော့ ကွာပါသည်။ ဇက ချိုသာသိမ်မွေ့စွာ ချစ်ခွင့်ပန်ရင်း ညင်သာစွာ သိမ်းသွင်းတတ်သူ။ အစက မချစ်ခဲ့ပေမယ့် ခုတော့သာ တတ်လာပြီ။







www.burmeseclassic.com

www.burmeseclassic.com



သေ့ရှိသော မျက်ဝန်းကိုဖြင့် ငေးစိုက်ကြည့်တတ်တာကို မက်မောလာသည်။ အနေနီးခဲ့စဉ်က ရခဲ့သော ကြင်နာမှုငွေ့အသက်တို့ဟာ ရက်ပိုင်းမျှပဲလား။

ဒီနေရာက လွတ်မြောက်ဖို့ ဘယ်လောက်ထိ ကြိုးစားရမှာလဲ။

ဟိုတယ်မှာ တည်းနေတာဖြစ်ပေမယ့် ဆွရက်ဂျိုက အပြင်လုံး မထွက်တာမို့ မလှုံးသာမလွန်းသာ အခြေအနေမှာရှိနေသည်။

ဒီနေ့ဟာ သုံးရက်မြောက်နေ့မို့ အပြင်းအထန်ခွေးနေ့နေတာပဲ ဖြစ်သည်။

"ရှင်က ချစ်ပေမယ့် ကျွန်မက လွတ်လပ်သူမဟုတ်တော့တာ ဒါပေမဲ့ ရှင့်စကားကို ကျွန်မ မယုံနိုင်ဘူး။ ယုံမှယ်ရာရှိခဲ့ရင်တောင် တုံ့ပြန်ဖို့က အခေးကြီးကတည်းက ဆုံးဖြတ်ပြီးသားဖြစ်နေတယ်"

"ဇတ်ပြီ ထပ်မပြောနဲ့တော့၊ ဘာမှအငြင်းမပွားချင်ဘူးကွာ မင်း ပါးစပ်ပိတ်ထားရင် ကောင်းမယ်၊ ငါပေါက်ကွဲလာရင် မင်းမလွယ်ဘူး"

အံကြိတ်ပြောပြီး ကျောခိုင်းလိုက်တာမို့ သူမနေရာမှ ထရပ်ပြီး ထပ်ကြွပ်မချာလိုက်လာရင်း-

"ရှင် ဒီအတိုင်းကြီး ဘယ်နှယ့်ရက်နေဦးမှာလဲရှင် နေနိုင်ပေမယ့် ကျွန်မ မနေနိုင်ဘူး။ ဒီနေ့ အပြတ်ရှင်းမယ်၊ ပြောစမ်းပါ ရှင်ဘယ်လောက်





ထိ မျှော်မှန်းထားသလဲ၊ ရှင်ရည်ရွယ်ထားတာက ဘာလဲ"

လျှာခလုတ်တိုက်မတတ် မေးမိသည်။

ဆွရက်ဂျိုက ခြေလှမ်းတွေကို တုံ့ခနဲရပ်တန့်ပြီး ငုံ့ကြည့်၏။

"မင်းက ရထားတဲ့ ဘွဲ့နဲ့ကိုမလိုက်ဖက်ဘူး။ အတော်တုံးတဲ့ မိန်းမပဲ ဟွန်း မစဉ်းစားဘဲနဲ့ကို သိနေတဲ့ အဖြေတစ်ခုကို လောကုန်ခံပြီး မေးမနေတာအကောင်းဆုံးပဲ"

ဆံပင်တွေကို သပ်တင်ကာ အေးခဲစွာ ပြောလေသည်။

အေဝစ္စရာ ခေါ်သချောင်းချောင်းထွက်သွားရသည်။

ကြည့်စမ်း စော်ကားလိုက်တာ။

"ရှင် အထင်မကြီးရင် ဘာလို့ လိုအပ်တယ်ပြောလဲ၊ ရှင်တောင် အားမနာရင် ကျွန်မလည်းပြောရဦးမယ်၊ ရှင့်လို ခပ်ကြောင်ကြောင်လူကို ပြောဆိုဆက်ဆံရတာ ခေါင်းခြောက်တယ်၊ ကျွန်မ စကားဟာ— ပြောချင်တာ ရှင်နဲ့မဟုတ်ဘူး ဆွရက်ဂျို သားရေပေါ်အိပ် သားရေနားစားတတ်တဲ့ ရှင့်ကို ဘယ်တော့မှ မချစ်ဘူး မှတ်"

"တောက်"

ဆွရက်ဂျိုရဲ့ ခေါသနှင့် အတူ ခြေတစ်ဖက် မြောက်တက်သွားကာ မျက်နှာဆီ ဦးတည်လာခဲ့သည်။

ဆွရက်ဂျို မညှာတတ်တာသိနေတော့ ကမန်းကတန်း တိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြီး သွက်လက်စွာ တုံ့ပြန်လိုက်သည်။ ဦးတည်ချက်အတိုင်း ပန်း

ထိသွားတာနဲ့ ဆုရက်ကို မျက်နှာရဲတက်သွား၏။

ဒေဝစွရာ အပေါက်ပေါက်ကတော်တာ သိပေမယ့် ဒီဘက်ကို

လျှော့တွက်ထားခဲ့သည်။

ကိုယ်ကပဲ ညံ့နေလို့လား။

ထပ်မံပြီး မလှုပ်ရှားဘဲ ရပ်နေပေမယ့် ဒေဝစွရာရဲ့ ခြေ

ဆုရက်ကိုရဲ့ ဝမ်းဗိုက်ကို ပိတ်ကန်ပစ်လိုက်သည်။

ဆုရက်ကို တစ်စွန်းတစ်စ မညည်းညူကာ ရှုံးအောင့်

မှုကို မိတ်သိပ်လျက် တုံ့ပြန်ဖို့ ကြိုးစားသည်။

ဒါပေမဲ့ သူ့ဘက်က အခွင့်အရေးမရအောင် မျက်နှာ

ဖြတ်ကန်ပစ်လိုက်သည်။ လူကောင်ကြီးပေမယ့် ဆုရက်ကိုက ခံနိုင်ရည်

နည်းသည်" ကြောင့်ကြောင့်မော့မော့ နေလာခဲ့သူမို့ အရည်အသွေးမဲ့

ပြီ။

ဆင့်ကဲ ကျရောက်လာသော ခြေစုံကန်ချက်များအောက်

ဆုရက်ကို တုံ့ပြန်ဖွင့်မသာအောင် ခံလိုက်ရသည်။

ဒေဝစွရာက ဆုရက်ကို လဲကျသွားသည်နှင့်ပြန်ထမလာနိုင်

အောင် ဇက်ပိုးကို ထပ်ဆင့်ပိတ်ကန်ပစ်လိုက်၏။

မိန်းကလေး အားပေမယ့် အတော်ကြီး ပြင်းထန်ထိရောက်





ာမို့ ဆုရက်ကို မထနိုင်တော့။

ထိုအခါမှ အခန်းတံခါးကို ပြေးဖွင့်ကာ အပြင်မှနေ၍ သော့

ခတ်ပစ်လိုက်၏။

သည်အချိန် Bodyguard တွေ တစ်ယောက်မှ ရှိမနေဘဲ

အပြင်ရောက်နေတာမို့ အခွင့်ကောင်းပဲ ဖြစ်သည်။

ဘောင်းဘီအိတ်ထဲမှာရှိသော ငွေအထပ်လိုက်ကို ပြန်စမ်းကြည့်

င်း ကျေနပ်စွာပြုံးမိသည်။

တော်သေးတာပေါ့ သွားလာတဲ့စရိတ်ကလေးရှိသေးလို့။

အစကတည်းက ဒီလိုမှန်းသိရင် ဒီနည်းနဲ့ ထွက်ပြေးပါရဲ့လား။

တော့ သုံးရက်တောင်ရှိပါ ပေါ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

မြို့ထဲကို တက္ကစီတစ်စင်း မောင်းဝင်လာတော့ အားလုံးခေါင်း
ထောင်ကြည့်မိကြသည်။

တက္ကစီပေါ်မှ လူကို ပြူးပြဲကြည့်နေကြခဲ့ ကားကထိုး
သွားပြီး နောက်တံခါးဖွင့်ကာ ဆင်းလာသူကို မြင်လျှင်

"ဟင် ဟန်နီ"

ဝမ်းသာအားရ ရေရွတ်ပြီး ထ ရပ်သူက ဇံပဲဖြစ်သည်။ ဒါပေမဲ့
ချက်ချင်းပဲ မျက်နှာက တင်းမာသွားကာ နေရမှထလျက် ကျောခိုင်း
သွားလေသည်။

"ဇံ"

ဆန်းဒေးက လှမ်းခေါ်ပေမယ့် တစ်ချက်လှည့်မကြည့်တော့





ဘာကြောင့်လဲ ဆိုတာကို ပမာနလည်း နားမလည်နိုင်။

နေရောညပါ တမ်းတနေသူပြန်ရောက်လာသည့်ကိစ္စမှာ အပြည့်
အဝမပျော်နိုင်ခြင်းဟာ ဘယ်လိုသဘောပါလိမ့်။

"လာ လာ မင်းခုလို ပြန်လာတာ တို့ တကယ်ဝမ်းသာပါ
တယ်ကွာ၊ ဟို လူပြန်လွှတ်လိုက်တာလား"

ဆန်းက သွက်လက်ဖော်ရွေစွာ ကြိုဆိုသည်။

ပမာနကလည်း အလိုက်သင့် ပြုံးပြရင်း နှုတ်ဆက်ရ၏။

"တို့ကတော့ ဒီလိုမထင်ဘူး။ မင်းခက်ခက်ခဲခဲ ထွက်လာရပုံ
ပဲ ဘာပဲဖြစ်ဖြစ် ဇံကတော့ အတော်ကလေး စိုးရိမ်နေရှာတာ၊ သူကိုယ်
တိုင်အပြင်ထွက်လို့မရတော့ တို့တွေကို ရှာဖွေရေးလုပ်ခိုင်းနေတာ
လေ၊ တို့လည်း ပြဿနာကလေးတွေ ရှင်းနေရတာနဲ့ စိတ်ရှိတိုင်းမရှာ
နိုင်ဘူး။ မင်း အခြေအနေကောင်းရဲ့လား"

"ဘာလို့ မကောင်းရမှာလဲ၊ ကျွန်မက သူများမှမဟုတ်တာ၊
ဘာကိုမှ အလွယ်တကူ အလျှော့မပေးတတ်ဘူး။ အခုလည်း သူ့ကို
ကောင်းကောင်းသိပ်ပေးပြီး ထွက်လာတာလေ၊ သတိရလာရင်တော့
ခွေခွေခွန်နေမှာ အဟင်း ဟင်း"

ပေါ့ပါးလွတ်လပ်စွာ ရယ်နေတာမို့ ပမာန သေချာအကဲခတ်
သည်။ မာယာမဲ့သော မျက်နှာမှာ ဘာအပြောင်းအလဲမှမရှိ။ ဆန်းကဇံကို



www.burmeseclassic.com

www.burmeseclassic.com



ကို ယှဉ်နိုင်စွမ်းရှိခဲ့တာမို့ အံ့ဩစရာကောင်းနေ၏။

ဒီအမျိုးသမီး ဒီလောက်တောင် တော်သလား။

ဒါပေမဲ့ မယုံနိုင်စရာတော့ မရှိ။ ဇံကို ကိုင်ပေါက်မှုတာနှ ထို့အဖြစ်က သက်သေပါပဲ။

ဒီလို တော်တတ်နေလို့သာ အကျဉ်းအကြပ်ထဲက လွတ်မြောက်လာတာပဲ ဖြစ်သည်။ သို့သော် သုံးရက်တိတိ ဆုရက်ဂျိုနှင့်အတူ ရှိနေခဲ့ခြင်းက မဟာပြဿနာကြီးဖြစ်နေ၏။

ဒါကိုပဲ ဇံ ရက်ဖေါ်သဖြစ်နေတာလား။

"ဒါနဲ့ ဟိုတစ်ယောက်က ဘာဖြစ်သွားတာလဲ"

တိုက်ထဲ လှမ်းဝင်သွားသည့်ဇံကို စိုက်ကြည့်ပြီး နားမလည်နိုင်သလို မေးသည်။

"ဟို အဲ့ အဲ့ဒါ"

ဆန်းဒေး မပြောတတ်တော့ ပဓာနကို လှမ်းကြည့်သည်။ ပဓာနလ ... း စကားလုံးတွေကို အပြေးအလွှားရွေးချယ်လျက်

"သူ့ စိတ်ထိခိုက်နေတာလေ၊ မင်းပါသွားတဲ့နေ့ကစပြီး သူ ... တွေပြောင်းလဲသွားတာပဲ၊ သူတစ်ယောက်တည်း တွေးဝေးရင်း ... တွေဖြစ်ရင်း အချိန်ကုန်နေတာ မင်းကိုရတ်တရက်တွေ့လိုက်ရ ... ာစ်မျိုးကြီးဖြစ်သွားမှာပေါ့ကွာ၊ ဒီထက်ပိုပြီးလည်း မပြောပြတတ်...





ဘူး။ သေချာတာတစ်ခုကတော့ သူ မင်းကို အရမ်းတမ်းတနေတယ် ... မျက်နှာက ဒဏ်ရာတွေကို ဆေးမထည့်နိုင်လောက်အောင်ကို သောကများနေတယ်လေ"

ဒေဝစ္စရာ မျက်ဝန်းကလေးတွေ ဝေရီသွားခဲ့ပြီး ခပ်ယဲ့ယဲ့ပြုံးကာ အသိအမှတ်ပြု၏။

ပြီးတော့မှ

"ကျွန်မလည်း သူ့လိုပါပဲ"

ဟု တိုးသက်စွာ ပြောလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၃)

ငြိမ်သက်နေသော အခန်းတံခါးကို စေ့စေ့ကြည့်ပြီး [illegible] ခက်နေမိသည်။

ရင်ထဲက သံသယကို ဖြောင်ဖွင့်မေးလိုက်ရင် ကောင်းမလား [illegible] ဒါပေမဲ့ ဒေါသတကြီး တုံ့ပြန်လာမှာကို ကြောက်နေမိသည်။ ထို့ကြောင့် သူ့ဘာသာ ရှင်းပြလာတဲ့အထိ စောင့်နေမလားဟု စဉ်းစားမိရင်း [illegible] ချတုံ့ဖြစ်ရသည်။

သက်ပြင်းရှိုက်ပြီး ကျောခိုင်းဖို့ ဟန်ပြင်စဉ် ခုရက်ဂျီ မျက်နှာ[illegible] ပြေးမြင်ယောင်သည်။

ရင်ထဲမှာ မွန်းကြပ် ပိတ်လှောင်သွားလျက် အခံရခက်[illegible] သည်။





ဒီလိုပဲ ကျောခိုင်းနေရတော့မှာလား။

တက်ခေါက်ပြီး တံခါးဘက်ပြန်လှည့်ကာ

ခေါက် ခေါက်။

"ဒေဝစ္စရာ ဒေဝစ္စရာ"

အခန်းထဲမှာ လှုပ်ရှားသံသဲ့သဲ့ကို ကြားရပြီး နောက်အခန်းတံခါး [illegible]နဲ့ပွင့်လာသည်။

ပန်းရောင် ဖျော့ဖျော့ ဂါဝန်ကို ခြေဖမိုးထိပုံကျမတတ် [illegible]ထားသော သူမအသွင်ကလေးက နုနယ်လတ်ဆတ်နေ၏။ ထုံးစံ [illegible]အတိုင်း မျက်နှာပြောင်ကလေးနဲ့ဖြစ်ပေမယ့် နှုတ်ခမ်းငုံကလေးတွေကို [illegible]ဘော့ ပန်းနုရောင် ရွှဲအိနေသည့် ဆိုးဆေးတင်ထားသည်။

ထိုနှုတ်ခမ်းလွှာကလေးကို ငေးရင်း ရင်ခုန်တိမ်းမူးလာသည်။

ဒါပေမဲ့ လာရင်းကိစ္စကို ပြန်သတိရလိုက်ပြီး အံကြိတ်မိသည်။

[illegible]အလှအပတွေဟာ ကိုယ့်အတွက်မှ ဟုတ်ရဲ့လား။

သဝန်တိုစွာတွေးမိရင်း

"ခဏလောက် ထွက်ခဲ့ပါလား။ မင်းနဲ့ ကိုယ်ဆွေးနွေးစရာရှိလို့"

မျက်နှာလွှဲထားပြီး ပြောလိုက်သည်။

ငံရဲ့ ရောင်ဖယ်ဖယ်ပုံစံကို ကြည့်ပြီး ဒေဝစ္စရာမျက်မှောင် [illegible]သွားမိသည်။ ဒါ ဘာသဘောလဲ။ အရင်ကတွေ့တာနှင့် ဝွတ်[illegible]တင်း



www.burmeseclassic.com

www.burmeseclassic.com



ထွေးမွေ့ကြင်နာတတ်သူက ကြီးကျယ်နေပါရော့လား။

ဓေဝစ္စရာ ရင်ထဲမှာ အတော်ကလေး နာနာကျင်ကျင် ဖြစ်သွ

၏။ ပြေးနေတုန်းကလိုက်ခဲ့ပြီး ရပ်တန်းတော့ လှည့်ပြန်သွားတာ

ဒီလိုဆိုရင်တော့ ။

"မတွက်တော့ဘူး ဒီမှာ ပြောလည်း ရတာပဲ၊ ဘာပြဿ

မရှိဘူး"

"မင်းတော်တော်ကပ်တာပဲ၊ အင်းလေ ကိုယ်ပြောရမှာ

အတူတူပါပဲ၊ စိတ်တော့ မဆိုးနဲ့နော် မင်း ဟိုတစ်ယောက်နဲ့ ကင်

ခဲ့ရဲ့လား"

" ဘာ ဘာပြောတယ်"

ဒေါသတွေဖြစ်တော့ လက်ပါ သွားခဲ့သည်။

ဓေဝစ္စရာရဲ့ လက်ပြန်ရိုက်ချက်က ဖထ်ရာတွေအကင်း

သေးသည့်မျက်နှာအား ပူစပ်နာကျင်သွားစေသည်။

"မင်း မင်း"

ဇံ အံကြိတ်ပြီး ရှုလက်စွာကြည့်မိစဉ် လက်တစ်ဖက်က

ညင်သာစွာ လာရောက်ထိကိုင်သည်။

"ဇံ ဒေါသထိန်းကွာ"

ပဓာန တား ံးသံကြောင့် ပြောပမ်မည့် စကား





ချက်ခုံးကျနသည်။ သို့သော် မေးစဉ်က နှုတ်နှင်ဖြပ်ပေမယ့် ဖြေတော့

က်နဲ့မို့ အခံရခက်စေရာ

"မဟုတ်ဘူး ၊ မင်းအသာနေစမ်း ပဓာန၊ သူများလင်မယား

ကြားထဲ ဝင်မပါနဲ့၊ ဒီနေ့ ဒီကိစ္စကို ရှင်းရှင်းလင်းလင်းသိရမှဖြစ်မယ်၊

ချစ်ခဲ့တာ ဘာမှသားမှမပါဘူး။ မာယာလည်း မပါဘူး။ သန့်သန့်စင်စင်

ချစ်တာ၊ ရည်းစားများခဲ့ပေမယ့် ငြိစွန်းထားတာ ဘာတစ်ခုမှမရှိဘူး၊

ချစ်တဲ့လူကလည်း ငါ့လိုပဲရှိနေရမယ်၊ တစ်စုံတစ်ခုအမှားအယွင်းရှိ

မျိုး လုံးဝလက်မခံဘူး

ဒီမှာ ဟန်နီ မင်းလက်မပါဘဲ ပါးစပ်ချည်းပြောနိုင်အောင် ကြိုးစား

ပါ"

ဓေါနင့်မောနင့် ပြောလျက် ချာခနဲလှည့်ထွက်သွားလေသည်။

ဒါကို ဒေးမောရင်း ဓေဝစ္စရာ မျက်ဝန်းတွေမှာ အရည်ကြည်

တွေသီလာသည်။ မျက်နှာကလေးသည် ပန်းနုရောင်မှ ပန်းရင့်ရောင်

ပြောင်းသွားခဲ့ပြီး နာသီးများတွေရဲလာ၏။

တစ်ခုခုပြောမလို ဟန်ပြင်ပြီးမှ နှုတ်ခမ်းတွေတင်းတင်း

းလိုက်တာကို ကြည့်ရင်း ပဓာန သက်ပြင်းချမိသည်။

ကာယကံရှင်နှစ်ယောက်ကမှ အခေင်ပြေပြေမရှိရင် ဘယ်လို

ရှင်အေးရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲကအတိုင်း ဖြစ်လာခဲ့ရင် သူတို့တစ်သက်လုံး တမြေ့မြေ့ ဖြစ်ရတော့မည်။

"ဒီမှာ တို့တစ်ခုတောင်းပန်ပါရစေ၊ လက်ကိုင်ပုဝါတစ်ထည် ကူညီခဲ့တဲ့ မျက်နှာကိုထောက်ပြီး မင်းဒီကနေ ဘယ်မှမသွားပါနဲ့ အဆော် မပြောတာကိုတော့ တပြည်းပြည်းညှိယူကြကာပေါ့ သူဘာပြောပြော မင်း ချစ်လွန်းလို့ဆိုတာ နားလည်စမ်းပါ"

စကားအဆုံးမှာ တင်းမာမှုပြေလျော့သွားပေမယ့် အင်းမလုပ် အဲမလုပ်ဘဲ ရှိနေသည်။ သို့သော် နှုတ်ခမ်းစိုသွားသည့် မျက်ဝန်းတို့က ဝန်ခံကတိပေးလိုက်သည့် အတိုင်း။

■ ■ ■

"တကယ်ပြောတာ ကိုကိုဝံရဲ့ အဲ့ဒီ ဟိုတယ်က မန်နေဂျာ သံစဉ်သူငယ်ချင်းရဲ့ ဖေဖေလေ၊ သူတို့တွေ ရောက်လာပြီး နှစ်ယောက် တစ်ခန်း ယူသွားတော့ တော်တော်အံ့သြနေတာ၊ မောင်နှမတွေဆိုရင် တောင် ဒီလောက်ထိ ချစ်ကြဖို့ မလိုဘူး။ ကိုကို့ရဲ့ မိန်းမတစ်ယောက် ကြွက်ဆိုတာ သူတို့သိနေတော့"

လေးလေးသော် မှာတာမို့ သူနှင့်ပတနရောက်သွားတော့ သံစဉ် ကတီးတိုးပြောပြသည်။

သံသယရင်းခံရှိနေသော သူ့မှာ အနာပေါ်တုတ်ကျတာထက်





ဆိုးရွားစွာခံစားလိုက်ရသည်။

သူစိုးရိမ်ခဲ့သလို ဖြစ်နေပါရောလား။

နောက်ထပ် ထပ်မေးဖို့ ကြံရွယ်စဉ်မှာပင် ပတနက ထမင်း စားခန်းထဲက ပြန်ထွက်လာတာမို့ မမေးဖြစ်တော့။

ပတနက အကြောင်းမဟုတ်ပေမယ့် လေးလေးသော်က အကြောင်းဖြစ်နေသည်။ လူကြီးတွေ သိသွားလျှင်မလွယ်။

"ဘယ့်နှယ်လဲ ပျင်းနေပြီလားကွ၊ မင်းကတော့ မိန်းမရပြီးက တည်းက ဒီကို လာတယ်လို့ကို မရှိသေးဘူး။ မိန်းမနားကပ်ပြီး အလွမ်း သယ်လို့ မခံနိုင်ဖြစ်နေတယ် မဟုတ်လား"

ဝံနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင် ရယ်ရယ်မောမောပြော သာပေမယ့် ဝံ့မှာ ဝိပိပြင်ပြင် မပြုံးနိုင်။ ရင်တွင်းမှာလောင်မြိုက်နေသော ဒဏ်နာတွေက တန့်နှံ့ဖြစ်စေကာ မကြည်မလင်ဖြစ်နေ၏။

"ဒါက မေးနေစရာတောင် မလိုတော့ဘူး အန်ကယ်ရေ ဝံက မိန်းမမျက်နှာကို ကြည့်နေရရင် ကျေနပ်နေတဲ့ကောင်၊ လျှာထားတဲ့ Construction က မလုပ်ဖြစ်တော့ဘူးဆိုတော့ သူ့ဝိုလွတ်လပ်သွား တာပေါ့ ၊ ရှိတဲ့အလုပ်တွေလည်း စိတ်မဝင်စားတော့ဘူး။ အဲ့ဒီလောက် အထိ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး လေးလေးရာ၊ အလကား အပိုတွေ ပြောနေတာ၊ အလုပ်မလုပ်ဘူးဆိုတာက စိတ်မပါတာနဲ့ ခြေဦးမလှည့်တာ၊ ခုစလုပ်တော့မှာပါ၊ စိတ်ချ ဘယ်တော့မှ ရေသာမနိုဘူး"

မကြည်မလင် အနေအထားနှင့် ပြောတာမို့ လေသံက မာထန်ချင်သွား၏။ ဘယ်သူ့ကိုမှ မရည်ရွယ်ပေမယ့် ပဓာနမျက်နှာပျက်သွားခဲ့သည်။

လတ်တလောမှာ သူက ပိုင်ဆိုင်မှု မဲ့နေသူ။

ထို့ကြောင့် အရင်ကထက်ပို၍ မာနကြီးမြင့်သွားခဲ့သည်။ ရေသာနိုတယ်ဆိုတာ ဘယ်သူကပြောနေလို့လဲ။

မင်းမှာ မာနရှိသလို ငါ့မှာလည်း မာနရှိတာပဲ ငါ။

ဒါပေမဲ့ မင်းရဲ့ မာနက အချစ်မာန။ ငါ့မာနက ပစ္စည်းမဲ့မာန။

ငါ့မာနက ပိုသာပါတယ်ကွာ။

ရင်ထဲက အကြိတ်အခဲကြောင့် ငြိမ်နေလိုက်သည်။

"ကဲပါကွာ၊ အဲ့ဒါတွေထားပါတော့၊ ခုငါခေါ်ပြောချင်တာက မင်းတို့ဆီမှာ သမီးလေးကို အပ်ထားခဲ့ချင်လို့ပဲ သွားရမယ့်ခရီးက လေလဲ့အပြင် ရည်ရှည်ကြီးဖြစ်နေတော့ ခေါ်မသွားချင်ဘူးလေ၊ ပြီးတော့ မင်းတို့တိုက်မှာ သူ့အတွက် မိန်းကလေးအဖော်လည်း ရှိနေတယ်၊ အဲ့ဒီ





ကြောင့် စိတ်ချလက်ချ ထားခဲ့ချင်တယ်ကွာ၊ ဖြစ်မလား"

"ရပါတယ် လေးလေး။ ဖြစ်ပါတယ်"

ငါက ခပ်သွက်သွက်ဖြေပေမယ့် ပဓာနက နှုတ်ဆိတ်နေတာမို့ သံစဉ် နှုတ်ခမ်းစူသွားပြီး

"ကိုကို ကိုကိုကရော ဘာလဲ မထားချင်ဘူးလား"

စိတ်ကောက်သလိုမေးသည်။

ဦးသော်ဇင်က သမီးကိုကြည့်ရင်း ပြုံးနေသည်၊ ငါက သုစ်ခနဲပြုံးကာ ပဓာနကို လှမ်းကြည့်သည်။

ပဓာန စိတ်မသက်သာစွာပြုံး၍ ခေါင်းခါကာ

"ထားချင်ပါတယ် ညီမလေးရယ် ညည်းရှိမှ တို့အိမ်မှာ စိုစို ပြေပြေဖြစ်မှာ၊ မြန်မြန်သာ ပြောင်းလာခဲ့တော့"

ဟု လိုက်လိုက်လှဲလှဲဖြစ်အောင် ပြောလိုက်ရသည်။ တကယ်ဆိုရင် သူရင်မောနေရတာ ဘယ်သူမှမသိ။ အရွယ်နှင့်မလိုက်အောင် စိတ်ကစားတတ်နေသည့် သံစဉ်ကို ရှောင်ရှားဖို့ အရေးခေါင်းခဲနေရသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မင်းနဲ့ ဇံ ဘာဖြစ်ထားကြသေးလဲ၊ စကားပြောတာ မတွေ့လို့ မေးကြည့်တာ"

စာကြည့်ခန်းဝမှာ ရပ်နေသော ဆန်းက ဗိုင်တွေ တစ်ထပ်ကြီးမလာသော ပဒေါနကို စေ့စပ်စွာကြည့်ရင်းမေးသည်။

ပဒေါနက မျက်မှောင်ကုပ်ကာ ပြန်ကြည့်ပြီး အခန်းထဲ ကျွေ့ရှောင်ဝင်သွားၿ၏။ ပြီးတော့ လက်ထဲက ဗိုင်တွေကို စားပွဲပေါ်ပစ်ချကာ

"ဘာမှမဖြစ်ဘူး"

ဟု တုံးတိတိပြောသည်။

"အဲ့ဒီလို ပြောတာကိုက ဖြစ်နေတာ သိသာတယ်၊ ပြောစမ်းပါ ဘာတွေဖြစ်နေကြတာလဲ၊ မင်းကတော့ အနေမှန်လို့ မသိသာဘူး





ဟိုကောင်က သိသာသလားမမေးနဲ့၊ စားတာ၊ သွားတာ တစ်ယောက်တည်းသီးသန့်ဖြစ်နေပြီ၊ သူ့မိန်းမကလည်း ဘာသိဘာသာနဲ့ ဒီကြားထဲ ကျေးရှူးရှင်မလေးက တစ်မျိုး ဟိုလူ့မိုလ်ကျ ဒီလူ့ဆရာလုပ်နဲ့ ပြဿနာကို မီးမွှေးနေတယ်၊ တစ်ယောက်တစ်မျိုး ကြားထဲမှာ ငါက အခဆိပ်မရှိတဲ့ရေမြွေလို အူကြောင်ကျားငပေါကြီးကို ဖြစ်လို့၊ ဘယ်နှယ်ကွာ သူတို့ချည်းပဲ လှည့်စိတ်ဆိုးနေကြတယ်၊ ဒီကကောင် စိတ်လုပ်ဖို့လည်း ထားကြပါဦးလား"

စကားတွေ ဆက်တိုက်ပြောချပြီး မောသွားတော့ စားပွဲဆီ လျှောက်လာကာ ရေဘူးကို ဆွဲယူပြီး ဖွင့်ကာ ဒီအတိုင်းမော့ချလိုက်သည်။

"မင်းက ပေါ်တာတော့ အမှန်ပဲ၊ ငါပြောထားတဲ့ စကားကို အမြဲတမ်းမေ့တယ်၊ ဘူးလိုက်မမော့ပါနဲ့ဆိုတာကို အဲ့ဒီအတိုင်းသောက်တယ်၊ ရော့ ဖန်ခွက်၊ ဒီတစ်ခါ ဖန်ခွက်နဲ့ပဲသောက် ပါးစပ်နှမှာတာကို စိတ်အပျက်ဆုံးပဲ၊ ဒါယဉ်ယဉ်ကျေးကျေးကလေး ပြောတာနော် ကောင်းတာတော်လို့"

"ခွပ်"

ဖန်ခွက်ကို စားပွဲစွန်းမှာ ဆောင့်ချပေးရင်း မကြည်မလင်ပြောတော့ ဆန်းအေးမျက်နှာ အီလည်လည်ဖြစ်သွားသည်။

ပဒေါန အားမနာတတ်တာ သိပါလျက် ကိုယ်က မေ့လျော့



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာကို။ ဒီဟာလေးတောင် သည်းမခံနိုင်ပါလျှင် ကျန်သောကိစ္စတို့
၂ာ စိတ်ရှည်ပါ့မလား။

သူ့အလုပ် ကိုယ့်အလုပ်နှင့်တာဝန်ခွဲယူနေတာမို့ နှစ်ယောက်
ူးပေါင်းလာက်တွဲဖူးတာ မရှိခဲ့။

ထို့ကြောင့် ပဓာနလုပ်ငန်းကို ဘယ်လိုစီမံအုပ်ချုပ်နေသလဲ
ဆိုတာ မသိပါ။ အပြင်မှာတော့ ဒီအပြောအဆိုမျိုးနဲ့သာ ဆိုပါလျှင်
အားလုံးတာတော့ ပြနိုင်လောက်သည်။

ဒါပေမဲ့ ပဓာနက ပါးနပ်သည်။

အိမ်ထဲမှာ တမာလိုခါးနေပေမယ့် စီးပွားရေးနယ်ပယ်မှာ သကာ
ကို ပြောင်းလဲ ချိုသာတတ်သူ။

ပဓာနရဲ့ ပိုင်ဆိုင်မှုသည် အနည်းငယ်သာ ကျန်တော့ပေမယ့်
နိမ့်ချဆက်ဆံဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ရဲ။

"ဆောရီး ငါမေ့သွားလို့ကွာ၊ ဒါနဲ့ မင်းဟိုလူ့အကြောင်းကြား
ပြီးပြီလား။ ငြိမ်နေပုံထောက်ရင် ဂျပန်ကို ပြန်သွားပြီထင်တယ်"

ဆူရက်ကို့အကြောင်းကို မကြာသေးခင်ကမှ သိရပေမယ့် သူ
သည်းပဲ မျက်နှာလုပ်နေရသည်။ အိမ်ရှေ့ အိမ်နောက်မချမ်းသာ ဆိုသလို
ဘဝ်တူထပ်မျှသောက ဖြစ်မိသည်။

မေးပြီး ပဓာန မျက်နှာကို အကဲခတ်ကြည့်သည်။





တင်းတင်းတည်တည် မျက်နှာထားမှာ စိတ်ရှုပ်ထွေးလာသလို
မျက်နှာကြောပြေလျော့သွားခဲ့ပြီး

"အဲဒီလူတည်းတဲ့ ဟိုတယ်က ဘာလဲမသိဘူး။ ငါမစုံစမ်းရသေး
ဘူးကွ၊ ငါ့မှာလည်း အလုပ်တွေ ပိနေတော့ခက်တယ်၊ ငွေအားလျော့သွား
တော့ လူအားစိုက်မှ တော်ကာကျမယ်၊ ဝံကလည်း ငါ့ကို အရင်လို
မကြည်တော့ဘူးကွ၊ အဲဒါကြောင့် အချိန်ပြည့် လုပ်ပေးနေတာ"

"ဪ အဲဒါကြောင့်လား။ မဟုတ်နိုင်ပါဘူးကွာ၊ ဝံမှာ အဲဒီ
စိတ်ဓာတ်မျိုး မရှိပါဘူး။ မင်းက ငါ့ထက်စာရင် အများကြီး အလုပ်လုပ်
နိုင်တဲ့လူပါ။ ပြီးတော့ စိတ်ကူးလည်းကောင်းတယ်၊ မင်းငွေတွေဆုံးရှုံး
ခဲ့တာက ချွင်းချက်ပေါ့ကွာ၊ ငါတောင် ဒီသဘောမျိုး ထားနိုင်သေးရင်
ဝံက ဘာလို့မထားနိုင်ရမှာလဲ"

"မင်း မသိပါဘူးကွာ"

"ဘာမသိတာလဲ"

"တော်ပြီကွာ၊ ငါ့ခံစားချက်ကို မင်းမှ နားမလည်တာ
ငါ့ဒေါသတွေ မင်းဆီရောက်သွားလိမ့်မယ်၊ ပါးစပ်ပိတ်နေရင်ကောင်းမယ်
ဆန်းဒေး။ ငါ စကားမများချင်ဘူး"

အခြောက်တိုက်ကြီး ဒေါသဖြစ်နေသော ပဓာနကို နားမလည်
နိုင်စွာ ကြည့်ပြီး နှုတ်ဆိတ်သွားခိုက်မှ၊



www.burmeseclassic.com

www.burmeseclassic.com



"ပဓာန"

လှည့်ကြည့်လိုက်တော့ အခန်းဝမှာ ဒေဝစွရာက အထုပ်တစ်ထုပ်ပိုက်ပြီး ရပ်နေ၏။

နွမ်းလွှသော ပန်းရောင်ဝတ်စုံနှင့်ကြည့်ကြည့်လင်လင် အသားအရေက ထင်းနေကာ ဆံနွယ်နက်နက်တွေ ပြန့်ဝဲလျက် အတော်ကြီးလှပနေသည်။

နိုင်ငံခြားသူနီးပါးဖြစ်နေပေမယ့် ဝတ်စားတာ ကလက်တာမျိုး မရှိ။ ကြည့်လိုက်တိုင်း ဂါဝန်၊ ဘောင်းဘီတွေနဲ့ဖြစ်ပေမယ့် လုံလုံခြုံခြုံပဲဖြစ်ကာ တင့်တယ်နေတတ်ပြန်သည်။

ကောနက်သော မျက်တောင်ရှည်တွေ ဝန်းရံနေသည့် ပြာလဲ့လဲ့မျက်ဝန်းတို့က သူ့ကိုကျော်ပြီး ပဓာနကို ဝေးနေတာမို့

"ပဓာန မင်းကိုခေါ်နေတယ်"

ပြောပေးလိုက်ပေမယ့် စိတ်ထဲ တစ်မျိုးကြီးဖြစ်သွား၏။ ဘယ်လိုတွေလဲ။

"ဘာလဲ ဒေဝ် လာလေ၊ ဘာပြောမလို့လဲ"

ဒေဝစွရာကိုမြင်တော့ ပဓာန မျက်နှာပြောင်းလဲသွားခဲ့သည်။

စောစောကတင်းမာမှုတွေ ပျောက်ကွယ်လျက် နူးနူးညံ့ညံ့ ဖြစ်သွားသည်။ ပြီးခဲ့၊ ရယ်ခဲ့သူမို့ ဆန်းဒေး အထူးအဆန်းသဖွယ်ဒေ





ကြည့်မိသည်။

ဘာကြောင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးနေတာလဲ။

ရင်ထဲမှာ သံသယတစ်စ ငြိတွယ်သွားလျက် အံကဲခတ်နေမိသည်။

"ပြောမလို့ မဟုတ်ပါဘူး ပေးမလို့"

"ဘာပေးမလို့လဲ ဒေဝ် သိပြီ ငံ့ကိုပေးနိုင်းမလို့လား၊ ဒါဆို ဆန်းဒေး လက်ထဲထည့်ခဲ့"

ပဓာနက နေရာမှ ထပြီးပြုံးပြုံးရယ်ရယ်ပြောတော့ ဒေဝစွရာက ခေါင်းခါသည်။

"သူ့ကိုပေးမှာမဟုတ်ဘူး ရှင့်ကို ကျေးဇူးဆပ်ချင်လို့ လာပေးတာ ရော့ ဒီမှာ"

ဒေဝစွရာက ပါးချိုင့်ပေါ်အောင် ပြုံးရင်း လက်ထဲက အိတ်ကို ထိုးပေးသည်။

"ဘာတွေလဲ"

"ဖောရိန်းရှပ်တွေ ဟိုတစ်နေ့က ဝယ်လာခဲ့တာလေ၊ အရောင်သုံးမျိုးပါတယ်၊ အနီအနက်စင်းရယ်၊ အဖြူရယ်၊ နုံသာရောင်ရယ်၊ ရှင်နဲ့လိုက်ဖက်မှာပါ"

တရေးတယူပြောနေတာမို့ ဆန်းဒေးတအံ့တသြငေးရင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက သံသယသည် ကြီးထွားလာသည်။

ရှိမှရှိကြရဲ့လား မသိ။

"အားနာစရာကွာ ဒီလောက်ထိ မလိုပါဘူး မင်းဒီကနေ ဘယ်

ထွက်မသွားဖို့ပဲ လိုတာပါ။ အဲ့ဒီကတိကော ပေးနိုင်ရဲ့လား"

အိတ်ကိုလှမ်းယူရင်း မျက်နှာကိုငေးကာ ကတိတောင်းနေခြ

ကြောင့် ဒေဝစ္စရာက ရှုးခနဲကြည့်ပြီး ပြုံးသည်။

"စိတ်ချပါ ကျွန်မနေပျော်နေသရွေ့ လုံးဝစိတ်မကူးဘူး ဒါပေ

ဒီထဲမှာချည်း နေရတာ ပျင်းတယ်လေ အဲ့ဒါ"

"ကိုယ်လိုက်ပို့မယ်လေ အခေါင်ပြေမယ့်နေ့ပေါ့"

ဆန်းဒေး ဟင်ခနဲ ဖြစ်သွားသည်။

ဒါပေမဲ့ ဘာမှမပြောနိုင်ဘဲ အကြည့်ချင်းဖလှယ်နေသည့် သူ

နှစ်ယောက်ကို မျက်တောင်မခတ်......မိ အကဲခတ်လျက် ။

ခက်တော့ ခက်နေပါပြီ။

■ ■ ■



အခန်း (၃၅)

"ကိုကို"

"ဟင်"

"ဒီနေ့ ကိုကို့ရုံးရက်မဟုတ်လား"

"အင်း"

"ဒါဆို သံစဉ်ကို ပလာဇာ လိုက်ပို့"

"ဟာ မဖြစ်ဘူး သံစဉ်ရဲ့ ကိုကိုသွားစရာရှိသေးတယ်၊ နောက်

အပတ်မှပဲကွာ နော်"

"ဟင်"

သံစဉ် နှုတ်ခမ်းလေးတွေ ရှုထော်သွားကာ ဖွန်းခရင်းတွေကို

ဆ်ချပြီး ထရပ်သည်။ ပြီးတော့ မကျေနပ်သေးဘဲ ပဓာနကို ရှုးစူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ရင်း

"ကိုကိုက ဒီနေ့ ဘယ်သွားစရာရှိလို့လဲ၊ အလုပ်နဲ့ပတ်သ ပြီးချိန်းထားတာဆိုရင် ကိုကိုဆန်းကို လွှဲပေးလိုက်ကွာ၊ သံစဉ်က ဒီ ကိုကိုနဲ့ သွားမယ်ဆိုပြီး အားခဲထားတာ"

ထုံးစံအတိုင်း ဂျိုတိုက်ဖို့ ကြိုးစားပြီ။

အလျှော့ပေးဖို့ စိတ်ကူးရှိပုံမရသော ပဓာနက မတုန်မလှု ခပ်တည်တည်ပဲ ရှိနေသည်။

"အလုပ်နဲ့ပတ်သက်တာ မဟုတ်ပါဘူး၊ ကိုယ်ရေးကိုယ် အတွက်ပါ ညီမလေး၊ ဆန်းကိုပဲ လိုက်ပို့နိုင်းလိုက်လေ၊ ဒီမှာ ကိုတ် ကတိပေးပြီးသားဖြစ်နေတယ်ကွာ၊ အဲ့ဒါကြောင့်"

နှုတ်ခမ်းကို လက်သုတ်ပဝါဖြင့် သုတ်ကာ အေးအေးဆေ ပဲ ပြောသည်။

ဇံက သူတို့ကို တစေ့တစောင်း အကဲခတ်နေပေမယ့် ဝင်မပြော၊ ဒေဝစ္စရာနှင့်ယှဉ်တွဲထိုင်ပြီး ငြိမ်သက်တိတ်ဆိတ် စားသောက်နေလေ၏။

"ကိုကိုဆန်းနဲ့ မသွားချင်လို့ပါဆို၊ ကိုကိုပဲ လိုက်ပို့ပေး အဲ့ဒီကိုယ်ရေးကိုယ်တာကိစ္စက သံစဉ်ထက် အရေးပါနေလို့လား"

"အင်း ဆိုပါတော့"





သံစဉ် မျက်နှာလေး ညိုသွားသည်။

"ဘာ အတွက် အဲ ဘယ်သူ့အတွက်မို့လို့လဲ"

"ဒီမှာလေ မင်းရဲ့ ယောက်မက ရှောပင်ထွက်ချင်လို့တဲ့ အဲ့ဒါ ဇံမအားလို့ ကိုကိုလိုက်ပို့ပေးရမယ်"

ဟင်။

ဇံ မကျေမနပ်ဖြစ်သွား၏။ ကြည့်စမ်း သူ့ကို ကျော်ပြီး ပဓာန ကို ပြောရတယ်လို့၊ တကယ်ဆို သူ့ကို ပူဆာတောင်းဆိုသင့်တာပါ၊ စိတ်ခုနေတာ မှန်ပေမယ့် ဒီလိုတောင်းဆိုလာတာမျိုး ရှုရှုမှုမှု မျှော် သင့်နေတာ သူ့ဘာသာပဲ သိသည်။

ခုတော့ ။

မနာလို ဝန်တိုစိတ်ဖြစ်သွားပေမယ့် တစ်ခွန်းမှမပြောမိ။ မာနက ဘင်းခံနေ၏။

"သူလိုက်ခဲ့လည်းရတာပဲ ခေါ်လိုက်လေ"

ဒေဝစ္စရာ ကောက်ကာငင်ကာ ဝင်ပြောတော့ သံစဉ်နှုတ်ခမ်း လေးတွေ မဲ့ရွဲ့သွားလေသည်။

"အမယ်လေး နေပါစေ၊ မခေါ်ချင်တာကို ကပ်ပါးကောင်လို တွယ်ကပ်ပြီး မလိုက်ဘူး၊ ကိုယ့်ဘာသာ သွားလည်းရတာပဲ ဟင်း"

ဆံပင်ရှည်ကလေးတွေ ဝဲခါသွားအောင် လှည့်ထွက်သွားတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဆန်းအေးက သက်ပြင်းချ၏။ ဝဏ က မျက်နှာလွှဲရင်း အံကြိတ်၏

ပဓာနကတော့ ဘာမှမသိသလို အေးအေးဆေးဆေး ထိုင်

■ ■ ■

"ကိုကိုပဲ စဉ်းစားကြည့်၊ သံစဉ် ရေ့ပင်ထွက်လို့ လိုက်ရော

အခါများဆိုရင် ဝယ်တာခြမ်းတာ များတယ်၊ သယ်ရတာ ညောင်းတယ်

ဘာညာနဲ့ အိမ်ရောက်ရင် ညည်းရော၊ ဘယ်လောက်မောတဲ့အကြောင်း

ရေဆယ်ခွက်လောက်သောက်ပြီး သက်သေပြရတာ အမောပဲ၊ ခုနာ

ကျတော့ အထုပ်တွေတနင့်တပိုးနဲ့ သယ်ပေးရတာတောင် အပြုံးမပျက်

ရယ်မောတုန်း။ အထင်ပြောတာမဟုတ်ဘူး၊ သေချာတာကတော့ ကိုး

မိန်းမကို ကြိုက်နိုက်နေပုံပဲ၊ ကြည့်တာနဲ့တင်သိတယ်"

သံစဉ် မကျေမနပ် ပြောပြနေတာကို နားထောင်ရင်း

မျက်နှာ သိသိသာသာ ပျက်ကျလာသည်။ ဒါပေမဲ့ ဟုတ်မဟုတ်ရှ

ဟူသည့် သံသယရှိနေဆဲ။

ပဓာနလို လူမျိုးက ဒီလိုဖြစ်ဖို့ဆိုတာ

"ငါလည်း အဲ့ဒါပြောမလို့ ဇ သူတို့ချင်းရှိမှ ရှိကြရဲ့

ကြားမကောင်းတာတွေ ဖြစ်ကုန်မှ အခက် မင်းနည်းနည်းပါးပါး စော

ရင် ကောင်းမယ်"

ဆန်းအေးကပါ ဝင်ပြောလာတော့ ဇစိတ်ထဲစနိုးစနောင့် ဖြစ်



သည်။ မယုံကြည်ရမှာက ဘယ်သူ့ကိုလဲ။ ပဓာနကိုလား၊ ချစ်ရသူကိုလား။

နှစ်ယောက်စလုံးဖောက်ပြန်ဖို့ ဆိုင်းပြင်နေကြသည် ဆိုပါလျှင်

သူ ဘာဆက်လုပ်ရမည်နည်း။

ဆုရက်ကိုကြောင့် ရင်ထဲတနုံ့နုံ့ဖြစ်နေရစဲမှာ ပြဿနာကဆင့်

သာ၍ ပိုပြီးစိတ်ရှုပ်သွားမိသည်။

"ဒါပေမယ့် ဝုန်းဒိုင်းကြဲဖို့တော့ မလိုဘူးနော်၊ ဘာမှမဟုတ်ခဲ့

ဘူးဆိုရင် မျက်နှာပျက်စရာတွေ ဖြစ်ကုန်မယ်"

ထုံးစံအတိုင်း ဆန်းအေးက ထိန်းထိန်းသိမ်းသိမ်း ရှိဖို့သတိပေး

သသည်။

ဒါပေမဲ့ ပဓာနကိုရှိန်ပြီး မမေးဖြစ်ခဲ့၊ သို့သော် ။

တစ်ညနေမှာဖြစ်သည်။

သူနှင့်ဆန်းအေး ညနေစာ စားသောက်ပြီး ခြံထဲမှာခုံးထိုင်

သာ အလုပ်အကြောင်းပြောနေဆဲ။

အရင်ဆုံး ဓေဝရှုရာက အအေးဘူးကိုင်ကာ တိုက်ထဲမှထွက်

လာပြီး သူတို့အနားမှာ လာထိုင်သည်။ ဆန်းအေးက ရယ်ရယ်မောမော

အသိအမှတ်ပြုပေမယ့် သူကတော့ ဘာသိဘာသာပဲ နေလိုက်၏။

ဆုရက်ကိုနှင့်ကင်းရှင်းခဲ့ပါတယ်ဆိုတာလေးတောင် ပြောမလာ

သမို့ ရင်ထဲက တနုံ့နုံ့ဖြစ်နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ပဓာန ဒီညနေ ကမ်းနားလမ်းဘက် သွားမယ်ဆို၊ ဒီကောင် မေ့နေပြီလား မသိဘူး "

ဆန်းဒေးက အလုပ်အကြောင်းပြောနေရင်းမှ သတိတရ ပြောလာသည်။

"မမေ့နိုင်ပါဘူးကွာ သူကိုစွသူ သတိရမှာပေါ့၊ အဲ ဟိုမှာ ပြောရင်းဆိုရင်းထွက်လာပါပြီ"

နုံ့သာရောင်ဖောရိန်းရှပ်လက်ရှည်၊ ဘောင်းဘီနက်တို့ဖြင့် သန့်ပြန့်ချောမောနေသော ပဓာနက ခပ်တည်တည်ပဲ လှမ်းလျှောက်လာ သည်။

"အိုး ကြည့်စမ်း ကျွန်မရွေးဝယ်ပေးတာ တော်တယ်နော် ရှင်နဲ့လိုက်ဖက်လိုက်တာ"

ဒေဝစ္ဆရာစကားကြားရလျှင် ငံပျာခနဲဖြစ်ကာ အတော်ကြီး မနှာလိုဝန်တို ဖြစ်သွားရသည်။ သဘောထားကြီး သယောင်ပါးစပ်ပိတ် ထားခဲ့ပေမယ့် ဟုတ်နေပါလားဆိုတာကို တွေးမိသည်။

"တကယ်လား။ ဝတ်သာဝတ်ရတာ ကိုယ်က အသားညိုတဲ့ လူဆိုတော့ ကြည့်မကောင်းမှာ ကြောက်ရသေး။ မင်းပြောတာ အရှိန် နော်"

ပဓာနက ရယ်မောပြုံးကြည်စွာပြောပြီး ဆန်းဒေးထံမှ ကားသော





သောင်းယူကာ ထွက်သွားလေသည်။

ရင်ထဲက ဘဝင်မကျနိုင်မှုကြောင့် ဟန်ဆောင်ပြုံးလေးတောင် မပြုမိခဲ့။ ပဓာနထက် ဒေဝစ္ဆရာကို ပိုဒေါသဖြစ်နေမိခဲ့၏။ ကိုယ် အကြိုက်ထပ်ထားတဲ့ ယောက်ျားကိုတောင် အဝတ်အစားဝယ်ပေးဖို့ သတိ ရတဲ့ မဆိုင်သူကိုမှ ဂရုတစိုက်ဝယ်ဆင်ပေးတာမို့ ရင်ထဲမှာ နာကျင် နေမိသည်။

လိုချင်တာက သိတတ်မှုကိုပဲ တောင့်တနေတာကို ဘာကြောင့် သိနိုင်ရတာလဲ။

သူကိုကျော်ပြီး ပဓာနကိုများ စိတ်ဝင်စားနေတာလား။

ဟို ဟို သည်သည် တွေးမိရင်း ခေါင်းခဲသွားရသည်။

"ဗျ"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"မင်းပြောတာကို နားထောင်နေတာလေ၊ ဆက်ပြော မင်းစိတ် ကို ငါသဘောကျရင်လုပ်ကြတာပေါ့"

"အင်း အင်း ကြားရင်ပြီးရော"

ပြီးစလွယ် ပြောလိုက်ပေမယ့် တကယ်ဆို သူ့ဘာမှ စိတ်မဝင် စားနိုင်ဘဲ ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှ စကားတွေက နားထဲမကြားတော့ချက် ကြားတော်ရှုံး ဖြစ်ရင်း

အချစ်စစ်ဟာ ရင်ကိုတမြေ့မြေ့ ဖြစ်စေတတ်ပါလား။

■ ■ ■



## အခန်း (၃၆)

"ရှိသားတယ် မရှိသားဘူးဆိုတာ ဘာကိုကြည့်ပြီးပြောတာလဲ ဧ ငါသည်းမခံတတ်တာ မင်းသိပါတယ်"

"သိတယ် ဒါပေမဲ့ မြင်ကွင်းတွေက ဘယ်လိုမှ ကြည့်မကောင်းတော့ဘူးလေ"

"ဘာ"

"ခွပ်"

ပဓာနရဲ့ လက်သီးချက်က မေးရိုးပေါ်အား ပျော့စွာကျရောက်သွားတာမို့ ဝံ အနည်းငယ်ယိုင်သွား၏။

"ဒီမှာ ပဓာန၊ မင်းစကားပြောရင် လက်မပါနဲ့ကွာ၊ ငါလည်း သွေးသားနဲ့ပွဲစည်းတည်ဆောက်ထားတဲ့ လူကွ၊ ချစ်တတ် မုန်းတတ်၊



www.burmeseclassic.com

www.burmeseclassic.com



ခံစားတတ်တယ်၊ ပြီးတော့ ကိုယ့်အသားနာရင် တုံ့ပြန်တတ်တယ်။ ပြန်မလုပ်ရဲလို့မဟုတ်ဘူး။ မလုပ်ချင်လို့၊ မင်းရင်ထဲက ဒေါသတွေကို ဖယ်ပြီး ငါမေးတာကို ရိုးရိုးလေးပဲဖြေပေးပါ"

နီရဲတင်းမာနေသော မျက်နှာကြောင့် ပဓာန မျက်ဝန်းတွေကို အကြည့်လွှဲလိုက်၏။ ပြီးတော့မှ

"ငါမေးတာအရင်ဖြေပါ ငဲ၊ မင်းဘာကြောင့် ဒေဝစ္ဆရာကို ဉပက္ခာပြုထားတာလဲ"

"ပြောပြီးပြီလေ၊ ငါ့ကို ကင်းရှင်းခဲ့တဲ့အကြောင်း ယုံလောက်အောင် မပြောသရွေ့ ငါ့ဘက်က ဒီအတိုင်းနေရဦးမှာပဲ"

"သြော်"

"ကဲ ပြောတော့ကွာ၊ မင်းသူ့ကို သဘောကျနေပြီလား"

ပဓာန မဲ့မဲ့ပြုံးပြီး ကျောခိုင်းလိုက်က၏။

"သဘောကျတယ်ဆိုတာက ပေါ့ပျက်ပျက်နိုင်လွန်းတယ်ကွ ငါက သူ့ကိုပေးမခေါ်ယူချင်တာ၊ ငါသူ့ကို သိပ်သနားတယ်၊ ပြီးတော့ မင်းကသာ ထာဝရစွန့်လွှတ်မယ်ဆိုရင် လက်တွဲဖို့အထိ အစီအစဉ်ရှိတယ်၊ သူဘယ်ဘဝမျိုးပဲ ရောက်ရောက် ငါကြည်ဖြူနိုင်တယ်၊ အဲ့ဒါ အချစ်စစ်ပဲလေ၊ နွမ်းခြောက်သွားတဲ့ အကြွေပန်းပဲဖြစ်ဖြစ်၊ လတ်ဆတ်မွှေးပျံ့နေတဲ့ ပန်းပဲဖြစ်ဖြစ် ချစ်ရဲဖို့ပဲလိုတာ၊ ငါ အဲ့ဒီလို သဘောထားနိုင်





တာကို သူလည်း သိနေတယ်

မင်းတို့ချင်းခွေးနွေးကြဦးပေါ့ ငါသွားမယ်"

ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်သွားတာမို့ ဘာမှမေးခွင့်မသာတော့။

ခါပေမဲ့ ပြောသွားခဲ့သော စကားလုံးပေါင်းများစွာက ရင်ဘတ်ထဲကို ကြွက်မွှေနေသလိုပဲ အခံရခက်စေသည်။

ပဓာန သွေးတိုးစမ်းတာလား တကယ်ပြောသွားတာလားဟု ဝေခွဲရခက်လျက်ရှိသည်။ နောက်ဆုံး နွမ်းချိနေသော အသည်းနှလုံးတစ်စုံကြောင့် မနေသာတော့တဲ့ ချစ်သူကို မျက်နှာချင်းဆိုင်ဖို့ ဆုံးဖြတ်ရသည်။

ဒေဝစ္ဆရာရဲ့ အခန်းဆီ လျှောက်လာရင်း ပဓာနပြောသွားတာကို သတိရစဉ်းစားပြီး ဆင်ခြင်နေမိသည်။

သူဘယ်ဘဝမျိုးပဲ ရောက်ရောက် ငါကြည်ဖြူနိုင်တယ် အဲ့ဒါ အချစ်စစ်ပဲလေ၊ နွမ်းခြောက်သွားတဲ့ အကြွေပန်းပဲဖြစ်ဖြစ် လတ်ဆတ်မွှေးပျံ့နေတဲ့ ပန်းပဲဖြစ်ဖြစ် ချစ်ရဲဖို့ပဲလိုတာ တဲ့။

သူလို လူကောင်း ဒီသဘောမျိုး ထားနိုင်နေပါလား။

ငါကကော သူပြောသလို စွန့်လွှတ်နိုင်ပါ့မလား။

နေရာတကာ ကြီးကျယ် ဘဝင်မြင့်တတ်ပြီး သူထက်လည်း မာနကြီးသော ပဓာနရဲ့ စကားတွေက အထူးအဆန်းဖြစ်နေ၏။ ခါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်လို့ မရပါ။

ပဓာနက ဒီကိစ္စမျိုးကို လီဆယ်ပြောချင်မှာ မဟုတ်။

"ဓိ"

ဒေဝစ္စရာရဲ့ ခေါ်သံက သူ့နောက်ပါးမှ ထွက်ပေါ်လာသည်။

"ခြေသံ မင်းက စာကြည့်ခန်းထဲရောက်နေတာကိုး ၊ ကိုယ်က မင်းကို လိုက်ရှာနေတာ"

"ဘာကိစ္စလဲ"

မေးလာပုံက ခပ်စိမ်းစိမ်းပဲမို့ ရင်ဘတ်ထဲ အတော်အောင့်သွားမိ၏။ သူမလည်း ပဓာနကို သဘောကျနေပြီလား။

တကယ်ဆို သူက ပဓာနထက် အစစ အရာရာ သာသူပါ။ ဒီလို ကျန်ရစ်ဖြစ်ရမယ်ဆိုရင်

"မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"အရေးကြီးတယ်ကွ။ဒီအခန်းထဲဝေဝင့်မှရမယ် တခြားလူကြား သွားရင် မကောင်းဘူး"

"ဘာတွေလဲ"

"လာပါဆိုမှကွာ"

စာကြည့်ခန်းထဲခွဲထည့်ပြီး တံခါးပိတ်လိုက်တော့ ဒေဝစ္စရာ





မျက်လုံးကလေးဝိုင်းကာ သူ့ကိုငေးကြည့်၏။

"မေးရမှာ အားတော့နာတယ်ကွာ၊ ဒါပေမဲ့ အရမ်းအရေးကြီး နေတယ်၊ မင်း ပဓာနကို ဘယ်လိုသဘောထားလဲ"

"ဟင်"

မျက်ခုံးကလေးတွေ တွန့်ခေါက်သွားကာ နားမလည်သလို ကြည့်နေပြန်တာမို့ ခေါသဖြစ်သွားရသည်။

"ပဓာနက သူ့သဘောထားကို ရှင်းရှင်းပဲလာပြောသွားတယ် ကွ၊ မင်းကို ဘယ်လိုအခြေအနေမျိုး မှာပဲဖြစ်ဖြစ် သူချစ်နိုင်ပါတယ်တဲ့ ကဲ မင်းဘယ်လိုဆုံးဖြတ်မလဲ"

ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လှုပ်ရမ်းရင်း ခေါသ တကြီးမေးမိသည်။

"အာ ရှင်ဘာတွေ လာပြောနေတာလဲ၊ ကျွန်မတို့က ရိုးရိုးသား သား "

"ဘာရိုးရိုးသားသားလဲ သူကိုယ်တိုင် တိတိကျကျပြောသွားတာ ကွ၊ သဘောထားကြီးကြီးနဲ့ ချစ်နိုင်တဲ့ကောင်ကို မင်းဘယ်လိုတုံ့ပြန် မလဲ"

ဒေဝစ္စရာက ခေါင်းကို တွင်တွင်ခါပြီး ပခုံးပေါ်က လက်တွေ ကိုဖယ်ချကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ရှင်က အပြီးတိုင် စွန့်လွှတ်နိုင်တယ်ပေါ့ ဟုတ်လား ရှင် ကျောခိုင်းနိုင်တယ်ပေါ့"

နာနာကျည်းကျည်း မေးလာသည်။

အရည်ကြည်လဲ့နေသော မျက်ဝန်းတွေကို ဝေးရင်း တစ်ချ တော့ မှားနေပြီဟု တွေးလိုက်မိစဉ်

"ရှင့်အတွက် ကျွန်မ မာနကို ဘေးဖယ်ပြီး ဆုရက်ကိုနဲ့ကင်း ရှင်းခဲ့တဲ့အကြောင်း ပြောပြဖို့ ဆုံးဖြတ်မိတာ အမှားပဲ ၊ ရှင်က ဘော တော် ကြောင်တဲ့လူ မုန်းဖို့သိပ်ကောင်းတယ်"

"ဟာ နေဦး"

ပြေးထွက်တော့မည့် သူမလေးကို အတင်းအကျပ်ဖမ်းချုပ် ထားရင်း မျက်ဝန်းတွေထဲမှာ အဖြေရှာမိသည်။

အနီးကပ်ပြိုင်ဘက်မရှိခင်က ခပ်အေးအေးနေနိုင်ခဲ့ပေမယ့် ခုချိန်ခါမှာ အေးမနေနိုင်တော့။ စီးချင်းထိုး လုစရာမလိုပေမယ့် ကံကြမ္မာ ကိုကြောက်၍ ရင်ပူနေရပြီ။

ဒါပေမဲ့ အဓိကကာ ဒေဝစ္စရာပဲမို့ သေချာသော အဖြေတစ်ခု ကို မေးရမည်။

"ပြောစမ်းပါ မင်းမာနကို လက်တွဲဖို့အထိ စဉ်းစားပြီးသွား ပြီလား"





ဒေဝစ္စရာက သူ့ကိုငေးစိုက်ပြီး မျက်နှာလွှဲလိုက်ကာ

"ရှင့်ဘက်က ဒီအတိုင်းနေမြဲနေမယ် ဆိုရင်တော့ အဲ့ဒီအတိုင်း စဉ်းစားရတော့မှာပေါ့။ ဘာကြောင့်လဲဆိုတော့ ပမာနက ငြင်းစရာ အကြောင်းမှမရှိဘဲ"

"ဘာ တောက်"

ချစ်သူကို နာကျင်စေဖို့အထိ လက်မရဲတော့ ဒေါသတွေက ပမာနထံ ကူးရောက်သွား၏။

ဒီကောင် စည်းမစောင့်လို့။

အခန်းတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး ဒေါသပါသော ခြေလှမ်းတွေ ဖြင့် ကျောခိုင်းခဲ့သည်။

"ဝ"

ဒေါသကြီးပေမယ့် လှည့်မကြည့်တဲ့ ဦးတည်ချက် ခြေလှမ်း တွေက ပမာနဆီကို ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ခြံထဲကို ဖြတ်ကျော်ဝင်ရောက်ဖို့ဆိုတာ သူတို့သုံးဦးအတွက် မခက်ခဲလှပါ။ ပြီးတော့ ခြံထဲမှာ အစောင့်ဘာညာမရှိ၍ ပိုပြီးလွယ်ကူသည်။

ခြံထဲရောက်တော့ ညအမှောင်မှာ ထည်ဝါနေသည့်တိုက်ကြီးကို ငြိမ်တွေမော့ကြည့်မိကြသည်။

မျက်နှာစာဘက်က အခန်းတစ်ခန်းကလွဲလျှင် အားလုံး အမှောင် အတိ ကျနေလေသည်။

"အခန်း တစ်ခန်း မီးလင်းနေတယ် ဘော့စ်"

နယ်လ်ဆင်က တီးတိုးပြောသည်။

"တွေ့တယ် အဲ့ဒါ ဘယ်သူ့အခန်းဖြစ်မလဲ စဉ်းစားနေတာ"





ဝရန်တာနဲ့ တွဲနေတာဆိုတော့ အိမ်ရှင်ရဲ့အခန်းပဲ ဖြစ်မယ် ထင်တယ်"

"ဟိုကောင်မလေးပြောသွားတဲ့အတိုင်း ဆိုရင် ဗီအချိန်ဝင်ဖို့ အသင့်တော်ဆုံးပဲ၊ ပဓာနနဲ့ဖွဲ့ထက်ဇံဆိုတဲ့ ကောင်တွေ တစ်ယောက်ကို တစ်ယောက် ရန်စောင်နေကြပြီဆိုတော့ ဘော့စ် အစီအစဉ်အောင် မြင်မှာပါ"

နိုမီက သူ့ထင်မြင်ချက်ကို ပြောပြတော့ ဆူရက်ဂျီမျက်နှာ ပြုံးသွား၏။

"မနက်က ဖွဲ့ထက်ဇံရဲ့ ညီမဝမ်းကွဲ သံစဉ်သာတစ်ယောက် သူတို့တည်းသည့် ဟိုတယ်ကိုရောက်လာခဲ့ပြီး

"သံစဉ်တို့တိုက်မှာ ခေတ္တရှာ ရောက်နေတယ်သိလား။ ကိုကို့ကို တော့ သနားပါရဲ့ ဒါပေမဲ့ ဘယ်လိုမှ မေတ္တာထားမရဘူးဖြစ်နေတယ်၊ ပြီးတော့ အဲ့ဒီ အမျိုးသမီးက ကိုကိုပဓာနနဲ့တတွဲတွဲဖြစ်နေတာ ဆိုတော့ လေ အဲ့ဒါ ပြန်ခေါ်စေချင်တယ်၊ သံစဉ်လာတဲ့ အကြောင်းကိုတော့ မသိပါစေနဲ့နော်"

သူ့ကို တွေ့ဆုံခွင့်တောင်းပြီး သတင်းပေးသွားခဲ့သည်။

စကားပြောရင်း တလက်လက်တောက်ပနေသော မျက်ဝန်း တို့ရဲ့ ခံပြင်းနာကျင်မှုကို အကဲခတ်လို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး ပစာနကို ကြိုက်ချစ်နေပုံပါပဲ။

အချစ်နဲ့ပတ်သက်လာလျှင် ခွေမျိုးရင်းချာကိုတောင် မငဲ့ကွက်တော့ပါလားဟု သံဝေဂရမိသည်။

"ကျွန်တော်တို့ ဗိုက်လုံးကနေ တစ်ဆင့်တွယ်တက်ကြတာပေါ့"

"အေး"

"ဘယ်သူအရင်တက်ရမလဲ ဘော့စ်"

"နယ်လ်ဆင် အရင်တက် ပြီးရင် ငါတက်မယ်၊ ငါ့နောက်မှာမှ နိုမီ တက်"

"ဟိုက် ဘော့စ်"

■ ■ ■

"ဟော့ကောင် မင်းလွှန်မယ်နော်၊ ဇံ"

"အေး လွှန်တယ်ဆိုရင်တောင် မင်းလောက်မယုတ်မာဘူးကွ"

"ခွပ် ခွပ်"

"အ"

စကားနှင့်အတူ လက်သီးမိုးရွာချတော့ ပစာနမင်ထိုင်ကျသွားလေသည်။ သူငယ်ချင်းမို့ ပြန်မလုပ်ချင်ပေမယ့် အသားနာတော့ ဒေါသဖြစ်လာသည်။

ထို့ကြောင့် ချက်ချင်းပြန်ထကာ တုံ့ပြန်ထိုးနက်တော့ လုံးထွေး





သတ်ပုတ်သည့်အထိ ဖြစ်သွားၿပီ။

"တော်ပါတော့ တော်ကြပါတော့ သေကုန်တော့မှာပဲ"

ဒေဝစွရာက မကြည့်ရက်တော့၍ တားပေမယ့် နှစ်ဦးစလုံးက ဂရုမစိုက်ဘဲ ဆက်လက်ထိုးကြိတ်ဆဲ။

ဒီနေ့မှ ဆန်းဒေးက အိမ်ပြန်နောက်ကျနေသည်။ သံစဉ်သာ တတော့ မကြားတာပဲလား။ မသိချင်ယောင်ဆောင်နေတာပဲလား မသိ။

သည်လောက် ဝုန်းဒိုင်းကြဲနေတာတောင် လာဖော်မရ။

"ဇံ ရှင်တော်တော့ဆို၊ ကျွန်မ တမင်တကာပြောခဲ့တာ၊ အဲ့ဒီလို ဆုံးဖြတ်ဖို့ စိတ်ကူးမရှိဘူး။ ဇံ ပြောနေတယ်လေ"

ဒေဝစွရာ ဘာပဲပြောပြော ကိုယ့်ဒေါသနှင့်ကိုယ်မွှန်နေကြကာ အရှိန်မသတ်နိုင်အောင် ရှိနေသည်။

ပစာနနှင့်သူငယ်ချင်းဇံက အောက်စီးကသာ နေတာမို့ ဇံ မျက်နှာမှာ သွေးတွေမြင်မကောင်းတော့။

ပွရောင်လာသော မျက်နှာကို သေချာစွာမြင်ရနိုက်မှ ဒေဝစွရာ နေနိုင်တော့ဘဲ

"ပစာန ရှင် တော်ပြီနော်၊ ပြောမရဘူးလား"

ဇံကိုခွစီးထားသည့် ပစာနကို အနီးကပ်လက်ပြန် ရိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဓာနက ဇံကို လွှတ်လိုက်ပြီး ထရပ်ကာ ဇံမမြင်နိုင်အောင် လက်မထောင်ပြသည်။

သူ့ပါးမှာ လက်ရာထင်သွားပေမယ့် သူကျေနပ်ပါသည်။ သူတို့ တတွေ ပြေလည်ဖို့ ဒီလောက်တော့ အနာခံရမှာကိုလည်း သဘော ပေါက်သည်။

တကယ်တမ်း သူဘယ်သူ့ကိုမှ မချစ်ခဲ့တာ ကိုယ်ဘာသာ သိလေသည်။

ဇံရဲ့ အချစ်ကို နှိုးဆွပေးရင်း အမုန်းခံခဲ့ကာ ကျေးဇူးဆပ်ခဲ့တာ ပဲ ဖြစ်သည်။

နှစ်ဦးသားတိုင်ပင်လုပ်ခဲ့တာမို့ ဒေဝစ္စရာက အားနာသည် ကြည့်ပြီး ဇံကို ပြေးထူသည်။ ထိုအခိုက်

"ဟား ဟား သိပ်ကြည့်ကောင်းတဲ့မြင်ကွင်းပါလား။ ဒါပေမဲ့ မင်းတို့အလွမ်းသယ်နိုင်ရင် ဒီတစ်ညပေါ့ကွာ"

သက်တော်စောင့်နှစ်ယောက်နှင့် ဆူရက်ဂျီရောက်လာသည်။

ဇံ ခေါင်းကြီးသွားပြီး ကုန်းထသည်။ ဒါပေမဲ့ စကားတောင် မပြောနိုင်လောက်အောင် နာကျင်ခံစားနေရတာမို့ ဘာမှမပေးနိုင်။

ကိုယ့်ကိုကိုယ်တောင် အနိုင်နိုင်ဖြစ်နေရသည့် အနေအထား ဒေဝစ္စရာကို ကာကွယ်ဖို့ဆိုရာဝယ်





ဆူရက်ဂျီ ခေါင်းဆတ်ပြလိုက်တာနှင့် နယ်လ်ဆင်တို့က ဇံကို တွန်းဖယ်ကာ ဒေဝစ္စရာကို ဖမ်းချုပ်ထားလိုက်၏။

"လွှတ် လွှတ်စမ်း ငါမလိုက်ဘူး။ နင်တို့နော် လွှတ်"

ဆူရက်ဂျီက ရုန်းကန်နေသည့် ဒေဝစ္စရာကို ဂရုမစိုက်ဘဲ ဇံ့ကို ခြေထောက်နှင့်လှမ်းကန်သည်။

ခုနက ရန်ပွဲ အရှိန်နှင့်မို့ မဟန်နိုင်ဘဲ အခန်းထောင့်သို့ လွင့်စင်ကျသွားခဲ့သည်။

"ဇံ"

ဒေဝစ္စရာက ဖမ်းချုပ်ထားသူတွေရဲ့ လက်မှ အားကုန်ရုန်းကာ ဇံ ဆီ ပြေးသွား၏။

ပဓာန ကြည့်မနေနိုင်တော့ဘဲ ပြေးဝင်လာသည်။ လူတစ် ယောက်ကို ခြေထိုးခံလိုက်သည်။ အရှိန်နှင့်ဟပ်ထိုးလဲသွားတော့ ငြိမ်မထ နိုင်အောင် ဇက်ပိုးကို မရပ်အနားစိုက်ကန်ပစ်သည်။

ထိုလူ မူးမိုက်ပြာဝေသွားစဉ်မှာ နောက်တစ်ယောက်က ရိပ်ခနဲ လှုပ်ရှားသွားပြီး ဝမ်းဗိုက်ကို ခြေဖျားဖြင့်ခတ်လာသည်။

သူရှောင်တိမ်းပြီး မျက်နှာတည့်တည့်ကို ဝိတ်ကန်ပစ်လိုက် ၍ သံပဉ်အသံကလေး ရှူးခနဲ ထွက်ပေါ်လာ၏။

"ကိုကို နောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



သူလှည့်ကြည့်ပေမယ့် နောက်ကျသွားခဲ့သည်။

ခွမ်း။

ဆူရက်ကို လှမ်းပေါက်လိုက်သော ပန်းအိုးကြောင့် ဦးခေါင်းတစ်ခုလုံး ပွခနဲဖြစ်ကာ မှူးမိုက်ပြာဝေသွား၏။

မျက်နှာနှင့်ဝမ်းဗိုက်တွေ အခံမရပ်နိုင်အောင် နာကျင်ကာ သတိလစ်မတတ်ဖြစ်သွား၏။ သို့သော် ဇဲရဲ့ မျက်နှာပေါ်က သောကနှင့် ကြေကွဲမှုတွေကို မြင်ယောင်လျက် အားတင်းထားရသည်။

ကုန်းထလိုက်ပြီး သက်တော်စောင့်ကို ချည်းဖိတိုက်ခိုက်လိုက်သည်။ စိတ်ဆောင်နေတာမို့ ဝေဒနာတွေကို မေ့လျော့သွားလေသည်။

ပါမောက္ခပေမယ့် ဖိုက်တာတစ်ယောက်မို့ စိတ်ဓာတ်တက်ကြွသွားတော့ လိုက်မမီအောင်ဖြစ်သွားကြသည်။

နိုဗီ လွင့်စင်သွားတော့ ဆူရက်ကို ခုန်ဝင်လာသည်။

ဆူရက်ကို့ရဲ့ ခန္ဓာကိုယ်ကို ကြည့်ရင်း ပမာနက ဝရန်တာဘက်ရောက်အောင် တမင်တကာပဲ နောက်ဆုတ်သွားလိုက်သည်။

ဒီကောင့်ကိုတော့ တော်ရုံနှင့်လှဲသိပ်လို့မရနိုင်။

ပြီးတော့ အသက်ရှင်နေသေးသရွေ့ ဇဲတို့အိမ်တော်ရှေ့ နှောင့်ယှက်နေမှာ သေချာသည်။

ထို့ကြောင့် သူ မျက်စိစုံမှိတ်ပြီး ခုံးဖြတ်ချက်ချလိုက်၏။





သူက နောက်ကောကောကာ ဘာအနေအထားမှ ဖြစ်လာနိုင်စရာ အကြောင်းမရှိ။ သူ့အသက်ရှင်နေသမျှ ကာလတို့သည် ပြည့်စုံနှိမ်သော်လည်း အနှစ်သာရမရှိသည့်အပြင် အဓိပ္ပာယ်လည်း မရှိ။

သို့ဖြစ်၍ အခွင့်သာတုန်း သူ့အပေါ် အနှံ့တာခံပြီး တောင်းခံသည့် သူငယ်ချင်းအတွက် အနစ်နာခံလိုက်ချင်သည်။

သူကြောင့် တခဏတာ ပူဆွေးပြီး တစ်သက်တာကြည်နူးချမ်းမြေ့နိုင်ပါစေ။

"ဟိတ်"

ပမာန ဝရန်တာလက်ရန်းပေါ် ခုန်တက်လိုက်၏။

ဆူရက်ကို့က ထပ်ကြွပ်မခွာ လိုက်လာပြီး သူ့ကို ခြေထောက်ဖြင့် လှမ်းကန်သည်။

ပမာန အားပါးတရပြုံးလိုက်ပြီး ထိုခြေထောက်ကို အမိအရဆွဲကာ ခုန်ချလိုက်တော့သည်။

"အား"

"အား"

"ဝုန်း"

"ပမာန"

"အမလေး"



www.burmeseclassic.com

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်အတွင်းမှာ ငရဲပွက်သကဲ့သို့ ဆူညံသွားခဲ့သည်။

ဇံနှင့်ဒေဝစ္စရာ အပေါ်ထပ်မှ အပြေးအလွှားဆင်းလာချိန်မှာ ခြံထဲကိုရဲကားတွေ ရောက်လာခဲ့ပြီ။

သံစဉ် ဖုန်းဆက်အကြောင်းကြားလိုက်တာပဲ ဖြစ်သည်။

ပဓာနတို့အနားကို သံစဉ်သာရောက်သွားခဲ့ပြီး မြင်မြင်ချင်း မူးမိုက်လဲကျသွားလေသည်။

ထိုအချိန်မှာပဲ ဆန်းဒေးကားက ခြံထဲမောင်းဝင်လာသည်။

"ဇံ ဇံ ဘာဖြစ်တာလဲ ဘာဖြစ်ကြတာလဲ"

ဆန်းဒေး ပြူးပြူးပြာပြာ မေးပြီး ဝေ့ဝဲကြည့်လိုက်စဉ်

"ဟာ ပဓာန"

ပဓာနအဖြစ်ကို မြင်သွားကာ ပြေးပွေ့သည်။

ဇံကတော့ အနားမရောက်ခင် ရင်ထဲဆို့တက်လာပြီး [illegible] တိတ်မျက်ရည်ကျသွား၏။ ပဓာနအနား ဒူးထောက်ချလိုက်စဉ် မျက်[illegible] ထောင့်မှာ လက်ခနဲဖြစ်သွားသည်။

ကြယ်ကြွေသွားတာပဲ ဖြစ်သည်။

ဇံ ဟန်မဆောင်နိုင်တော့ဘဲ ပဓာန ခန္ဓာကိုယ်ကို ပွေ့[illegible] အသံမဲ့မျက်ရည်ကျမိသည်။





"ဇံ ဒါ ဘယ်လိုဖြစ်ကြတာလဲကွာ၊ ငါမရှိတဲ့ အခိုက်အတန့် ကလေးမှာ ဘယ်လိုဖြစ်သွားကြတာလဲ"

ဆန်းဒေး ငိုသံပါကြီးနှင့်မေးတော့ ဇံ ဘာမှမပြောနိုင်။ စကားလုံး တွေ လည်ချောင်းဝမှာ ပျောက်ကာ ဆို့ဆို့နင့်နင့်ကြီး ဖြစ်နေသည်။

ဇံ့ထံမှ ဘာသံမှ ထွက်မလာတော့ ဆန်းဒေးက ဒေဝစ္စရာကို လှမ်းကြည့်သည်။ မေးတာသိသာနေတာမို့ ဒေဝစ္စရာအတို ချုံ့ရှင်းပြ လိုက်ရသည်။

ဆန်းဒေးတက်တစ်ချက်ခေါက်ပြီး ဇံကို စိတ်ရှိလက်ရှိ ဆွဲထိုး ပစ်လိုက်သည်။ ဇံ ဖင်ထိုင်ကျသွားတော့ လက်ညှိုးငေါက်ငေါက်ထိုးရင်း

"ဒါ မင်းကြောင့် ဖြစ်တာကွ မင်းကြောင့်၊ သူမိုက်မိုက်မဲမဲ အနစ်နာခံသွားတာ မင်းသဘောပေါက်ရဲ့လား"

ဟု အက်ကွဲတုန်ယင်သံကြီးနှင့် ပြောလေသည်။

ဆန်းဒေးစကားတွေက အမှန်တွေချည်းမို့ ဇံ ခေါင်းမဖော်နိုင်။ ပြီးတော့ သူနားလည်နေတာက အပြစ်တင်လည်း ထိုစကားတွေက လေထဲမှာပဲ ပျောက်ကွယ်သွားလိမ့်မည်။

မပျောက်ကွယ်ဘဲ အမြဲတည် အုံ့မှိုင်းနေမှာက သောကနှင့် ပူဆွေးမှုတွေပါပဲ။

တမြေ့မြေ့ဆွတ်ကျင်ခံစားနေရအောင် မင်းလုပ်ခဲ့တာက[illegible]၊ ပဓာန

www.burmeseclassic.com



ရယ်။ ဘာကြောင့် ဒီလမ်းကိုရွေးချယ်ခဲ့တာလဲကွာ။ မင်းရဲ့ သစ္စာတရားကို ဒီနည်းနဲ့ပြသလိုက်တာလား။ ဒါဆိုရင် ငါ ငါကကော မင်းကို မေ့တွာမပျက်ခဲ့တဲ့ အကြောင်းဘယ်လို သက်သေပြမလဲ ဟင်။

ပဓာန ဉာဏ်ကြီးရှင်ရယ်။ မင်း ထပြီး အကြံဉာဏ်ပေးပါဦးတော့လား။

အသံတိတ် တိုင်တည်ပြီး ပဓာန ခန္ဓာကိုယ်ဆီပြေးသွားချိန် ခြေအလှမ်းမှာ

"ဇံ"

ဒေဝစ္စရာက လက်ဖမ်းဆွဲထားခဲ့သည်။

ပဓာနကို ကားပေါ်တင်ကြတော့ ဇံ ဟန်မဆောင်နိုင်ဘဲ ရှုသွင်ကျသွားပြီး

ပ ဓာ န။

အသံကုန် အော်ဟစ်လိုက်ရင်း ခန္ဓာကိုယ်ရဲ့ ဓာတ်ရာအနာတရ၊ ဝေဒနာနှင့်ရင်တွင်းမှ ဆို့နစ်မှုတို့ကြောင့် သတိလစ်သွားတော့သည်။

ဇံ လဲကျသွားတော့ ဆန်းဒေး နှင့်ဒေဝစ္စရာတို့ ပြေးထွေးသည်။ ဆန်းဒေးက စိုးရိမ်တကြီးစမ်းသပ်ကြည့်ပြီး

"တော်သေးတယ်၊ တို့က သွားပြီထင်နေတာ၊ သူတို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဆိုတော့"

ခြောက်သွေ့သွေ့လေသံနှင့်ပြောပြသည်။

ဒေဝစ္စရာရင်ထဲမှာ တဆစ်ဆစ်နာကျင်ကာငိုင်တွေသွားမိသည်။

သူတို့အတွက် ကိုယ်ဟာ နှတ်ဆိုးတစ်ယောက်လား။

ဟုတ်ကိုဟုတ်နေတာပါ။ ဒါပေမဲ့

ကြောင်ကြူပုန်မှုမဲ့သည့် သူတို့တတွေရဲ့ ဘဝထဲ မှန်တိုင်းလို ဝင်မွှေခဲ့ပြီး ကျောခိုင်းခဲ့ဖို့ မဖြစ်နိုင်တော့။ လေပြေညင်းကလေးအဖြစ် ဘဝရဲ ရှိနေမှ တရားလိမ့်မည်။

ပဓာန အသက်ပေးပြီး တည်ဆောက်ခဲ့သည့် ပေါင်းကူးတံတားလေးမကျိုးပျက်အောင် သူမကပဲ တာဝန်ယူရမည်။

ပဓာန မိုက်မိုက်မဲမဲ အနစ်နာခံခဲ့တာကို သေသည့်တိုင်အောင် တမြေ့မြေ့ခံစားနေရမည့် သူတွေကမနည်း။

သူမရယ် ဇံရယ် ဆန်းဒေးနဲ့ သံစဉ်ရယ်။

သြော် အနစ်နာခံသူက တခဏပဲ နာကျင်ပြင်းထန်ခဲ့ပေမယ့် ကျန်ခဲ့သူတွေအတွက်က တစ်သက်တာ ပူဆွေးမှုတွေနဲ့ပါလား။

ဒီလို ဖြစ်ပျက်မယ်ဆိုတာသိခဲ့ရင် ကျွန်မပဲ ။

■ ■ ■

အားလုံးအတွက်

နှတ်သီး